# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ဒုတိယဝါဆိုလပြည့် ၊ ဗုဒ္ဓဟူးနေ့ ၊ (29-7-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၉၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

## မြန်မာ-ဂျပန် စီးပွားရေးဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား



**နေပြည်တော် ဇူလိုင် ၂၈**

မြန်မာ-ဂျပန် နှစ်နိုင်ငံချစ်ကြည်ရေး ပိုမိုခိုင်မာစေရန်နှင့် မြန်မာနိုင်ငံ၏လူမှုစီးပွားကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုအသင်းနှင့် ဂျပန်နိုင်ငံ Ingo Peace တို့ပူးပေါင်းကျင်းပသည့် မြန်မာ-ဂျပန် စီးပွားရေးဖိုရမ်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (ရန်ကုန်)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

**စာမျက်နှာ ၁၈ ကော်လံ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ-ဂျပန် စီးပွားရေးဖိုရမ် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

## ကရင်ပြည်နယ်၏ ပထမဦးဆုံး EV Charging Hub (1)၊ Hub (2) ဖွင့်လှစ်


**ဘားအံ ဇူလိုင် ၂၈**

မော်တော်ယာဉ်များမှတစ်ဆင့် ကာဗွန်ထုတ်လွှတ်မှုကိုလျှော့ချရန်နှင့် သန့်ရှင်းသောစွမ်းအင်အသုံးပြုမှုကို မြှင့်တင်နိုင်ရန် ဒေသတွင်းလျှပ်စစ်ယာဉ်(EV)များကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလာကြပြီဖြစ်ရာ ကရင်ပြည်နယ်၏ ပထမဦးဆုံး EV Charging Hub(1) နှင့် Hub(2)ကို ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့၌ စတင်ဖွင့်လှစ်နိုင်ပြီဖြစ်သည်။

အဆိုပါ Charging Station များကို ကရင်ပြည်နယ်အစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေကျပ် ၁၀၆၅ ဒသမ ၄၇ သန်းဖြင့် Level-3 အဆင့်ရှိ 60 KW Charger ငါးလုံး၊ 400 KVA ထရန်စဖော်မာတစ်လုံး တပ်ဆင်ထားပြီး လျှပ်စစ်ယာဉ်(EV) ၁၀ စီး တစ်ပြိုင်တည်းအားသွင်းနိုင်သည့် Hpa-an EV Charging Hub(1) နှင့် Level-3 အဆင့်ရှိ 60 KW Charger လေးလုံး၊ 400 KVA ထရန်စဖော်မာတစ်လုံး တပ်ဆင်ထားပြီး လျှပ်စစ်ယာဉ်(EV) ရှစ်စီး တစ်ပြိုင်တည်းအားသွင်းနိုင်မည်ဖြစ်သည်။

**စာမျက်နှာ ၂၅ ကော်လံ ၁**






## တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၂၈**

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေ ဟယ်လ်ဒီယာမြို့၏ အနောက်တောင်ဘက်တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်၏အရှိန်ကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၃ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊

**စာမျက်နှာ ၂၆ ကော်လံ ၃**

**မြို့နယ်အချို့၌ လက်နက်ကိုင်အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူအချို့ သေဆုံး/ထိခိုက်ဒဏ်ရာရရှိ**

စာမျက်နှာ - ၂၆

ရတနာပုံ
၂၀၂၆ ခုနှစ် ဇူလိုင် ၂၉ ရက်

အယ်ဒီတာ့အာဘော်

# ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့) ဖြစ်သည်။ ထိုနေ့သည် မြတ်စွာဘုရားရှင်၏ ထူးကဲမြင့်မြတ်သော ဖြစ်စဉ်တော်များနှင့် တိုက်ဆိုင်သည့် နေ့ထူးနေ့မြတ်ဖြစ်သကဲ့သို့ ဗုဒ္ဓဘာသာဝင်များအတွက် ကုသိုလ်ကောင်းမှုများ ဆည်းပူးပွားများရန် အထူးသင့်လျော်သည့် အခါသမယလည်းဖြစ်သည်။ ထို့ပြင် ဝါဆိုလပြည့်နေ့သည် ဗုဒ္ဓသာသနာတော်၌ ထူးမြတ်ဂုဏ်ဒြပ်ကိုးရပ်နှင့် ပြည့်စုံသောနေ့မြတ်အဖြစ် အလေးအမြတ်ထားသတ်မှတ်ခံရသောနေ့လည်းဖြစ်ပေသည်။

ဝါဆိုလပြည့်နေ့၏ ထူးမြတ်ဂုဏ်ဒြပ်ကိုးရပ်မှာ ဂေါတမဘုရားလောင်း သန္ဓေယူတော်မူသောနေ့ဖြစ်ခြင်း၊ ဂေါတမဘုရားလောင်းတောထွက်တော်မူသောနေ့ဖြစ်ခြင်း၊ ဂေါတမမြတ်စွာဘုရားရှင် ဓမ္မစကြာတရားတော်ကို စတင်ဟောကြားတော်မူသောနေ့ဖြစ်ခြင်း၊ ရေမီးအစုံစုံတို့ဖြင့် တန်ခိုးပြာဋိဟာကို ပြသတော်မူသောနေ့ဖြစ်ခြင်း၊ ဘုရားအဖြစ်ကို ခံယူတော်မူသောနေ့ဖြစ်ခြင်း၊ တရားရတနာ စတင်ပေါ်ပေါက်သောနေ့ဖြစ်ခြင်း၊ သံဃာရတနာ စတင်ပေါ်ပေါက်သောနေ့ဖြစ်ခြင်း၊ ပုထုဇဉ်ခရီးမှ အရိယာခရီးသို့စတင်ကူးပြောင်းခွင့်ကြုံတွေ့ရသောနေ့ဖြစ်ခြင်းနှင့် မြတ်ဗုဒ္ဓ၏ဟောဘိက္ခုဟူသော စကားတော်ကို ပထမဆုံးကြားနာရသောနေ့ဖြစ်ခြင်းတို့ဖြစ်ကြပါသည်။

ဝါဆိုလသည် မြန်မာ့ဆယ့်နှစ်လရာသီအနက် ဗုဒ္ဓသာသနာတော်ကို တည်တံ့ခိုင်မြဲစေပြီး သာသနာတော်၏ အဓိကအထောက်အပံ့ဖြစ်သော သံဃာအဖွဲ့အစည်းကို ကျစ်လျစ်ခိုင်မာစေသည့် အဓိဋ္ဌာန်ကိုဆောင်သည့်အတွက် အထွတ်အမြတ်ထားရသော လတစ်လလည်း ဖြစ်သည်။ ထို့ကြောင့် ဝါဆိုလပြည့်နေ့မှစတင်သည့် ဝါတွင်းသုံးလတာကာလအတွင်း ဗုဒ္ဓဘာသာဝင်တို့သည် ထိမ်းမြားလက်ထပ်ခြင်း၊ အိမ်ပြောင်းရွှေ့ခြင်းစသည့် မင်္ဂလာအခမ်းအနားများကို ခေတ္တရပ်နားလေ့ရှိကြပြီး သက်ကြီးဝါကြီးပုဂ္ဂိုလ်များအား ပူဇော်ကန်တော့ခြင်းနှင့် ကုသိုလ်ကောင်းမှုများကို ပိုမိုဆောင်ရွက်လေ့ရှိကြပါသည်။

ထိုသို့ ထူးကဲမွန်မြတ်သော ဂုဏ်ထူးဝိသေသများနှင့် ပြည့်စုံသည့် ဝါဆိုလပြည့်နေ့မှစတင်၍ ရဟန်းတော်များသည် ဝါတွင်းသုံးလတာကာလအတွင်း အရပ်တစ်ပါးသို့ ကြွရောက်ခြင်းမပြုဘဲ မိမိတို့သီတင်းသုံးရာကျောင်းတိုက်များ၌သာ ဝါကပ်သီတင်းသုံးကြသည်။ ဝါတွင်းကာလကို ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ သတ်မှတ်ထားပြီး ထိုကာလအတွင်း ရဟန်းတော်များသည် ပရိယတ္တိနှင့် ပဋိပတ္တိတရားများကို အားထုတ်ကျင့်ကြံကာ သာသနာတော်အကျိုးကို ဆောင်ရွက်ကြသည်။

ထို့ပြင် ဗုဒ္ဓဘာသာဝင်အများစုသည် ဝါဆိုလပြည့်နေ့မှစတင်၍ ဝါတွင်းသုံးလတာကာလအတွင်း ကျရောက်သည့် ဥပုသ်နေ့တိုင်း၌ ဥပုသ်သီလဆောက်တည် စောင့်ထိန်းကြသဖြင့် နိုင်ငံတစ်ဝန်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားကျောင်းကန်များတွင် သီလဆောက်တည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့မြင်နိုင်သည်။ ထိုသည်မှာ ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားလျက်ရှိကြောင်းကို ထင်ဟပ်ဖော်ပြနေသည့်ကောင်းမွန်သော မြင်ကွင်းတစ်ရပ်လည်းဖြစ်သည်။

သို့ဖြစ်ရာ ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့သည် မြတ်ဗုဒ္ဓ၏ထူးကဲမွန်မြတ်သော နေ့ထူးနေ့မြတ်ဖြစ်သကဲ့သို့ ဗုဒ္ဓဂုဏ်တော်များကို အာရုံပြု၍ သဒ္ဓါတရားတိုးပွားစေကာ ကောင်းမှုကုသိုလ်များကို ဆည်းပူးဆောင်ရွက်ရမည့်အခါသမယဖြစ်သည်။ ရခဲလှသော လူ့ဘဝကို ရရှိထားကြသည့် ဗုဒ္ဓဘာသာဝင်များအနေဖြင့် ယခုကျရောက်သော ဝါဆိုလပြည့်နေ့တွင် ဗုဒ္ဓ၏ဂုဏ်တော်များကို အာရုံပြုကာ ကောင်းမှုကုသိုလ်တရားများ ပိုမိုပွားများဆောင်ရွက်၍ ဥပုသ်သီလများကို စောင့်ထိန်းကျင့်သုံးနိုင်ကြစေရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းရေးသားအပ်ပါသည်။

## ချမ်းအေးသာစံမြို့နယ် မြန်မာနိုင်ငံဆရာဝန်အသင်း၌ အသည်းရောင်ဘီပိုး ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် စစ်ဆေးခြင်းများဆောင်ရွက်

**မန္တလေး ဇူလိုင် ၂၈**

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အသည်းရောင်ရောဂါပညာဌာနမှ ကြီးမှူးကာ "ကမ္ဘာ့အသည်းရောင်ရောဂါနေ့" အထိမ်းအမှတ် အသည်းရောင်ဘီပိုး ကာကွယ်ဆေး အခမဲ့ထိုးနှံပေးခြင်းနှင့် အသည်းရောင်ဘီပိုး ရှိ၊ မရှိ အခမဲ့စစ်ဆေးပေးခြင်း အခမ်းအနားကို ချမ်းအေးသာစံမြို့နယ် မြန်မာနိုင်ငံဆရာဝန်အသင်းရှိ ရတနာပုံခန်းမ၌ ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌ ဒေါက်တာခင်မောင်ကျော်၊ ဆေးတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ် ပါမောက္ခဒေါက်တာမျိုးသက်တင်၊ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၊ အသည်းရောဂါပညာဌာန ပါမောက္ခဌာနမှူး ပါမောက္ခဒေါက်တာသန္တာထွန်းနှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားတွင် အသည်းရောဂါပညာဌာန ပါမောက္ခ၊ ဌာနမှူး ပါမောက္ခဒေါက်တာ သန္တာထွန်းက အသည်းရောင်ရောဂါနှင့် ပတ်သတ်သည့် ကျန်းမာရေးအသိပညာပေး အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ ဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌ ဒေါက်တာ ခင်မောင်ကျော်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အသည်းရောင်ရောဂါပညာဌာနက လူဦးရေ ၃၀၀ ခန့်ကို အသည်းရောင်ဘီပိုး ကာကွယ်ဆေး အခမဲ့ထိုးပေးခြင်းနှင့် အသည်းရောင်ဘီပိုး ရှိ၊ မရှိ အခမဲ့စစ်ဆေးပေးခြင်းကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့မောင်**

## ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၅၄၆၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဒီပဲယင်း ဇူလိုင် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၅၄၆၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၃၆၁၄၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၅၄၆၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ မြေပဲဧက ၃၆၁၄၀ လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ၃၅၄၆၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြတ်မွန်က ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းရမည် ဖြစ်ကြောင်း ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြတ်မွန်က ပြောပြ၍ သိရသည်။

(၂၀၆)

## လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးသလောက်ပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့



**လပွတ္တာ ဇူလိုင် ၂၈**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးသလောက်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် မေလအတွင်းက ငါးသလောက်ပိဿာချိန် ၃၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ငါးသလောက်ပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချ နိုင်ခဲ့ကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း ငါးသလောက်ပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်ကနေ တင်ပို့တဲ့ ငါးသလောက်တွေကို ရန်ကုန်ဈေးကွက်ကနေ အခြားဒေသတွေကို ပြန်လည်တင်ပို့ရောင်းချနေပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးသလောက် အသေးတစ်ပိဿာလျှင် ငွေကျပ် ၂၂၅၀၀၊ အလတ်တစ်ပိဿာလျှင် ငွေကျပ် ၂၉၅၀၀ မှ ၃၅၅၀၀၊ အကြီးတစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀၀ မှ ၇၅၀၀၀ ထိ အရွယ်အစားအပေါ်မူတည်ကာ ဈေးနှုန်းအပြောင်းအလဲရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# သာစည်မြို့နယ် ကျည်းကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သာစည် ဇူလိုင် ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တမာကုန်းကျေးရွာအုပ်စု ကျည်းကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်း အကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်က အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် တာဝန်ရှိသူများက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၂ ဒသမ ၄ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကျည်းကန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၈ ဦးကို ရန်ပုံငွေကျပ် ၃၂ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**




မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မိုးကုတ်မြို့နေ ဦးဇော်လွင်ဦး-ဒေါ်ချိုချိုမြင့် မိသားစုက ဖခင်နှင့်မိခင်တို့အားရည်စူး၍ ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ ဆေးရုံအုပ်ကြီး ဒေါက်တာဦးမြတ်ကျော်၊ ဆွမ်းကွမ်းအဖွဲ့တို့က လက်ခံရယူစဉ်။

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၂၃၂၆၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဇူလိုင် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၂၃၂၆၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၉၀၂၄ ဧကနှင့်ဖူးစားပြောင်း ၄၇၂၅ ဧက စုစုပေါင်း ၂၃၇၄၉ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် အစေ့ထုတ်ပြောင်း ၁၈၇၇၇ ဧကနှင့် ဖူးစားပြောင်း ၄၄၈၄ ဧကစုစုပေါင်း ၂၃၂၆၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ၂၃၇၄၉ ဧက စိုက်ပျိုးဖို့ အတွက်လျာထားပါတယ်။ ဒီနေ့ထိ ၂၃၂၆၁ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်း အောင်မြင်ဖို့အတွက် ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ပြောင်းစိုက်ပျိုးရာမှာ အစေ့ထုတ်ပြောင်း တစ်ဧကလျှင် တင်း ၅၀ ကျော်ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ်ငါးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ ဖူးစားပြောင်း တစ်ဧကလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ကျော် ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ်ငါးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။ **(၂၀၆)**

# ဖျာပုံမြို့နယ် လက်ပံကျေးရွာ၌ ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ဖျာပုံ ဇူလိုင် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လက်ပံကျေးရွာအုပ်စု လက်ပံကျေးရွာ၌ ကုန်ထုတ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုများကို ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထက်အောင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြတ်နှင့် တာဝန်ရှိသူများက လက်ပံကျေးရွာ၌ ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်နှင့် အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်သွားရန် ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ လက်ပံကျေးရွာ၌ အရှည် တစ်မိုင် လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် မြေသားနှစ်ပေ၊ ဂဝံမြေနီ ကိုးလက်မရှိ ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၃၇၁ ဒသမ ၂ သန်းဖြင့် Green Treasure Land ကုမ္ပဏီက ဇွန် ၁၂ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြတ်ထံမှ သိရသည်။

**တေဇာလင်း**

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း လယ်ကဏန်းပိဿာချိန် ၄၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း ဇူလိုင် ၂၈**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း လယ်ကဏန်းပိဿာချိန် ၄၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုထွေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မေလအတွင်းက လယ်ကဏန်းပိဿာချိန် ၃၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း လယ်ကဏန်းပိဿာချိန် ၄၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ လယ်ကဏန်းများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချနေတဲ့ လယ်ကဏန်းတွေက ဒေသထွက် လယ်ကဏန်းတွေပါ။ လယ်ကဏန်းတွေအပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ဇွန်လထဲမှာကို လယ်ကဏန်းပိဿာချိန် ၄၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ လက်ရှိမှာလဲ ဒီဘက်ကနေတင်ပို့ရောင်းချတဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ လယ်ကဏန်းတွေ အဝယ်လိုက်နေတာက ပြည်တွင်းလိုအပ်ချက်နဲ့ ပြည်ပဈေးကွက်ရှိလာတာကြောင့်လို့သိရပါတယ်။ လယ်ကဏန်းတွေ ဝယ်ယူအားကောင်းလာတော့ လယ်ကဏန်း မွေးမြူရေးလုပ်ငန်းရှင်တွေ၊ ရေလုပ်သားတွေနဲ့ သဘာဝအတိုင်းလယ်ကဏန်းရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုထွေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ လယ်ကဏန်းများအပါအဝင် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချလျက်ရှိကြောင်း၊ တင်ပို့ရောင်းချနေသည့် လယ်ကဏန်းတစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀မှ ၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# "၁၁၁"နှစ်ပြည့် ဓမ္မစကြာမဟာဋီကာသစ်ကျမ်းကြီး

(မဟာသဒ္ဓမ္မဇောတိကဓဇ)
ဦးအမ်းယုမောင်



**နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ပါး စုံညီ ပဥ္စမအစည်းအဝေး ပထမနေ့ကျင်းပ**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါး စုံညီ ပဥ္စမအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။ အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက ဆရာတော်အဘိဇဓမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသအမှူးပြုသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် တိုင်းဒေသကြီး၊ ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။ အစည်းအဝေးမစတင်မီ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ မိသားစုက လှူဒါန်းသည့် ဓမ္မစကြာမဟာဋီကာသစ်ကျမ်းကြီးနှင့် ဗုဒ္ဓဝါဆိုစဉ် စာအလင်္ကာများစာအုပ်တို့ကို ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းသည်။

ထိုနေ့ပင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တ သိရီကဥ္စနာဘိဝံသက လူထုစာမျက်နှာ (Facebook) ပေါ်တွင် ထိုဓမ္မစကြာမဟာဋီကာသစ်ကျမ်းကြီးနှင့် မောင်လူမွေး(မြန်မာမှု)၏ ဗုဒ္ဓဝါဆိုစဉ် စာအလင်္ကာများ စာအုပ်တို့ကို ချီးကျူးအနုမောဒနာပြု၍ ရေးသားဖော်ပြထားသည်ကို တွေ့ရပါသည်။ တွဲဖက်အကျိုးတော်ဆောင် ဝိဘဇ္ဇဆရာတော်က ဆရာတော်ဦးဗုဓ်ရေးသော ဓမ္မစကြာမဟာဋီကာ စာအုပ်ရှိကြောင်း မိန့်သည်။ မိမိမှာကား မတွေ့ရဘူးသေးကြောင်းဖော်ပြထားသည်ကိုလည်း တွေ့ရသည်။ ဓမ္မစကြာမဟာဋီကာသစ်ကို ရှေးရိုက်ဆိုဒ်တိုအနေဖြင့်သာ ဖတ်ဖူးကြောင်း၊ ယခု မြဝတီပုံနှိပ်တိုက်မှ ရိုက်သော စာအုပ်ကို ဖတ်ရှုရတာ အထူးစိတ်ချမ်းသာရပါကြောင်း ရှေးစာဆိုများ၏ ဗုဒ္ဓဝါဆိုစဉ်စာအုပ်ကိုကား မမြင်ဘူး၊ မဖတ်ဘူးသေးကြောင်းနှင့် ဤကဲ့သို့ ရှားပါးစာပေမျိုးများကို သာသနာတော်အတွက် ရှေးရှု၍ဆက်လက်ဖော်ထုတ်သင့်ကြောင်း **ကောင်းမှုရှိမှ တောင်းဆုပြည့်သည်**ဟုခေါင်းစဉ်ဖြင့် ရေးသားထားသည်ကို တွေ့ရပါသည်။

မြဝတီစာပေတိုက်မှ ထုတ်ဝေသောစာအုပ်များသည် များသောအားဖြင့် ဂန္ထဝင်မြောက်စာပေများဖြစ်ကြသည်။ ထိုစဉ်က သာသနာရေးဒုတိယဝန်ကြီး ဦးအေးထွန်းက ပြည်ထောင်စုဖောင့်ဖြင့် ကွန်ပျူတာစာစီရန် ညွှန်ကြားချက်သည်လည်း ခေတ်စနစ်အရ စာအုပ်၏ကောင်းခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း ဆရာတော်နှင့် ဖုန်းဆက်ဖြစ်သောအခါ လျှောက်ထားရသည်။ ထို့အတူ အခြား ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ် စာပေပညာရှင်များထံမှလည်း ချီးကျူးရေးသားသည်ကို တွေ့ရပေသည်။

ဤကျမ်းကိုပြုစုခဲ့သောနှစ်မှာ ကောဇာသက္ကရာဇ် ၁၂၇၆ ခုနှစ်က ဖြစ်ပေသည်။ ထိုကျမ်းကို ၁၃၈၇ ခုနှစ် သကြံန်မတိုင်မီ သာသနာရေးဝန်ကြီးဌာနနှင့် မြဝတီစာပေတိုက်မှဆက်စပ်၍ စီစဉ်ပုံနှိပ်ခဲ့သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုကျမ်းကြီးပြီးသည့် နှစ်ပေါင်း ၁၁၁ နှစ်တွင် နိုင်ငံတော်အဆင့်ပုံနှိပ်ထုတ်ဝေမှုအဖြစ် ရောက်ရှိလာခဲ့သည်။

သို့ဖြစ်ပါ၍ မြဝတီဆရာတော်ဘုရားကြီး၏ ရေးသားတော်မူအပ်သော ဓမ္မစကြာမဟာဋီကာသစ်ကျမ်းကြီး၏ အကြောင်းခြင်းရာများကို အကျဉ်းချုပ်၍ မုဒိတာပွား ဖော်ပြအပ်ပါသည်။

ဗုဒ္ဓဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့တွင် ဘုရားအဖြစ်သို့ ရောက်ခဲ့သော်လည်း လောကကြီးတစ်ခုလုံးကို ဘုရားဖြစ်ကြောင်း ဝန်ခံပြောကြားခြင်းကိုမူ ဝါဆိုလပြည့်နေ့ ညချမ်းသမယပဥ္စဝဂ္ဂီတို့အား တရားဦးဓမ္မစကြာကို ဟောကြားသည့်အချိန်မှ စတင်ခဲ့သည်။ ၎င်းကို မော်ကွန်းအမှတ်ပြုကာ "ဗုဒ္ဓအစ ဓမ္မစကြာက၊ ဓမ္မ(ပိဋက)အစ ဓမ္မစကြာက၊ သံဃအစ(ပဥ္စဝဂ္ဂီ)ဓမ္မစကြာက"ဟု ပြောစမှတ်ပြုလာကြသည်။

ထေရဝါဒ – မဟာယာန စသည်ဖြင့် ဗုဒ္ဓဘာသာဂိုဏ်းဂဏများ မည်သို့ပင် ကွဲပြားသော်ငြား ဂိုဏ်းအားလုံးတွင် တရားဦးဓမ္မစကြာသည် ပါမြဲဖြစ်သည်။ ပိဋကတ်တော်လာ အချို့သောသုတ္တန်ဒေသနာများသည် နိုင်ငံအလိုက် ဗုဒ္ဓဘာသာဂိုဏ်းဂဏအချို့အလိုက် ကွဲပြားမှုများရှိကြသည်။ ဓမ္မစကြာတရားတော် (ဓမ္မစက္ကပဝတ္တနသုတ္တန်)ကမူ နိုင်ငံ၊ လူမျိုး၊ ဂိုဏ်းဂဏ မည်သို့ပင်ကွဲပြားစေကာမူ တူညီမှုရှိကြောင်းကို ဗုဒ္ဓစာပေသုတေသီများ၏ မှတ်ချက်အရ သိရသည်။

မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာဖြစ်ပေါ်လာခဲ့သော အနော်ရထာမင်းကြီးလက်ထက် အေဒီ ၁၁ ရာစုမှ ယနေ့ ၂၁ ရာစုတိုင် ဗုဒ္ဓဘာသာနိုင်ငံအနေဖြင့် တည်တံ့ခိုင်မြဲနေဆဲဖြစ်သည်။ ဗုဒ္ဓတရားတော်များကို ပျူခေတ်၊ ပုဂံခေတ်အစောပိုင်းတွင် ရေးထိုးဖော်ပြကြသော အကြောင်းအရာများမှာ (ယေဓမ္မာ ဟေတုပ္ပဘဝါ အစရှိ...) ဂါထာများကိုလည်းကောင်း (ပျူခင်ဘကုန်းရွှေပေလွှာ၊ အနော်ရထာမင်းကြီးကိုယ်တိုင် ပြုလုပ်တော်မူသော အုတ်ခွက် ဘုရားပုံတော် စသည်...) ဓမ္မစကြာပါဠိတော်များကိုလည်းကောင်း တွေ့ရသည်။

ဓမ္မစကြာတရားတော်ကို ရေးထိုးဖော်ပြသော အစောဆုံးတွေ့ရသည့် ကျောက်စာမှာ ပုဂံခေတ် သက္ကရာဇ် ၄၉၂ ခုနှစ် (အေဒီ- ၁၁၃၀)ထိုး ရွှေဂူကြီးဘုရားကျောက်စာတွင် တွေ့ရပေသည်။ ရေးထိုးသူမှာ အလောင်းစည်သူမင်းဖြစ်သည်။ ၃၅။ ပဉ္စဝဂ္ဂိယ ထေရာနံ၊ ဓမ္မစက္ကပ္ပဝတ္တနံ၊ ဒေသယိတွာနံ၊ ပါပေသိ သဗ္ဗေမရဏံသဟ။၃၆။အညာသိကောဏ္ဍညထေရေန နိဗ္ဗာနပဒမုတ္တမံ။ တထေဝါဟံပိ ဒေသေယျံ ဓမ္မစက္ကပ္ပဝတ္တနံ(မူလကျောက်စာ အက္ခရာအတိုင်း)စသည်ဖြင့် ပါဠိဘာသာနှင့် ရေးထိုးထားလေသည်။ တရားသံဝေဂလွှမ်းသော ကျောက်စာဖြစ်သည်။ (နိဂုံးတွင် ဘုရားတည်သောနှစ်နှင့် ပြီးစီးသောနှစ်ကို အိန္ဒိယနိုင်ငံသုံး သက္ကတနှစ်ဖြင့်လည်းကောင်း၊ သက္ကတဘာသာဖြင့်လည်းကောင်း ရေးထိုးနိဂုံးချုပ်ထားခြင်းမှာလည်း ထူးခြားလှပေသည်။)

"ကျွန်ုပ်သည် ထိုကောင်းမှုကံကြောင့် ပြန့်ပြောစွာသော ဤလူ့ပြည်ကိုလည်းကောင်း၊ နဂါးပြည် ဂဠုန်ပြည်ကိုလည်းကောင်း၊ နတ်ဗြဟ္မာ အသူရာမာရ် နတ်အဖြစ်ကိုလည်းကောင်း၊ အလုံးစုံသော တန်ခိုးဣဒ္ဓိပါဒ်နှင့်ပြီးသော လူမင်းအဖြစ်ကိုလည်းကောင်း မတောင့်တလိုပေ။ မြတ်စွာဘုရား၏ တပည့်သားသာဝကအဖြစ်ကိုလည်း မတောင့်တလိုပေ။ သံသရာရေအလျဉ်ကို ဖြတ်တောက်လျက် တံတားပြုလုပ်ပြီးလျှင် သံသရာ ဝဲသြဃ၌ နစ်မြုပ်နေကြသော သတ္တဝါအပေါင်းတို့အားကယ်တင်၍ နိဗ္ဗာန်သို့ရောက်စေအံ့။ သံသရာမှကူးမြောက်ပြီးသော ကျွန်ုပ်သည် သံသရာရေအလျဉ်ကြောတွင် မျောပါနေကြသောလူအပေါင်းတို့အား ကူးမြောက်စေအံ့၊ ကျွန်ုပ်သည် သစ္စာလေးပါးသိမြင်သော ဘုရားဖြစ်၍ ထိတ်လန့်ဖွယ် အိပ်မောကျနေသော လူအပေါင်းတို့အား နိုးကြားစေလတ္တံ့။ ရာဂမီးတောက်လောင်နေချိန်၌ ငြိမ်းအေးသွားလျှင် အနှောင်အဖွဲ့မှ လွတ်မြောက်လတ္တံ့။ သဒ္ဓမ္မတရားနှင့်ပြည့်စုံသည်ဖြစ်၍ ရာဂ၊ ဒေါသ စသောအပြစ်အနာအဆာများ ငြိမ်းသွားသည်ရှိသော် သတ္တဝါအပေါင်းတို့ကိုလည်း ငြိမ်းအေးစေအံ့။ မိမိကိုယ်၌ ဖြစ်ဆဲ၊ ဖြစ်လတ္တံ့ဖြစ်သော လောဘ၊ ဒေါသ၊ မောဟ တရားတို့သည်လည်းကောင်း၊ အကုသိုလ်တရားတို့သည်လည်းကောင်း အခါခပ်သိမ်း ချုပ်ငြိမ်းသွားပါစေသတည်း..."ဟူသော အကြောင်းအရာ ဖြစ်ပေသည်။

ထိုသို့ရေးထိုးထားရာ ဓမ္မစကြာသုတ္တန်တရားတော်တစ်ခုလုံးကို ရေးထိုးထားခြင်းမဟုတ်ဘဲ မိမိအတွေးဖြင့် ရောပြွမ်း၍ တရားတော်လာ အကြောင်းအရာများကို မည်သို့မည်ပုံ နားလည်၍ ကျင့်သုံးသည်။ လောကသားများလည်း ထိုသို့ကျင့်သုံးပါက ငြိမ်းချမ်းမှုရရှိမည် စသည်ဖြင့် (အသုံးချတရားတော်အဖြစ်) ရေးထိုးထားသည်ကို ပြောလိုရင်းဖြစ်ပေသည်။

သက္ကရာဇ် ၅၄၁ ခုနှစ်ရေးထိုး တိုင်းချွတ်ဘုရားကျောက်စာ၊ သက္ကရာဇ် ၅၆၃ ခုနှစ်ရေးထိုး သင်ကြီးညောင်ဥပ် ကျောက်စာတို့တွင် ဓမ္မစကြာတရားကို ဟောရန်တောင်းဆိုမှု၊ နာကြားရမှု စသည်များကို ရေးထားသော်လည်း အလောင်းစည်သူမင်းကြီးကဲ့သို့ ဓမ္မစကြာတရားတော်ကို အသုံးချတရားတော် (Applied Buddhist Literature) (ကျင့်သုံးနေထိုင်မှုအဖြစ် ရေးထိုးမှုမျိုးမဟုတ်ပေ။

ထေရဝါဒနိုင်ငံများ၌ ရေးယခင်မှသည် ယနေ့တိုင်ပင် ဓမ္မစကြာတရားတော်ကို ရှေးရှေးသော ရဟန်းပညာရှိ၊ လူပညာရှိကြီးများသည် အဋ္ဌကထာ၊ ဋီကာ၊ အနု၊ မဓု၊ ဂဏ္ဌိအနေဖြင့်လည်းကောင်း၊ နိဿယနက်အနေဖြင့်လည်းကောင်း၊ ဘာသာပြန်အနေဖြင့်လည်းကောင်း အသီးသီးရေးသားဖွင့်ဆိုခဲ့ကြပါသည်။ နောင်လည်း ဖွင့်ဆိုကြပါလိမ့်ဦးမည်။ သို့သော် မြဝတီဆရာတော်ကြီး၏ ဤ "ဓမ္မစကြာမဟာဋီကာသစ်ကြီး"ကဲ့သို့ အကျယ်တဝင့် ဖွင့်ဆိုမှုပြုထားသော ကျမ်းကိုမူ လက်လှမ်းမီသလောက် မတွေ့ဖူးဘူးဟု ဆိုချင်သည်။

ဤ ဋီကာနှင့်ဆက်စပ်၍ "ဋီကာသစ်" ဟုဆိုထားရာ ဋီကာဟောင်းများရှိလေသလောဟုတွေးမိ၍ ဆဋ္ဌတိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ရေစကြိုဆရာတော် (ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ)ကို လျှောက်ထားကြည့်ရာ ဤသို့မိန့်ဆိုသည်ကို နာကြားခံယူရရှိခဲ့ပါသည်။ "ဓမ္မစကြာနှင့်ဆက်စပ်ပါက ဝိနည်းမဟာဝါပါဠိတော် အဋ္ဌကထာဋီကာအဖွင့်၊ သံယုတ်ပါဠိတော် အဋ္ဌကထာဋီကာအဖွင့်၊ ပဋိသမ္ဘိဒါမဂ္ဂပါဠိတော် အဋ္ဌကထာဋီကာအဖွင့်၊ သာရတ္ထဒီပနီဋီကာ ဝိမတိဝိနောဒနီဋီကာတို့မှာ ဓမ္မစကြာနှင့်ဆက်စပ်၍ ရှင်းလင်းချက်များရှိသည်။ ဤပါဠိတော် အဋ္ဌကထာများတိုက်ရိုက်ဆက်စပ်၍ဖွင့်ဆိုသော ဋီကာကြီးများကို ဋီကာဟောင်းဟု မယူရ။

ရှေးဆရာတော်ကြီးများ၊ လူပုဂ္ဂိုလ်များ ရေးသားပြုစုတော်မူခဲ့ကြသော ဓမ္မစကြာအဖွင့်များကိုသာလျှင် ဓမ္မစကြာဋီကာဟောင်းဟု ယူဆရန်ဖြစ်ကြောင်း၊ ဥပမာ- ဆရာတော်ဦးဗုဓ်၏ ဓမ္မစကြာနိဿယ၊ လယ်တီပဏ္ဍိတဦးမောင်ကြီး၏ ဓမ္မစကြာအဖွင့်၊ သာသနာ့အလင်းရောင် ဦးဖေမြင့်၏ ဓမ္မစကြာပျို့ စသည့်စာပေများကိုသာ ယူဆသင့်ကြောင်း မိန့်ပါသည်။" ဤကျမ်းမှာ "မဟာဋီကာသစ်ကျမ်းကြီး" ဟုဆိုသော ဝိသေသနှင့်အတူ ကြီးကျယ်ခံ့ညားသော အကျယ်တဝင့်ဖွင့်ဆိုမှုများကို အခန်းလိုက်တွေ့ရမည် ဖြစ်ပါသည်။

အလောင်းစည်သူမင်းကြီး၏ ရွှေဂူကြီးဘုရားကျောက်စာတွင် ပါဝင်သော ဓမ္မစကြာတရားသဘောသည် လောကုတ္တရာ အသိကိုလည်းကောင်း၊ လောကီဆိုင်ရာ ဗဟုသုတများကိုလည်းကောင်း ရရှိသကဲ့သို့ ဤဓမ္မစကြာဋီကာသစ်ကြီးသည်လည်း လောကီလောကုတ္တရာ နှစ်ဖြာအတွက် ပညာဗဟုသုတပေးစွမ်းနိုင်သည်ကို ကျမ်းရှုသူများ သိရှိပါလိမ့်မည်။

ပုဂံခေတ်တစ်လျှောက် ဓမ္မစကြာနှင့်ဆက်စပ်သော အကြောင်းအရာများကို ရေးသားခဲ့ကြသော မင်စာ၊ ကျောက်စာများ ရှိခဲ့ကြသည်။ သို့သော် ရွှေဂူကြီးကျောက်စာကဲ့သို့ ဓမ္မစကြာဆိုင်ရာနှင့် ဆက်စပ်၍ အခြားကျောက်စာများသည် ပေါ်လွင်မှု ဤမျှမရှိခဲ့ဟု ဆိုရမည်။ ရေးထိုးသောပုဂ္ဂိုလ်၊ ရေးထိုးသော အကြောင်းအရာ ထူးခြားကောင်းမွန်၍ ထိုကျောက်စာသည် ရေရှည်တည်တံ့ခိုင်မြဲ ထင်ရှားသလို ဤဓမ္မစကြာဋီကာသစ်ကျမ်းကြီးသည်လည်း ကျမ်းပြုသောပုဂ္ဂိုလ်၊ ကျမ်းပြုသည့်အကြောင်းအရာ စသည်တို့ကြောင့် မြုပ်ကွယ်နေသော်လည်း တစ်ဖန်ပြန်၍ ငွားငွားစွင့်စွင့် ပေါ်ပေါက်လာရသည်ဟု ဆိုချင်သည်။

ကျမ်းရေးသားပုံမှာ အမေးအဖြေပုံစံမျိုးဖြင့် ရေးသားထားခြင်းဖြစ်သည်။ အမေးအဖြေ အပိုဒ်ပေါင်း ၉၂၀ ရှိရာ အကြောင်းအရာအလိုက် စိတ်ဝင်စားဖွယ် မှတ်သားဖွယ်ရာများ ရောပြွမ်းလျက်ရှိသည်။ အကြောင်းအရာတစ်ခုကို ရှင်းပြရာ၌ မူလပါဠိပုဒ်ဝေါဟာရမှဆက်စပ်၍ ရည်ညွှန်းကျမ်းများကို

စာမျက်နှာ ၅ သို့ á

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၃၅၀၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကနီ ဇူလိုင် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၃၅၀၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၃၉၁၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၃၅၀၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကနီမြို့နယ်မှာ နှမ်းဧက ၃၉၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၅၀၀၀ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်"ဟု ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စောသန္တာနွယ်က ပြောပြသည်။

ကနီမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်မှန်ကန်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေး လျက်ရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စောသန္တာနွယ်က ပြောပြ၍ သိရသည်။ (၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

ညွှန်းသွားရာ နိကာယ်ငါးရပ်လာ ပါဠိတော်များအဖွင့် အဋ္ဌကထာ၊ ဋီကာ၊ သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဝိနည်း၊ အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ် စသည်မှသည် ဘာသန္တရကျမ်းများအထိကိုပါ ညွှန်းဆိုပြသွားရာ ပညာဗဟုသုတလိုလားသူများအတွက် ရည်ညွှန်းပါဌ်များအဖြစ် အလွယ်တကူ ဆက်စပ်ရှာဖွေရနိုင်ပေသည်။

- သံသေဒဇဖြစ်သော သတ္တဝါများကိစ္စ၊
- ရုပ်အိုပုံအရွယ် ၁၀ ပါး၊
- အနာမျိုး ၉၆ ပါးအပြား၊ (ပိဋကတ်တော်လာနှင့် သာရကောမုဒီ၊ မဓုကောသကျမ်း၊ ဘာဝပ္ပကာသကျမ်းသုဿတကျမ်း စသည့် ဆေးကျမ်းများနှင့် ညှိနှိုင်းတိုက်ဆိုင်၍ ခွဲခြားမှုများ)
- သေဆုံးခြင်းနှင့် သေသည်၏အခြားမဲ့ကိစ္စရပ်များ၊ (ဝိညာဉ်ကူးပြောင်းမှု)
- အကုသိုလ်ကံကို ဉာဏ်ဝီရိယဖြင့် တားနိုင်၊ မတားနိုင်၊
- အမျှဝေ၍ရနိုင်၊ မရနိုင်၊ ဗုဒ္ဓဘာသာမဟုတ်သော တိုင်းပြည်နိုင်ငံလူများတွင် ထိုအကြောင်းအရာများနှင့် ဆက်စပ်၍ဖြစ်နိုင်၊ မဖြစ်နိုင်၊
- နိဗ္ဗာန်အကြောင်းခြင်းရာများ၊
- ရဟန္တာအကြောင်းခြင်းရာများ၊
- ပဋိသန္ဓေနေခြင်းကို ယနေ့ခေတ်ဆေးပညာရှင်များ လက်ခံမှုနှင့် ပိဋကတ်တော်လာ အကြောင်းအရာများ၊
- အဟေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ ယူဆပုံများ၊
- ဝန်ချတောင်းပန်၍ အပြစ်ပြေ၊ မပြေ၊ (တောင်းပန်၍ အပြစ်ကျေခြင်း)
- နတ်ကိုးကွယ်မှုအတွက် သရဏဂုံ ပျက်၊ မပျက်၊
- လူသားများ၏ အကုသိုလ်စိတ်များကြောင့် လောကကြီးခေတ်ဖောက်ပြား၍ ကပ်ကြီး သုံးပါးဆိုက်ပုံ အခြင်းအရာများ စသည်များကို ဖွင့်ဆိုရေးပြထားရာ စွယ်စုံကျမ်းကြီးကို ကြည့်နေရသကဲ့သို့၊ အဘိဓာန်ကျမ်းကြီးကို ကြည့်နေရသကဲ့သို့ စာပေရသကို ခံစားရသည်။ ခံစားရမည်။

မြန်မာစာပေလောကတွင် မုံရွေးဇေတဝန်ဆရာတော်၏ သမန္တစက္ခုဒီပနီ၊ ကျီးသဲလေးထပ်ဆရာတော်နှင့် ကြီးကန်ရှင်ကြီး၏ စွယ်စုံကျော်ထင်ကျမ်း၊ လုံးတော်ဆရာတော်၏ ပဏ္ဏိဏ္ဏက ပုစ္ဆာဝိသဇ္ဇနာကျမ်း၊ မန်လည်ဆရာတော်နှင့် မင်းကွန်းဆရာတော်တို့၏ သတဒီပကပုစ္ဆာကျမ်း စသည်တို့သည် ပိဋကတော်လာ အကြောင်းအရာများ အနက်ခက်ရာခက်ဆစ်များကို မေးဖြေထားရာ အလွန်ထင်ရှားလှပါ၏။

မြဝတီဆရာတော်ကြီး၏ ဤမည်သော "ဓမ္မစကြာ မဟာဋီကာသစ်ကျမ်းကြီးသည်လည်း အထက်ဖော်ပြပါ ကျမ်းစာများကဲ့သို့ လောကီလောကုတ္တရာ အကြောင်းအရာများကို သိရှိပေးစွမ်းနိုင်မည်ဟု ယုံကြည်မိပါကြောင်း ညွှန်းဆိုအပ်ပါသတည်း။

## ဝါဆိုလပြည့်ထူးသည့်နေ့

- ဝါဆိုကာလ ချိန်ကျပြီဆိုလျှင်
ရာသီကရကဋ်ပန်းမြတ်တော်ဝင်
ပြုဗ္ဗာတူယှဉ်ကောင်းကင်တစ်ခွင်လုံး
မဖုံးမြူတိမ်ကင်းလို့ငြိမ်
ဝင်းထိန်ဝဋ္ဋာမဆုံးသည်နှင့်လေး။

- ရောင်စုံပွင့်တုန်း မဆုံးပန်းခင်းမှာ
ခူးယူသီကုံး နှလုံးရင်တွင်းသာ
ကပ်လှူကြတာ လန်းဖြာစေကြောင်း
မိတ်ပေါင်းအဖော် အတူပျော်
ပူဇော်ခဝပ်ညောင်းသည်နှင့်လေး။

- ရာသီခါပြောင်း နွေနှောင်းဝသန်
ယုဂန်ဘွေစွန်း ငွေဝန်းသော်တာဟန်
ဝင်းထိန်ဝါဖန်အမှန်သူလွှမ်း
နွေနှောင်းမိုးရွာ သည်းအူမှာ
ကြည်သာရွှင်ပြလန်းသည်နှင့်လေး။

- ဘယ်ဆီမျှော်မှန်း အလွမ်းတွေပို
မိုးသံထစ်ချုန်း ခြိမ့်အုံးရွာဆဲကို
စိမ်းရောင်ကစိုအလှပိုလျက်
မိုးရွာသည့်ခါ ရင်တွင်းမှာ
သိမ့်ကာတုန်လျက်အနေခက်သည်နှင့်လေး။

- ရေးအစဉ်အဆက် ကောင်းကွက်ကိုရှာ
ဝါဆိုလပြည့် ချမ်းမြေ့လွန်သာယာ
ဓမ္မစကြာ ထူးစွာဟောကြား
တရားနတ်စည် ဆော်ယွန်းမြည်
ရွှင်ကြည်ချမ်းမြေ့သွားသည်နှင့်လေး။

- လမ်းမှားသိမြင်ရှောင်ကြဉ်ရတော့မည်။
- မှန်းထားကြည့်လျှင် နောင်အစဉ်လှတော့သည်။

**ဘိုမျိုး(ရွှေဘို)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## ရုရှားသမ္မတပူတင်နှင့် အာမေးနီးယားဝန်ကြီးချုပ်တို့ ဖုန်းခေါ်ဆိုဆွေးနွေး



**မော်စကို ဇူလိုင် ၂၈**

အာမေးနီးယား ဝန်ကြီးချုပ် နီကိုးလ်ပါရှင်ယန်သည် ဇူလိုင် ၂၇ တွင် ရုရှားသမ္မတ ပူတင်နှင့် ဖုန်းခေါ်ဆိုဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ဖုန်းခေါ်ဆိုဆွေးနွေးပွဲတွင် အာမေးနီးယားပို့ကုန်များအပေါ် ရုရှားနိုင်ငံက ကုန်သွယ်ရေးကန့်သတ်ချက်များ ပြုလုပ်ထားမှုနှင့်ပတ်သက်၍ အကူအညီပေးရန် အာမေးနီးယား ဝန်ကြီးချုပ်က ရုရှားသမ္မတပူတင်ကို တောင်းဆိုခဲ့ကြောင်း သိရသည်။

အာမေးနီးယား ပို့ကုန်များအပေါ် ကန့်သတ်ချက်များ ပြုလုပ်ထားမှုသည် ရုရှားနှင့် အာမေးနီးယားနိုင်ငံတို့ကြား သဘောတူညီချက်များကို ချိုးဖောက်ရာရောက်ကြောင်း အာမေးနီးယားဝန်ကြီးချုပ်က သမ္မတပူတင်နှင့် ဖုန်းခေါ်ဆိုဆွေးနွေးစဉ် ပြောကြားခဲ့သည်။

ထို့ပြင် ရုရှားနိုင်ငံ၏ ပို့ကုန်ကန့်သတ်ချက်များသည် ယူရေးရှားစီးပွားရေးသမဂ္ဂ (အီးအေအီးယူ)၏စည်းမျဉ်းများကို ချိုးဖောက်ရာရောက်ကြောင်း အာမေးနီးယားဝန်ကြီးချုပ်က ပြောကြားထားသည်။

အီးအေအီးယူသည် ရုရှားနှင့် အာမေးနီးယား နှစ်နိုင်ငံလုံး အဖွဲ့ဝင်များအဖြစ် ပါဝင်နေသော ဒေသတွင်းအဖွဲ့အစည်းဖြစ်သည်။

အာမေးနီးယားနိုင်ငံသည် ရုရှားနိုင်ငံ၏ အစဉ်အလာမဟာမိတ်ဖြစ်သော်လည်း ဝန်ကြီးချုပ် ပါရှင်ယန်သည် အာမေးနီးယားနိုင်ငံကို အနောက်အုပ်စုလိုလားသည့် လမ်းကြောင်းပေါ်သို့ တွန်းတင်လျက်ရှိကြောင်း သိရသည်။

Ref : RT

Trs : KKO

## အီရန်နိုင်ငံခြားရေးဝန်ကြီးနှင့် ဆော်ဒီအာရေဗျ၊ အိုမန်နိုင်ငံခြားရေးဝန်ကြီးတို့ သီးခြားစီ ဖုန်းခေါ်ဆိုဆွေးနွေး

**တီဟီရန် ဇူလိုင် ၂၈**

အီရန် နိုင်ငံခြားရေးဝန်ကြီး အဘတ်စ်အာရက်ချီသည် ဇူလိုင် ၂၇ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံခြားရေးဝန်ကြီး၊ အိုမန်နိုင်ငံခြားရေးဝန်ကြီးတို့နှင့် သီးခြားစီ ဖုန်းခေါ်ဆိုဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ နိုင်ငံခြားရေးဝန်ကြီးများ ဖုန်းခေါ်ဆိုဆွေးနွေးပွဲများတွင် ဟော်မုဇ်ရေလက်ကြား လုံခြုံရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ဇူလိုင် ၂၇ ရက် ဖုန်းခေါ်ဆိုဆွေးနွေးပွဲများတွင် အီရန်နိုင်ငံခြားရေးဝန်ကြီး အနေဖြင့် ဒေသတွင်း ဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် ဒေသတွင်း တည်ငြိမ်မှု ထိန်းသိမ်းအတွက် သံတမန်ရေးအရ ပူးတွဲဆောင်ရွက်မှုများ မြှင့်တင်ရေးတို့ကို အဓိကထား ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အီရန်၏မဟာမိတ် ယီမင်နိုင်ငံ အခြေစိုက် ဟူသီလက်နက်ကိုင်အဖွဲ့က ပင်လယ်နီကမ်းရိုးတန်း တစ်လျှောက်ရှိ ဆော်ဒီအာရေဗျ ရေနံလုပ်ငန်း အဆောက်အအုံများကို တိုက်ခိုက်နေချိန်တွင် အီရန်နိုင်ငံခြားရေးဝန်ကြီးက ဆော်ဒီအာရေဗျ၊ အိုမန်နိုင်ငံခြားရေးဝန်ကြီးတို့နှင့် ဖုန်းခေါ်ဆိုဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ဟူသီလက်နက်ကိုင်အဖွဲ့သည် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ဆော်ဒီအာဗျနိုင်ငံကို ရေကြောင်းပိတ်ဆို့မှုများပြုလုပ်ခဲ့ပြီး ပင်လယ်နီရေပြင်အတွင်း သွားလာနေသော ဆော်ဒီအာရေဗျ ရေနံတင်သင်္ဘောများကို တိုက်ခိုက်ခဲ့သည်။

လက်ရှိတွင် အမေရိကန်နှင့် အီရန်နိုင်ငံတို့သည် စစ်ရေးအရ အပြန်အလှန် တိုက်ခိုက်မှုများ ရပ်ဆိုင်းထားသော်လည်း ဟော်မုဇ်ရေလက်ကြား၌ သင်္ဘောများ ဖြတ်သန်းမှုနှုန်း ကျဆင်းနေဆဲဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ၁၀ နှစ်တာကာလအတွင်း ပထမဆုံး သမ္မတရွေးကောက်ပွဲ ဟေတီနိုင်ငံကျင်းပမည်

**ပေါ်တိုပရင့်စ် ဇူလိုင် ၂၈**

၁၀ နှစ်တာ ကာလအတွင်း ပထမဆုံး သမ္မတရွေးကောက်ပွဲကို ယခုနှစ် ဒီဇင်ဘာလနှင့် ဒုတိယအကျော့ရွေးကောက်ပွဲကို ၂၀၂၇ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပရန်စီစဉ်ထားကြောင်း ဟေတီ ရွေးကောက်ပွဲကော်မရှင်က ဇူလိုင် ၂၇ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဟေတီ ရွေးကောက်ပွဲကော်မရှင်သည် မူလက သမ္မတရွေးကောက်ပွဲများကို ယခုနှစ် ဩဂုတ်လတွင် ကျင်းပရန်နှင့် ဒုတိယအကျော့ရွေးကောက်ပွဲကို ဒီဇင်ဘာလတွင် ကျင်းပရန် စီစဉ်ထားသည်။

သို့ရာတွင် လုံခြုံရေးပြဿနာများကြောင့် အဆိုပါ ရွေးကောက်ပွဲ အစီအစဉ်ကို ဖျက်သိမ်းခဲ့ရသည်။

ဟေတီနိုင်ငံသည် ပြည်တွင်း လုံခြုံရေးအခြေအနေများကြောင့် ၂၀၁၆ ခုနှစ်မှစ၍ သမ္မတ ရွေးကောက်ပွဲများ ကျင်းပနိုင်မှု မရှိခဲ့ကြောင်း သိရသည်။

ဟေတီနိုင်ငံ၏ နောက်ဆုံး သမ္မတ ဟိုဗီနယ်လ်မွိုင်ဆီသည် ၂၀၂၁ ခုနှစ်တွင် လုပ်ကြံခံရမှုကြောင့် ကွယ်လွန်ခဲ့သည်။

သမ္မတ ဟိုဗီနယ်လ်မွိုင်ဆီ လုပ်ကြံခံရပြီးနောက်ပိုင်း ဟေတီ အစိုးရအဖွဲ့များသည် ရွေးကောက်ပွဲများကျင်းပရန် ကြိုးပမ်းခဲ့သော်လည်း ပြည်တွင်းလုံခြုံရေး ပျက်ပြားနေမှုကြောင့် ကျင်းပနိုင်မှုမရှိခဲ့ကြောင်း သိရသည်။

ဟေတီ ရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်အရ သမ္မတရွေးကောက်ပွဲ ပထမအကျော့ကို ယခုနှစ် ဒီဇင်ဘာ ၁၃ ရက်၊ ဒုတိယအကျော့ရွေးကောက်ပွဲကို ၂၀၂၇ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ရွေးကောက်ပွဲ အပြီးသတ်ရလဒ်ကို မတ် ၇ ရက်တွင် ထုတ်ပြန်မည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ပါကစ္စတန်ထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသ၌ လွှတ်တော်ရွေးကောက်ပွဲများ စတင်



**အစ္စလာမ္မာဘတ် ဇူလိုင် ၂၈**

ပါကစ္စတန်နိုင်ငံ ထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသ၌ ဒေသန္တရ လွှတ်တော်ရွေးကောက်ပွဲများကို ဇူလိုင် ၂၇ ရက် သတင်းများတွင် ရေးသားတင်ပြခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ရွေးကောက်ပွဲပြုပြင်ပြောင်းလဲရေးအတွက် ဆန္ဒပြပွဲများ ပေါ်ပေါက်ခဲ့ပြီးနောက် ပါကစ္စတန်အစိုးရက ကက်ရှ်မီးယား လွှတ်တော် ရွေးကောက်ပွဲများကို လုံခြုံရေးတင်းကျပ်စွာဖြင့် စတင်ကျင်းပနေခြင်းဖြစ်သည်။

ပါကစ္စတန်အစိုးရသည် ကက်ရှ်မီးယား လွှတ်တော်ရွေးကောက်ပွဲများကို အဆင့်သုံးဆင့်ခွဲ၍ ကျင်းပရန်စီစဉ်ထားသည်။

ပါကစ္စတန်အစိုးရသည် ကက်ရှ်မီးယား လွှတ်တော်ရွေးကောက်ပွဲများကို ပထမဆုံးအကြိမ်အဖြစ် အဆင့်သုံးဆင့်ခွဲ၍ ကျင်းပခဲ့ရခြင်းဖြစ်သည်။

ရွေးကောက်ပွဲမကျင်းပမီကာလအတွင်း ရဲတပ်ဖွဲ့နှင့် ဆန္ဒပြသမားများကြား ပဋိပက္ခများဖြစ်ပွားခဲ့ပြီးနောက် ပါကစ္စတန်အစိုးရက ကက်ရှ်မီးယား လွှတ်တော် ရွေးကောက်ပွဲများကို အဆင့်သုံးဆင့်ခွဲ၍ကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။

ကက်ရှ်မီးယား လွှတ်တော် ရွေးကောက်ပွဲများတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၃ ဒသမ ၈ သန်းခန့်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အမေရိကန်နှင့် အီရန် တိုက်ခိုက်မှုများရပ်ဆိုင်းထားချိန် ကမ္ဘာ့ရေနံဈေးကွက်၌ ရေနံဈေးနှုန်းများကျဆင်းလာ

**နယူးယောက် ဇူလိုင် ၂၈**

အမေရိကန်နှင့် အီရန်နိုင်ငံတို့ကြား အပြန်အလှန်တိုက်ခိုက်မှုများ ရပ်ဆိုင်းထားချိန်တွင် ကမ္ဘာ့ရေနံဈေးကွက်၌ ဇူလိုင် ၂၇ ရက်တွင် ရေနံဈေးနှုန်းများ စတင်ကျဆင်းခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ထို့ပြင် အမေရိကန်နှင့် အီရန်နိုင်ငံတို့ကြား စစ်ရေးပဋိပက္ခများ ရပ်ဆိုင်းထားမှုကြောင့် နိုင်ငံတကာ စတော့ ဈေးကွက်များတွင်လည်း အစုရှယ်ယာ ဈေးနှုန်းများ မြင့်တက်လာခဲ့သည်။

ဇူလိုင် ၂၇ ရက်တွင် ကမ္ဘာ့ရေနံဈေးကွက်၌ နိုင်ငံတကာစံမှတ် ရေနံဈေးနှုန်းများမှာ ရှစ်ရာခိုင်နှုန်း ကျဆင်းလာခဲ့ပြီး ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၈ ဒသမ ၃၆ ထိ ကျဆင်းလာခဲ့သည်။

အမေရိကန်နှင့် အီရန်နိုင်ငံတို့ကြား စစ်ရေးအရ အပြန်အလှန် တိုက်ခိုက်မှုများ ရပ်တန့်နေမှုကြောင့် ပင်လယ်ကွေ့ဒေသ၌ ရေကြောင်း သွားလာမှုများ ပြန်လည် ချောမွေ့စပြုလာခဲ့ပြီး ရေနံထုတ်လုပ်မှု လုပ်ငန်းများ ပြန်လည် လည်ပတ်ခဲ့သည်။

အမေရိကန်နှင့် အီရန်နိုင်ငံတို့ကြား စစ်ရေးပဋိပက္ခများ ဖြစ်ပွားနေစဉ် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ကမ္ဘာ့ရေနံဈေးနှုန်းမှာ ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ အထက် ရောက်ရှိခဲ့ရာ ယခုနှစ် မေလနောက်ပိုင်း အမြင့်ဆုံး ရေနံဈေးနှုန်းဖြစ်ခဲ့ရသည်။

အမေရိကန်နှင့် အီရန်နိုင်ငံတို့ကြား စစ်ရေးပဋိပက္ခများ ရပ်ဆိုင်းထားချိန်တွင် တိုကျို၊ ဆိုးလ်၊ ဟောင်ကောင်၊ ရှန်ဟိုင်း စတော့ဈေးကွက်များတွင်လည်း အစုရှယ်ယာဈေးနှုန်းများ ပြန်လည်မြင့်တက်လာခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



# SCIENCE AND TECHNOLOGY

## တရုတ်နိုင်ငံက အာကာသအမှိုက်စောင့်ကြည့်ရေး ပုဂ္ဂလိကဂြိုဟ်တုကွန်ရက်ကို စတင်တည်ဆောက်နေပြီဖြစ်



ပေကျင်း ဇူလိုင် ၂၈

တရုတ်နိုင်ငံသည် အာကာသအမှိုက်စောင့်ကြည့်ရေး ပုဂ္ဂလိကဂြိုဟ်တုကွန်ရက်ကို စတင်တည်ဆောက်နေပြီဖြစ်ကြောင်း ဇူလိုင် ၂၇ ရက် သတင်းများအရသိရသည်။

ကန်တီအမည်ရှိ အာကာသအမှိုက်စောင့်ကြည့်ရေး ပုဂ္ဂလိကဂြိုဟ်တုကွန်ရက်အတွက် ပထမဆုံးဂြိုဟ်တုများကို ဇူလိုင် ၂၄ ရက်တွင် လီကျိယန်-၁ ဒုံးပျံဖြင့် စတင်လွှတ်တင်ခဲ့သည်။

ကန်တီအာကာသအမှိုက်စောင့်ကြည့်ရေး ပုဂ္ဂလိကဂြိုဟ်တုကွန်ရက်ကို ဂြိုဟ်တုစင်းရေ ၁၂၀ ဖြင့် ၂၀၃၀ ပြည့်နှစ်တွင် အပြီးသတ်တည်ဆောက်ရန် တရုတ်နိုင်ငံပေကျင်းမြို့အခြေစိုက် ATmote Technology ကုမ္ပဏီက ဆောင်ရွက်လျက်ရှိသည်။

ကန်တီအာကာသ အမှိုက်စောင့်ကြည့်ရေးပုဂ္ဂလိက ဂြိုဟ်တုကွန်ရက်သည် ၂၀၃၀ ပြည့်နှစ်တွင် အပြီးသတ်တည်ဆောက်ရန် တရုတ်နိုင်ငံက စီစဉ်ထားသည်။

လီကျိယန်-၁ ဒုံးပျံဖြင့်လွှတ်တင်ခဲ့သောကန်တီကွန်ရက်ဂြိုဟ်တုအုပ်စုတွင် လူ့ဉာဏ်ရည်တုနည်းပညာအသုံးပြုထားသည့်ကွန်ပျူတာစနစ်များတပ်ဆင်ထားရာ မြေပြင်စခန်း၏ထိန်းချုပ်မှုမလိုအပ်ဘဲ အာကာသအမှိုက်များကို စောင့်ကြည့်နိုင်မည်ဖြစ်ပြီး တရုတ်နိုင်ငံသည် ကန်တီအာကာသအမှိုက်စောင့်ကြည့်ရေး ပုဂ္ဂလိက ဂြိုဟ်တုကွန်ရက်ကို အဆင့်သုံးဆင့်ခွဲ၍ တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။


Ref : Xinhua News

Trs : KKO

## ဟီလီယမ်နိုဗာ (Helium Nova) ခေါ် အလွန်ရှားပါးသည့် ကြယ်ပေါက်ကွဲမှုပုံစံတစ်မျိုးကို ဗြိတိန်သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

လန်ဒန် ဇူလိုင် ၂၈

ဟီလီယမ်နိုဗာ (Helium Nova) ခေါ် အလွန်ရှားပါးသည့် ကြယ်ပေါက်ကွဲမှု ပုံစံတစ်မျိုးကို ဗြိတိန်သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဇူလိုင် ၂၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။



V 445 Puppis အမည်ရှိ ဟီလီယမ်နိုဗာ ကြယ်ပေါက်ကွဲမှုကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က လွှတ်တင်ထားသော ဟက်ဘယ်အာကာသ ရေဒီယိုတယ်လီစကုပ်၏ အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

V 445 Puppis ကြယ်ပေါက်ကွဲမှုသည် အောက်ဆီဂျင်အက်တမ်အများစုပါဝင်သော ဓာတ်ငွေ့အစုအခဲများ တစ်နာရီလျှင် မိုင်သန်း ၂၀ အမြန်နှုန်းဖြင့် ထုတ်လွှတ်နေကြောင်း ဗြိတိန်နိုင်ငံ ဝါးဝစ်ခ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

ထို့ပြင် V 445 Puppis ကြယ်ပေါက်ကွဲမှုသည် အနီးရှိ ကြယ်တစ်စင်းကို ဝါးမျိုနေသော ကြယ်သေတစ်စင်းဖြင့်ဖွဲ့စည်းထားသည့် နှစ်စင်းတွဲကြယ်စနစ် တစ်ခုဖြစ်ကြောင်း သိပ္ပံပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့သည်။

V 445 Puppis ကဲ့သို့သော ကြယ်ပေါက်ကွဲမှုမျိုးသည် ဟီလီယမ်ဓာတ်ငွေ့ကြွယ်ဝသော ကြယ်သေတစ်စင်း၏အပေါ်ယံ ဟိုက်ဒရိုဂျင်ဓာတ်ငွေ့လွှာ ကွယ်ပျောက်မှုကြောင့် အတွင်းဟီလီယံဓာတ်ငွေ့လွှာ ပေါ်ထွက်လာသည့် ကြယ်တစ်စင်းကို ဝါးမျိုနေချိန်တွင် ပေါ်ထွက်လာတတ်သည့် ရှားပါးသော ကြယ်ပေါက်ကွဲမှုမျိုးဖြစ်သည်။

သိပ္ပံပညာရှင်များ အနေဖြင့် V 445 Puppis ကြယ်ပေါက်ကွဲမှုကို လေ့လာခဲ့ကြသော်လည်း ၎င်းကြယ်ပေါက်ကွဲမှုပတ်ပတ်လည်ရှိ ဖုန်မှုန့်တိမ်တိုက်များ ကင်းစင်သွားချိန်မှသာ ၎င်းကြယ်ပေါက်ကွဲမှု၏ သဘာဝအမှန်ကို ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်သည်။

Ref : Sputnik News

Trs : KKO

## အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ်ရှိ နေအိမ်ပေါ်သို့ ကျရောက်ခဲ့သည့် ဥက္ကာခဲတွင် အမိုင်နိုအက်စစ်များ ပါဝင်နေ

ဝါရှင်တန် ဇူလိုင် ၂၈

အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ်ရှိ နေအိမ်ပေါ်သို့ ကျရောက်ခဲ့သည့် ဥက္ကာခဲတွင် အမိုင်နိုအက်စစ်များ ပါဝင်နေကြောင်း သိပ္ပံပညာရှင်များက ဇူလိုင် ၂၇ ရက်တွင် ပြောကြားသည်။

အဆိုပါ အမိုင်နိုအက်စစ် အထောက်အထားများအရ ၎င်းဥက္ကာခဲပဲ့ထွက်လာသည့် မိခင်ဂြိုဟ်သိမ်ပေါ်တွင် တစ်ချိန်သောအခါက ဆားဓာတ်ပါသည့် ရေများရှိခဲ့ဖူးကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

ဟေးလ်ဘရော့အမည်ရှိ အဆိုပါ ဥက္ကာခဲသည် ၂၀၂၄ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် နယူးဂျာစီပြည်နယ် ဟေးလ်ဘရော့မြို့ရှိ နေအိမ်တစ်လုံးပေါ်သို့ ကျရောက်ခဲ့သည့် ဥက္ကာခဲဖြစ်သည်။

အမေရိကန် သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အလေးချိန် သုံးပေါင်ထိရှိသော ဟေးလ်ဘရော့ ဥက္ကာခဲသည် ကာဗွန်ဓာတ်ကြွယ်ဝသည့် ရှားပါးဥက္ကာခဲတစ်မျိုး ဖြစ်ကြောင်း၊ ဟေးလ်ဘရော့ဥက္ကာခဲတွင် ပရိုတင်းများ၏ အဓိကအစိတ်အပိုင်းဖြစ်သည့် အမိုင်နိုအက်စစ်များနှင့် ဆိုဒီယမ်ကြွယ်ဝသည့် ဒြပ်စင်များပါဝင်နေသည်ကို တွေ့ရကြောင်း သိရသည်။

အထက်ပါ အထောက်အထားအရ ဟေးလ်ဘရော့ဥက္ကာခဲ၏ မိခင်ဂြိုဟ်တုပေါ်တွင် တစ်ချိန်သောအခါက ဆားဓာတ်ပါသည့် ရေများ လှုပ်ရှားမှုရှိခဲ့ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO

# HEALTH

## GLP-1 အုပ်စုဝင်ဆေးများသုံးစွဲမှုကြောင့် ဆံပင်ကျွတ် ထိပ်ပြောင်နိုင်ခြေ မြင့်တက်

နယူးယောက် ဇူလိုင် ၂၈

Ozempic နှင့် Wegovy ကဲ့သို့ GLP-1 အုပ်စုဝင်ဆေးများသုံးစွဲမှုကြောင့် ဆံပင်ကျွတ်ထိပ်ပြောင်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း ဇူလိုင် ၂၇ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များသည် ဆီးချိုရောဂါထိန်းချုပ်ရေးအတွက် GLP-1 အုပ်စုဝင်ဆေးများ သုံးစွဲနေသူများနှင့် အခြားဆေးဝါးများ သုံးစွဲနေသူများကို နှိုင်းယှဉ်လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ GLP-1 အုပ်စုဝင်ဆေး သုံးစွဲသူများသည် အခြားဆေးဝါးသုံးစွဲသူများထက် ဆံပင်ကျွတ် ထိပ်ပြောင်နိုင်ခြေ ၆၈ ရာခိုင်နှုန်း ပိုမြင့်မားကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ GLP-1 ဆေးများ သုံးစွဲသူများသည် DPP-4 Inhibitors ဆေးသုံးစွဲသူများနှင့် နှိုင်းယှဉ်ပါက ဆံပင်ကျွတ် ထိပ်ပြောင်နိုင်ခြေ ပုံမှန်ထက် မြင့်မားနေသည်ကို တွေ့ရကြောင်း သိရသည်။

Ozempic နှင့် Wegovy ကဲ့သို့ GLP-1 အုပ်စုဝင် ဆေးများသည် အဝလွန်မှုနှင့် ဆီးချိုရောဂါများကို ကုသရာတွင် အသုံးပြုသည့် ဆေးဝါးများဖြစ်ကြသည်။

သို့ရာတွင် အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့၌ GLP-1 အုပ်စုဝင် ဆေးသုံးစွဲသူများတွင် ဆံပင်ကျွတ် ထိပ်ပြောင်မှုပြဿနာများရှိလာကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## ဆေးခြောက်သုံးစွဲမှု အကြိမ်ရေများပြားပါက စိတ်ဖိအားတုံ့ပြန်နိုင်စွမ်းအပေါ် ဆိုးကျိုးသက်ရောက်နိုင်

နယူးယောက် ဇူလိုင် ၂၈

ဆေးခြောက်သုံးစွဲမှုများပါက ကိုယ်ခန္ဓာ၏စိတ်ဖိအား တုံ့ပြန်နိုင်စွမ်းအပေါ် ဆိုးကျိုးသက်ရောက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဇူလိုင် ၂၇ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်နိုင်ငံ အော်ရီဂွန်ပြည်နယ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဆေးခြောက်သောက်သုံးမှုအကြိမ်ရေ များပြားသူများတွင် ကော်တီဆောလ် (Cortisol) ခေါ် စိတ်ဖိအား ဟော်မုန်းပေါ်ထွက်မှုအဆင့် ပုံမှန်ထက်မြင့်မားလာတတ်ကြောင်း သိရသည်။

သွေးဖိအားကို ထိန်းညှိရန်၊ သွေးအတွင်း သကြားဓာတ်ပါဝင်မှုနှုန်းကိုထိန်းညှိရန်နှင့် ဇီဝခါတုပြောင်းလဲမှု ဖြစ်စဉ်များကို ထိန်းညှိရန် လိုအပ်လာချိန်များတွင် လူ့ကိုယ်ခန္ဓာသည် ကော်တီဆောလ်ဟော်မုန်းများကို ထုတ်ပေးတတ်သည်။

သို့ရာတွင် ကော်တီဆောလ်ဟော်မုန်း မြင့်တက်မှုကာလကြာလာပါက စိုးရိမ်သောကဝင်ရောက်နိုင်ခြေ၊ စိတ်ကျဝေဒနာဝင်ရောက်နိုင်ခြေနှင့် နှလုံးရောဂါဖြစ်နိုင်ခြေများလည်း မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဆေးခြောက်သုံးစွဲမှုကြိမ်ရေများသူများ၌ အိပ်ရာမှနိုးထလာချိန်တွင် ကော်တီဆောလ်ဟော်မုန်းအဆင့် ပုံမှန်ထက် မြင့်မားနေတတ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ISPS HANDA Women's Scottish Open ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဂျန်နီရှင်း ဆွတ်ခူး

**အီဒင်ဘာ့ဂ် ဇူလိုင် ၂၈**

စကော့တလန်နိုင်ငံ မြောက်အရာရှိုင်းယားဒေသတွင် ကျင်းပခဲ့သော ISPS HANDA Women's Scottish Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် ဂျန်နီရှင်းက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း Golf Magic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် ကင်မ်အာလင်မ်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်ခဲ့ပြီး ထိုင်းဂေါက်သီးရိုက်မယ် အနန်နာ ရူကန်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ငါးချက် လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်ခဲ့သည်။

အသက် ၃၄ နှစ်ရှိ ဂျန်နီရှင်း အတွက် ISPS HANDA Women's Scottish Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်သည့် တတိယမြောက် အသက်အကြီးဆုံး ပြိုင်ပွဲဝင်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ဂျန်နီရှင်းက "ဒီလိုပျော်ရွှင်မှုမျိုး မခံစားရတာကြာပါပြီ။ ကာလရှည်ကြာပြီးမှ အောင်မြင်မှုပြန်ရတာ သိပ်ကို စိတ်လှုပ်ရှားစရာကောင်းပါတယ်။ သိပ်ကိုခက်ခဲတဲ့ ပြိုင်ပွဲလဲဖြစ်ပါတယ်။ ကျွန်မအနေနဲ့ နောက်ဆုံးနေ့မှာ ရလဒ်ကျသွားခဲ့ပါတယ်။ ဒါပေမဲ့လဲ ရှေ့သုံးရက်မှာ ရလဒ်ကောင်းတွေရခဲ့လို့ ချန်ပီယံဖြစ်ခွင့်ရခဲ့တာပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Golf Magic

Trs : AZL



# Mifel Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ကို ကင်မရွန်းနော်ရီ တက်ရောက်

**မက္ကဆီကိုစီးတီး ဇူလိုင် ၂၈**

မက္ကဆီကိုနိုင်ငံ ဘာဂျာကယ်လီဖိုးနီးယားကျွန်းတွင် ကျင်းပနေသည့် Mifel Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဗြိတိန် တင်းနစ်ကစားသမား ကင်မရွန်းနော်ရီနှင့် အမေရိကန် တင်းနစ်ကစားသမား ကိုဗာစီဗစ်တို့ယှဉ်ပြိုင်ခဲ့ရာ ကင်မရွန်းနော်ရီက(၆-၄၊ ၆-၁)ရလဒ်ဖြင့် အနိုင်ရပြီး ဒုတိယအဆင့်ကို တက်ရောက်ခဲ့ကြောင်း Mirror သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကင်မရွန်းနော်ရီအတွက် ၂၀၂၄ ခုနှစ်အတွင်း ဧပြီလနောက်ပိုင်း ပထမဆုံး နိုင်ပွဲရရှိခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် ကင်မရွန်းနော်ရီသည် ကစားသမားဘဝ သက်တမ်းတစ်လျှောက် ၂၀၂၂ ခုနှစ်တွင် ချန်ပီယံဆုကို ဆွတ်ခူးခဲ့ပြီး နောက်ပိုင်း အောင်မြင်မှုများရရှိခဲ့ခြင်းမရှိသော်လည်း ချန်ပီယံကို စိန်ခေါ်နိုင်သူအဆင့်ဖြင့် ရလဒ်ကောင်းများ ရရှိခဲ့သည်။

ကင်မရွန်းနော်ရီက "ကျွန်တော် သိပ်ပျော်ပါတယ်။ နိုင်ပွဲပျောက်နေတာကြာနေပါပြီ။ ပါဝင်ယှဉ်ပြိုင်လိုက်တိုင်း ပထမအဆင့်ကနေပဲ လှည့်ပြန်ခဲ့ရပါတယ်။ အခုတော့ နိုင်ပွဲပြန်တွေ့ခဲ့ပါပြီ။ ဒါက နိုင်ပွဲတစ်ပွဲထက်ပိုပါတယ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုပြန်တည်ဆောက်ဖို့အတွက် အကောင်းဆုံး အခွင့်အရေးပါ။ ဒီစွမ်းဆောင်ရည်ကို ဆက်လက် ထိန်းသိမ်းနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Mirror

Trs : AZL

# ၂၀၂၄ ကမ္ဘာ့ဖလားပြိုင်ပွဲ၏ အကောင်းဆုံးသွင်းဂိုးဆုကို ကိတ်ဗာဒီအသင်းမှ ကာဘာရယ်ဆွတ်ခူး

**လန်ဒန် ဇူလိုင် ၂၈**

၂၀၂၄ ကမ္ဘာ့ဖလားပြိုင်ပွဲ၏ အကောင်းဆုံး သွင်းဂိုးဆုကို အာဂျင်တီးနားမှ မက်ဆီနှင့် ပြင်သစ်အသင်းမှ အမ်ဘတ်ပီတို့ကို ကျော်ဖြတ်ပြီး ကိတ်ဗာဒီအသင်းမှ ကာဘာရယ်က ဆွတ်ခူးခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ကာဘာရယ်သည် ၂၀၂၄ ကမ္ဘာ့ဖလားပြိုင်ပွဲ၏ အကောင်းဆုံး သွင်းဂိုးဆုကို ၃၂ သင်း ရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် ကစားခဲ့သည့် အာဂျင်တီးနားအသင်းနှင့် ကိတ်ဗာဒီအသင်းတို့ပွဲစဉ်မှ သွင်းဂိုးဖြင့် ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။




၂၀၂၄ ကမ္ဘာ့ဖလားပြိုင်ပွဲ ၃၂ သင်း ရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် ကစားခဲ့သည့် အာဂျင်တီးနားအသင်းက ကိတ်ဗာဒီအသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် ပွဲစဉ်၌ ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး အချိန်ပို ၁၃ မိနစ်တွင် ကာဘာရယ်သည် အာဂျင်တီးနားအသင်း ဂိုးဧရိယာထိပ်တွင် ကွင်းလယ်ကစားသမား မက်အဲလက်စတာကို အကောင်းဆုံး ကျော်ဖြတ်ကာ အဝေးကန်ချက်ဖြင့် ဂိုးသွင်းယူခဲ့ပြီး နောက် အဆိုပါသွင်းဂိုးဖြင့် ပြိုင်ပွဲ၏ အကောင်းဆုံး သွင်းဂိုးဆုဖြစ်သည့် Hyundai Goal of theTourament ဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ကာဘာရယ်သည် ၂၀၂၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အာဂျင်တီးနားအသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်၌ သွင်းယူခဲ့သည့် သွင်းဂိုး တစ်ဂိုးသာရှိခဲ့သော်လည်း အဆိုပါသွင်းဂိုးဖြင့် ထိပ်တန်းကစားသမားများကို ကျော်ဖြတ်ပြီး ပြိုင်ပွဲ၏ အကောင်းဆုံးသွင်းဂိုးဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၇)တွင် ဇွဲကပင်ယူနိုက်တက်အသင်းက Young Lionesses အသင်းကို ခြောက်ဂိုး ဂိုးမရှိဖြင့် အနိုင်ရ

**ရန်ကုန် ဇူလိုင် ၂၈**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာ နေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၇) အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် Young Lionesses အသင်းနှင့် ဇွဲကပင် ယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ဇွဲကပင်ယူနိုက်တက်အသင်း ခြောက်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ဇွဲကပင်ယူနိုက်တက်အသင်းက ဘောလုံးပိုင်ဆိုင်မှု အသာစီးဖြင့် ဖိအားပေးကစားခဲ့ကာ ပွဲချိန် မိနစ် ၃၀ တွင်ဖိုဆူအာက ဇွဲကပင်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် ဇွဲကပင်ယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း ဇွဲကပင်ယူနိုက်တက်အသင်းကပင် ဂိုးပေါက်ကန်သွင်းမှုအသာစီးဖြင့် ဆက်လက် ဖိအားပေးကစားခဲ့ကာ ပွဲချိန် ၆၂ မိနစ်၊ ပွဲချိန် ၇၃ မိနစ်၊ ၈၈ မိနစ်တို့တွင် အိုဖိုရီ၊ ပွဲချိန် ၆၆ မိနစ်တွင်တွင် ဖိုဆူအာ၊ ပွဲချိန် ၈၁ မိနစ်တွင် ဒရာမီတို့က ဇွဲကပင်ယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုးများ ထပ်မံသွင်းယူခဲ့သည့်အတွက်ပွဲပြီးဆုံးချိန်၌ ဇွဲကပင်ယူနိုက်တက်အသင်းက ခြောက်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ဇွဲကပင်ယူနိုက်တက် အသင်းအတွက် ဟက်ထရစ်ဂိုးသွင်းယူပြီး ခြေစွမ်းပြသခဲ့သည့် တိုက်စစ်ကစားသမား အိုဖိုရီက ဆွတ်ခူးခဲ့သည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၇)ပွဲစဉ်များအဖြစ် ဇူလိုင် ၂၉ ရက်(ယနေ့)တွင် ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်း၌ ISPE အသင်းနှင့် ရန်ကုန်စီးတီးအသင်း၊ ညနေ ၃နာရီခွဲတွင် ဗဟန်းအားကစားကွင်း၌ မြဝတီအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ဆက်လက်ကစားမည်ဖြစ်ကြောင်း သိရသည်။ STA

# နယူးဇီလန်နိုင်ငံတွင်ကျင်းပမည့် Knees of Fury 100 လက်ဝှေ့ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ စိုးမိုးဇော် အဓိကတွဲဆိုင်းအဖြစ်ပါဝင်ထိုးသတ်မည်

**ရန်ကုန် ဇူလိုင် ၂၈**

နယူးဇီလန်နိုင်ငံတွင် ကျင်းပမည့် Knees of Fury 100 လက်ဝှေ့ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ စိုးမိုးဇော်က အဓိကတွဲဆိုင်းအဖြစ် ပါဝင်ထိုးသတ်မည် ဖြစ်ကြောင်း သိရသည်။

နယူးဇီလန်နိုင်ငံ အခြေစိုက် Knees of Fury အဖွဲ့အစည်းသည် နယူးဇီလန်နိုင်ငံတွင် Kness of Fury မွေထိုင်းနှင့် လက်ဝှေ့ပြိုင်ပွဲများကိုကျင်းပနေပြီး လာမည့် ပြိုင်ပွဲကို အကြိမ် ၁၀၀ မြောက် ပြိုင်ပွဲအဖြစ် ကျင်းပမည်ဖြစ်သည့်အတွက် Knees of Fury 100 အမည်ဖြင့် ကျင်းပသွားမည် ဖြစ်သည်။




စိုးမိုးဇော်သည် Kness of Fury လက်ဝှေ့ပြိုင်ပွဲတွင် မြန်မာနိုင်ငံ ကိုယ်စားပြုအဖြစ် အဓိကတွဲဆိုင်း ထိုးသတ်မည့် ဖိုက်တာတစ်ဦး ဖြစ် လာမည်ဖြစ်သည်။

Knees of Fury 100 လက်ဝှေ့ပြိုင်ပွဲကို လာမည့် အောက်တိုဘာ ၃ ရက်တွင် နယူးဇီလန်နိုင်ငံ ဟာမွန်တွန်မြို့တွင် ကျင်းပမည်ဖြစ်ပြီး စိုးမိုးဇော်သည် အဓိကတွဲဆိုင်းအဖြစ် နယူးဇီလန်ဖိုက်တာ အလက်ဆီနှင့် ထိုးသတ်မည်ဖြစ်သည်။

လက်ရှိတွင် အလက်ဆီသည် Knees of Fury ပြိုင်ပွဲတွင် ကမ္ဘာ့ချန်ပီယံခါးပတ် ပိုင်ဆိုင်ထားသူဖြစ်သည့်အတွက် Knees of Fury 100 လက်ဝှေ့ပြိုင်ပွဲတွင် အလက်ဆီသည် ချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ်အဖြစ် စိုးမိုးဇော်နှင့် ထိုးသတ်မည်ဖြစ်ပြီး စိုးမိုးဇော်အနေဖြင့် အနိုင်ရရှိမည်ဆိုပါက Knees of Fury 100 ပြိုင်ပွဲတွင် ကမ္ဘာ့ချန်ပီယံခါးပတ် ဆွတ်ခူးနိုင်မည်ဖြစ်ကြောင်း သိရသည်။ STA

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ပေါ်တူဂီနိုင်ငံ TEKEVER ကုမ္ပဏီက ကီလိုဂရမ် ၂၀၀ တင်နိုင်သည့် အကြီးစားကုန်တင်ဒရုန်း AR6 ကို မိတ်ဆက်ခဲ့



ပေါ်တူဂီနိုင်ငံအခြေစိုက် ကာကွယ်ရေးနည်းပညာကုမ္ပဏီ TEKEVER သည် အလေးချိန် ကီလိုဂရမ် ၂၀၀ ရှိ ကုန်စည်များကို ကီလိုမီတာ ၅၀၀ အကွာအဝေးထိ သယ်ဆောင်ပေးနိုင်သည့် AR6 အကြီးစားကုန်တင်ဒရုန်းကို မိတ်ဆက်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဇူလိုင် ၂၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါကုန်တင်ဒရုန်းစနစ်တွင် ဒရုန်းအုပ်စုလိုက်ပူးပေါင်းစစ်ဆင်နိုင်မှု၊ မောင်းသူပါနှင့် မောင်းသူမဲ့လေယာဉ်များ ပူးတွဲစစ်ဆင်နိုင်မှုနှင့် စစ်မြေပြင်အသက်ရှင်ကျန်ရစ်နိုင်စွမ်းကို မြှင့်တင်ပေးသည့် အဆင့်မြင့်မစ်ရှင် ထိန်းချုပ်ရေးစနစ်များ တပ်ဆင်ထားကာ အလိုအလျောက် ထောက်ပံ့ပို့ဆောင်ရေး လုပ်ငန်းနယ်ပယ်ကို အရှိန်အဟုန်မြှင့်တိုးချဲ့လိုက်ကြောင်း သိရသည်။

ထို့ပြင် ကမ္ဘာလုံးဆိုင်ရာဂြိုဟ်တုလမ်းကြောင်းပြစနစ်များ ဖြတ်တောက်ခံရခြင်း သို့မဟုတ် လှိုင်းနှောင့်ယှက်ခံရသည့် ပတ်ဝန်းကျင်များတွင် ဂြိုဟ်တုအချက်ပြမှုအပေါ် မှီခိုရန်မလိုဘဲ ဆက်လက်ပျံသန်းနိုင်ရန် ဒီဇိုင်းဆွဲထုတ်လုပ်ထားခြင်းဖြစ်သည်။

AR6 ကုန်တင်ဒရုန်းသည် ရှေ့တန်းစစ်မျက်နှာပြင်သို့ စစ်ဘက်ဆိုင်ရာ ရိက္ခာနှင့်ခဲယမ်းများ ဖြည့်တင်းခြင်း၊ ထိခိုက်ဒဏ်ရာရ တပ်ဖွဲ့ဝင်များကို ကူညီကယ်ဆယ် ရွှေ့ပြောင်းပေးခြင်းတို့အပြင် ဗြိတိန်နိုင်ငံ၏ Apache တိုက်ခိုက်ရေးရဟတ်ယာဉ်များအတွက် Project Nyx စီမံကိန်းအောက်တွင် သုတေသနပြုနေသည့်မောင်းသူပါနှင့်မောင်းသူမဲ့လေယာဉ်များ ပူးတွဲစစ်ဆင်ရေးမစ်ရှင်များကိုပါ ပံ့ပိုးပေးနိုင်မည့် ဒရုန်းစနစ်ဖြစ်ကြောင်း သိရသည်။

"AR6 အကြီးစားကုန်တင်ဒရုန်းဟာ ကျွန်တော်တို့ရဲ့ နည်းပညာစွမ်းဆောင်ရည်ပိုင်းမှာ နောက်ထပ်အဆင့်မြင့်မားတဲ့ မျိုးဆက်သစ်တိုးတက်မှုကို ကိုယ်စားပြုပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကတည်းက ကျွန်တော်တို့ရဲ့ ဖောက်သည်တွေအတွက် သတင်းအချက်အလက်ပို့ဆောင်ပေးရေးပိုင်းမှာ ကူညီပေးခဲ့ပြီးဖြစ်ပါတယ်"ဟု TEKEVER ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် Ricardo Mendes က ပြောကြားခဲ့သည်။

ယခုကဲ့သို့ မိတ်ဆက်လိုက်ခြင်းသည် ထောက်လှမ်းရေး၊ စောင့်ကြည့်ရေးနှင့် သတင်းအချက်အလက် စုဆောင်းရေး လေကြောင်း ပလက်ဖောင်းများတွင် ထိရောက်စွာ အောင်မြင်နေသော TEKEVER ကုမ္ပဏီအတွက် လုပ်ငန်းနယ်ပယ် ပိုမိုကျယ်ပြန့်လာခြင်းကို ပေါ်လွင်စေသည်။ လက်ရှိကမ္ဘာ့အကြီးစားကုန်တင်ဒရုန်းဈေးကွက်တွင် တစ်ကီလိုမီတာမှ ငါးကီလိုမီတာ အကွာအဝေးထိသာ ဝန်အလေးချိန် ကီလိုဂရမ် ၁၀၀ ခန့် တင်ဆောင်နိုင်သည့် ကုန်တင်ဒရုန်းများကသာ လွှမ်းမိုးထားဆဲဖြစ်သည်။ TEKEVER ကုမ္ပဏီအနေဖြင့် "ဝန်ပိုမိုတင်ဆောင်မည်၊ ပိုမိုဝေးဝေး ပျံသန်းမည်"ဟူသောမူဝါဒကိုအခြေခံကာ Payload တင်ဆောင်နိုင်စွမ်းနှင့် စစ်ဆင်ရေးပျံသန်းနိုင်သည့် အကွာအဝေးကို သိသိသာသာ တိုးမြှင့်ခြင်းဖြင့် အဆိုပါကန့်သတ်ချက်များကို ကျော်လွှားနိုင်ရန် ရည်ရွယ်ထားခြင်းဖြစ်သည်။

AR6 အကြီးစားကုန်တင်ဒရုန်းများကို ဗြိတိန်နိုင်ငံရှိ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်း မိတ်ဖက်များနှင့် ပူးပေါင်းတီထွင်ထားသော ယခုနှစ်အတွင်း အင်္ဂလန်နိုင်ငံ Swindon မြို့ရှိ TEKEVER ၏ စက်ရုံ၌ စတင်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**Portugal Debuts Heavy-Lift Drone That Can Carry 200-Kilogram Payloads ကို ဘာသာပြန်ဆိုထားပါသည်။**

## Echodyne ကုမ္ပဏီက MESA ရေဒါစနစ်များကို တိုက်ရိုက်ချိတ်ဆက်နိုင်မည့် ATAK ဆော့ဝဲကိုရေးသားခဲ့



အမေရိကန်နိုင်ငံ ဝါရှင်တန်ပြည်နယ် ကာ့ဒ်လန်းမြို့တွင် အခြေစိုက်သည့် ရေဒါထုတ်လုပ်ရေးကုမ္ပဏီ Echodyne သည် MESA ရေဒါစနစ်များကို တိုက်ရိုက်ချိတ်ဆက်နိုင်မည့် အခြေအနေပြ ဆော့ဝဲ (ATAK) ကို ရေးသားခဲ့ကြောင်း Defence Blog သတင်းဌာနက ဇူလိုင် ၂၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ATAK အခြေအနေပြ ဆော့ဝဲသည် အမေရိကန်အစိုးရက တီထွင်ထုတ်လုပ်ထားသော အခမဲ့မြေပုံရေးဆွဲရေး အပလီကေးရှင်းတစ်ခုလည်းဖြစ်သည်။ အမေရိကန်ကြည်းတပ်၏ အဓိကကျသော မှုဝေသုံးစွဲနေသည့် မြေပုံနှင့် အခြေအနေပြစနစ်အဖြစ် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာကြပြီး အများပြည်သူဆိုင်ရာ လုံခြုံရေးအေဂျင်စီများကြားလည်း တွင်ကျယ်စွာအသုံးပြုနေသည်။

ATAK အခြေအနေပြ ဆော့ဝဲသည် မိတ်ဖက်တပ်ဖွဲ့များ၏ တည်နေရာများ၊ ခြိမ်းခြောက်မှုများနှင့် စိတ်ဝင်စားဖွယ်နေရာများကို ဒစ်ဂျစ်တယ်မြေပုံပေါ်တွင် ဖော်ပြပေးသောကြောင့် အသုံးပြုသူတိုင်း မိမိတို့၏ ကိုယ်ပိုင်စက်ပစ္စည်းများမှ တစ်ဆင့် ပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသမျှကို တိုက်ရိုက်မြင်တွေ့နိုင်မည်ဖြစ်သည်။ အမေရိကန်စစ်ဘက်၏အဆိုအရ ပိုမိုကျယ်ပြန့်သော ATAK အခြေအနေပြဆော့ဝဲစနစ်သည် ယခုအခါ စစ်ဘက်ဆိုင်ရာ တပ်ရင်းတပ်ဖွဲ့များ၊ ဖက်ဒရယ်နှင့် ပြည်နယ်အေဂျင်စီများ၊ ဒေသဆိုင်ရာ ရှေးဦးသူနာပြုစုရေးအဖွဲ့များနှင့် ပြည်ပမိတ်ဖက်နိုင်ငံများအပါအဝင် အသုံးပြုသူ ၂၅၀၀၀၀ ခန့်ကို ပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

၎င်းဆော့ဝဲဖြင့် အော်ပရေတာများသည် ကုမ္ပဏီ၏ ရေဒါများကို ထိန်းချုပ်ရန် သို့မဟုတ် အချက်အလက်များကို ကြည့်ရှုရန်အတွက် သီးသန့်ခွဲထုတ်ထားသော အခြားကြားခံစနစ်တစ်ခုကို အသုံးပြုရန် မလိုအပ်တော့ပေ။ ရေဒါအချက်အလက်များနှင့် စနစ်ထိန်းချုပ်မှုဆိုင်ရာနှစ်ခုစလုံးသည် တပ်ဖွဲ့ဝင်များ၊ ရှေ့တန်းအရေးပေါ် တုံ့ပြန်ရေးတပ်ဖွဲ့ဝင်များနှင့် အခြားကိစ္စရပ်များအတွက် အားထားအသုံးပြုနေကြသည့် တူညီသော ATAK ဆော့ဝဲမြေပုံမျက်နှာပြင်ပေါ်တွင် တိုက်ရိုက်ပေါ်လာမည်ဖြစ်သောကြောင့်ဖြစ်သည်။

ဤနည်းပညာပေါင်းစပ်မှု၏ အဓိကအချက်မှာ Echodyne ကုမ္ပဏီ၏နာမည်ကျော်ကြားရသည့် အကြောင်းရင်းမှာ ၎င်းတို့၏ ရေဒါစနစ်များပင်ဖြစ်သည်။ ကုမ္ပဏီထုတ် MESA ရေဒါများသည် သမားရိုးကျ စစ်ဘက်သုံး ရေဒါများနှင့် လုံးဝကွဲပြားသည့် အင်တင်နာဒီဇိုင်းကို အသုံးပြုထားသည်။

ထို့ကြောင့် Echodyne ကုမ္ပဏီအနေဖြင့် သမားရိုးကျစနစ်များထက် ပုံစံငယ်ရွယ်ပြီး ပေါ့ပါးကာ ဈေးနှုန်းချိုသာသော ရေဒါယူနစ်များကို တည်ဆောက်နိုင်ခဲ့ကာ ဒရုန်းများကဲ့သို့ သေးငယ်ပြီး ရွေ့လျားမှု အလွန်မြန်ဆန်သော ခြိမ်းခြောက်မှုများကို တိကျစွာခြေရာခံနိုင်ဆဲဖြစ်သည်။ ဤထူးခြားသည့်စွမ်းရည်ကြောင့် ကုမ္ပဏီ၏ရေဒါများကို ကမ္ဘာတစ်ဝန်းရှိ ကာကွယ်ရေး၊ အများပြည်သူလုံခြုံရေး၊ နယ်စပ်လုံခြုံရေးနှင့် အရေးပါသော အခြေခံအဆောက်အအုံဆိုင်ရာလုပ်ငန်းများတွင် အသုံးပြုနေသည့် ဒရုန်းတိုက်ဖျက်ရေးစနစ်များအတွင်း မရှိမဖြစ်အစိတ်အပိုင်းတစ်ခုဖြစ်ခဲ့သည်။

သမားရိုးကျ စစ်ဘက်သုံး phased array radar တစ်ခုသည် ဒေါ်လာသန်းပေါင်းများစွာ ကုန်ကျနိုင်ပြီး သီးသန့်ယာဉ်များ သို့မဟုတ် အခိုင်အမာတပ်ဆင်မှုများ လိုအပ်သည်ထိ လေးလံနိုင်သော်လည်း Echodyne ကုမ္ပဏီသည် ရေဒါတစ်လုံးလျှင် ဒေါ်လာ ၅၀၀၀၀ အောက်ဖြင့် ဝယ်ယူနိုင်သော လက်ဖဝါးအရွယ်အစားရှိ MESA ရေဒါဗားရှင်းများကို တည်ဆောက် ထုတ်လုပ်နိုင်ခဲ့သည်။ ဤကဲ့သို့ ကုန်ကျစရိတ် သက်သာသော တည်ဆောက်ပုံမှာ တန်ဖိုးနည်းစီးပွားဖြစ်နှင့် စစ်ဘက်သုံးဒရုန်းအန္တရာယ်များ တစ်စထက်တစ်စ တိုးပွားလာနေပြီး သမားရိုးကျ တန်ဖိုးကြီးရေဒါဘတ်ဂျက်များကိုအသုံးချရန် မဖြစ်နိုင်တော့သည့် လက်ရှိကာလ အခြေအနေများတွင် အလွန်ပင်အရေးပါကြောင်း သိရသည်။

**Echodyne's drone-hunting radar gets easier to use in the field ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# စကားနဲ့စာ သိမှတ်စရာ

သတင်းစာဆရာတစ်ဦး

**"ရှင်သန်တက်ကြွ၊ နိုးထလှုပ်ရှား**
**စွမ်းအားထက်မြက်၊ သွက်လက်ရွှင်လန်း**
**အပင်ပန်းခံ၊ အားမာန်အပြည့်**
**သိမ်မွေ့ချိုသာ၊ ပျူငှာယဉ်ကျေး**
**ပြည်သူ့ဆက်ဆံရေး။"**

**ဗိုလ်ချုပ်ကြည်အောင်**
**(ပြန်ကြားရေးဝန်ကြီး၊ ငြိမ်း)**

လေးစားအားကျစရာကောင်းတဲ့၊ စာရေးအားအလွန်ကောင်းတဲ့ စာရေးဆရာ၊ ဆရာမကြီးတွေ ရှေ့မှာရှိကြပါတယ်။ စာအုပ်ပေါင်း ၂၀၀ ကျော်ရေးတဲ့ ဒေါက်တာမတင်ဝင်း၊ ဆရာချစ်စံဝင်း၊ စာအုပ်ပေါင်း ၃၀၀ ကျော်ရေးတဲ့ ဆရာမယုဝတီခင်စိန်လှိုင်၊ စာအုပ်ပေါင်းများစွာရေးခဲ့ကြတဲ့ ဆရာကြီးမောင်ထင်၊ ဗန်းမော်တင်အောင်၊ သခင်မြသန်း၊ သိန်းဖေမြင့်၊ ဓူဝံ၊ နတ်နွယ်၊ မြသန်းတင့်၊ တက္ကသိုလ်ဘုန်းနိုင်၊ တက္ကသိုလ်တင်မြင့်၊ မောင်ခင်မင်(ဓနုဖြူ)စတဲ့ ပုဂ္ဂိုလ်များရဲ့ ကြီးမားတဲ့ကျေးဇူးတရားကို ဂုဏ်ပြုဦးညွှတ်မိပါတယ်။

ကမ္ဘာပေါ်မှာ ထင်ရှားတဲ့စာရေးအားကောင်းခဲ့ကြသူများလည်း ရှိကြပါတယ်။ ဘာဘာရာကတ်တလင်းဟာ ဝတ္ထုရှည် အုပ် ၇၀၀ ရေးခဲ့တယ်။ အင်္ဂလိပ်ခရစ်စတီရဲ့ဝတ္ထုတွေ ကမ္ဘာတစ်ဝန်း အုပ်ရေသန်းပေါင်း ၂၀၀၀ တောင်ရောင်းခဲ့ရတယ်။ ဘော်စတွန်တက္ကသိုလ်က သိပ္ပံပါမောက္ခ အစ်ဆက်အက်ဆီမော့ဗ် (၁၉၂၀-၁၉၉၂)ဟာ စာအုပ်ပေါင်း ၅၀၀ ကျော်ရေးခဲ့လို့ ထင်ရှားပါတယ်။ ကလေးစာပေရေးသူ စာရေးဆရာမ အဲနစ်မေရီဘလစ်တန်ဟာ စာအုပ်သန်းပေါင်း ၅၀၀ ရောင်းခဲ့ရတယ်။ ဝီလျံရှိတ်စပီးယားရဲ့ပြဇာတ်၊ ဝတ္ထုစာအုပ်များဆိုရင် စာအုပ်ပေါင်း သန်း ၄၀၀၀ ကျော် ရောင်းခဲ့ရတယ်။ ရောင်းကောင်းနေဆဲပဲ။

အပြောအဆိုနဲ့ပတ်သက်တဲ့စကားအကြောင်း၊ အရေးအသားနဲ့ပတ်သက်တဲ့စာပေအကြောင်းတို့ကို တိုတိုရှင်းရှင်းနဲ့အနှစ်ချုပ်တင်ပြချင်တာပါ။ ဘာလို့လဲ။ ဒီလိုပါ။

ခေါင်းဆောင်မှုကို ထက်မြက်ထိရောက်စေချင်လို့ပါ။ **ခေါင်းဆောင်ဆိုတာ မိမိဘာသာခေါင်းဆောင်လုပ်နေလို့မရပါဘူး။ နောက်လိုက်ငယ်သားများရှိရပါတယ်။ ငယ်သားတွေက ခေါင်းဆောင်လို့ အသိအမှတ်ပြုတာခံရမှ ခေါင်းဆောင်ဖြစ်တာခင်ဗျ။**

**ဒါဆိုခေါင်းဆောင်မှာ ငယ်သားအပေါ် လုပ်ဆောင်ရမယ့် အခြေခံလိုအပ်ချက်က ဘာလဲ။**

**၁။ ရင်းနှီးမှုရအောင် လုပ်ဆောင်ရပါမယ်။**

**၂။ ယုံကြည်မှုရအောင်လုပ်ဆောင်ရပါမယ်။**

(လူတိုင်းသိကြတယ်တော့ မထင်လေနဲ့နော်။ အချို့လူတွေဟာ ခေါင်းဆောင်နေရာရောက်လာကြပေမယ့်လဲ နောက်လိုက်ငယ်သားတွေဆီက ဒီနှစ်ခုရရှိအောင် မစွမ်းဆောင်နိုင်ခဲ့ကြပါဘူး။ ဟုတ်တယ်နော်။) ဘယ်သူ့ကိုမှ အပြစ်မဆိုပါဘူး။ အပြစ်မတင်ပါဘူး။ **ရင်းနှီးမှုရအောင်၊ ယုံကြည်မှုရအောင် လုပ်ဆောင်ဖို့ရာက လွယ်ကူတဲ့အရာမှမဟုတ်တာ။ ဘာလိုသလဲ။**

**ပြောတတ်ဆိုတတ်ရတယ်။**

**ရေးတတ်သားတတ်ရတယ်။** လူမှုဆက်ဆံရေးပါ။

လက်အောက်ငယ်သား၊ အဖွဲ့ဝင်အသင်းသားများ သို့မဟုတ် ရဲဘော်ရဲဘက်ပရိသတ်ကို မိမိမြင်သလိုမြင်အောင်၊ **မိမိခံစားသလို ခံစားရအောင်၊ မိမိနားလည်ခံယူသလို ခံယူအောင်(သူတို့ရင်ဘတ်ထဲ ထည့်ပေးနိုင်ဖို့) ရေးတတ်ပြောတတ်ရပါတယ်။** မလွယ်လှပါဘူး။

အင်္ဂလိပ်စာပေမှာ စာပေလက်ရာဝတ္ထု၊ ကဗျာများအပေါ်မူတည်ပြီး အစုနှစ်စု ခွဲခြားခေါ်ဝေါ်ကြတယ်။

၁။ Pathos = အလွမ်းပိုင်နိုင်တဲ့ စာရေးဆရာအုပ်စု၊

၂။ Wit and Humour = ရွှင်ရွှင်လန်းလန်းရေးတတ်တဲ့ စာရေးဆရာအုပ်စု၊

ပရိသတ်ကို နှစ်သက်သဘောကျလာအောင် ဆွဲဆောင်ဟောပြော၊ ရေးသားဖို့အတွက်က နှစ်မျိုးစလုံးလိုအပ်ပါတယ်။ ဟာသမှာလဲ နှစ်မျိုးနှစ်စား ကွဲပြားကွဲပြန်သေးသတဲ့(မှတ်မိသမျှကို ပြန်တင်ပြတာပါ)

(က) Wit – အပေ့ါစားရယ်စရာ(ကြူမွှေး၊ ကြပ်ကလေး၊ အီကြာကွေး၊ အကြည်တော်။)

**❖ စကားမပြောခင်၊ စာမရေးခင်စဉ်းစားရပါတယ်။ သင့်မသင့်၊ တော်မတော်ချင့်ချိန်၊ ရွေးချယ်၊ ဆုံးဖြတ်ရပါတယ်။ ၁။ ဖြူစင်တဲ့စိတ်အခံရှိရမယ်။ ဒါမှ ကြည်လင်တယ်။ ၂။ သတိသမ္ပဇဉ်ဉာဏ်နဲ့ယှဉ်ပြီးပြောရမယ်။ ၃။ ပြောမယ့်၊ ရေးမယ့်စကားလုံး၊ ဝါကျ၊ စာပိုဒ်အကြောင်းအချက်တို့မှာ အကုသိုလ်စိတ်မပါစေရဘူး။ ဒေါသ၊ မာန၊ အာဃာတ၊ မနာလိုမှု၊ ဝန်တိုမှု၊ ဖျက်ဆီးလိုမှု၊ အပြစ်တင်ချင်မှုတွေ မပါစေရ။ ၄။ ဖတ်သူ၊ နားထောင်သူများကို (အသက်၊ ပညာ ကြီးကြီးငယ်ငယ်) လေးစားမှုဂါရဝထားရပါတယ်။ တန်ဖိုးထားရ ရှိသေရတယ်။ ဒါဟာ မိမိကိုယ်ကို ရိုသေစောင့်ထိန်းခြင်းဆိုလဲ ဟုတ်ပါတယ်။ ❖**

(ခ) Humour – အခံ့စားပြုံးချင်စရာ(ဦးပုညာ၊ ညိုမြ၊ ဇဝန၊ မောင်သော်က၊ ဆရာမင်းလူကတော့ နှစ်မျိုးစလုံးပါမလားပဲနော်။)

စကားဆိုတာကို အင်္ဂလိပ်လို Saying, Speech, Speak, Talk, Word, Mention, Lecture စသဖြင့် နေရာနဲ့ဆီလျော်အောင် ရေးကြသုံးကြပါတယ်။ ဆိုလိုရင်း၊ ဝါကျနဲ့ကိုက်ညီတဲ့ စကားလုံးမျိုးပေါ့။ စကားပြောတာနဲ့ပတ်သက်ရင် ဒီစကားလုံးတွေ သိထားသင့်တယ်ထင်တာပဲ။ (အခြေခံဒီလေးချက်လောက်တော့)

၁။ Articulacy – **အာတီကူလက်စီ၊ ဌာန်ကရိုဏ်းကျနခြင်း၊ ပီပီသသ၊ ရှင်းရှင်းလင်းလင်းရှိခြင်း၊**

၂။ Eloquency – **အဲလိုကွင်စီ၊ နှုတ်စလျှာစ၊ စကားပြောကောင်းခြင်း၊ သူတစ်ပါး ကျလောက်အောင် ဟောတတ်ပြောတတ်ခြင်း၊**

၃။ Fluency – **ဖလူးယင့်စီ၊ ဘာသာစကားအတတ်၊ ကျွမ်းကျင် တတ်မြောက်မှု၊ စကားပြောပြေပြစ်ခြင်း၊ စကားအရာတွင် ကျွမ်းကျင်လိမ္မာမှု၊**

၄။ Oratory – **အော်ရေတိုရီ၊ ဟောပြောမှုအတတ်၊ နှုတ်မှုပညာ။**

ယခုတင်ပြတာက အဖွင့်၊ အညွှန်းသဘော၊ မာတိကာစာရင်းလောက် အတိုဆုံးအရှင်းဆုံးကောက်နုတ်တင်ပြနေခြင်းပါ။ မသိသေးသူများအတွက် အဖွင့်၊ မိတ်ဆက်၊ ရှေ့ကိုအကျယ်သိအောင်က ဆက်လက်လေ့လာသွားကြရဦးမှာပါ။ ကိုယ်တိုင်စူးစမ်းရှာဖွေ၊ မေးမြန်း၊ လေ့လာကြရပါမယ်ခင်ဗျာ။

မပြောခင်မရေးခင် စာရေးသူကတော့ စာဖတ်ပရိသတ်၊ ဟောပြောပွဲပရိသတ်ကို ကြိုတင်ရည်မှန်းပြီးတော့ မေတ္တာအမြဲပို့သပါတယ်။ မေတ္တာအရင်းခံတော့ အစစအရာရာအဆင်ချောပါတယ်။ သမ္မဇဉ်တရားလေးပါး၊ စကားမပြောခင်၊ စာမရေးခင်စဉ်းစားရပါတယ်။ သင့်မသင့်၊ တော်မတော်ချင့်ချိန်၊ ရွေးချယ်၊ ဆုံးဖြတ်ရပါတယ်။

၁။ ဖြူစင်တဲ့စိတ်အခံရှိရမယ်။ ဒါမှ ကြည်လင်တယ်။

၂။ သတိသမ္ပဇဉ်ဉာဏ်နဲ့ယှဉ်ပြီး ပြောရမယ်။

၃။ ပြောမယ့်၊ ရေးမယ့်စကားလုံး၊ ဝါကျ၊ စာပိုဒ်အကြောင်းအချက်တို့မှာ အကုသိုလ်စိတ်မပါစေရဘူး။ ဒေါသ၊ မာန၊ အာဃာတ၊ မနာလိုမှု၊ ဝန်တိုမှု၊ ဖျက်ဆီးလိုမှု၊ အပြစ်တင်ချင်မှုတွေ မပါစေရ။

၄။ ဖတ်သူ၊ နားထောင်သူများကို(အသက်၊ ပညာ ကြီးကြီးငယ်ငယ်) လေးစားမှုဂါရဝထားရပါတယ်။ တန်ဖိုးထားရ ရှိသေရတယ်။ ဒါဟာ မိမိကိုယ်ကို ရိုသေစောင့်ထိန်းခြင်းဆိုလဲဟုတ်ပါတယ်။ အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုက အရေးကြီးဆုံးပဲလေ။

၅။ မှန်ကန်ရမယ်။ (စကားလုံး၊ သတ်ပုံ၊ သဒ္ဒါ၊ အခေါ်အဝေါ်၊ အသုံးအနှုန်း၊ အချက်အလက်၊ ကိန်းဂဏန်း၊ စာလုံးအတွဲအချဲ စသဖြင့်)

၆။ အကျိုးရှိစေရမယ်။

၇။ သူနှစ်လိုလက်ခံဖွယ်ရှိရမယ်။ (ဒါမှ ထိရောက်မယ်)

၈။ တရားမျှတရမယ်။

၉။ အခါအားလျော်စွာ ချင့်ချိန်ပြီးပြောရမယ်။ (တိုတိုနဲ့နားလည်နိုင်တဲ့စကားကို ရှည်လျားထွေပြားပေများနေရင် မကောင်းတော့ဘူး)

စကားနဲ့ပတ်သက်လို့ဆရာကြီးရွှေဥဒေါင်းရေးဖူးတာလေးဟာ မှတ်သားသတိထားသင့်ပါတယ်။

**"စကားပြောကောင်းရန်မှာ သွက်လက်ခြင်း၊ ပီသခြင်း၊ ချောမောခြင်းနှင့် ယဉ်ကျေးခြင်းတို့က ထင်ရှားသည်။**

**စကားပြောကောင်းခြင်းအင်္ဂါရပ်တစ်ခုမှာ ဟောပြောပွဲမှအပြန် သူတို့၏ခေါင်းထဲသို့ နက်သွင်းလိုက်သည့်နှယ် စူးဝင်သွားသည့်စကားလုံး လေးငါးလုံးသည် ဆောင်ပုဒ်ကလေးများသဖွယ် တပြောတည်းပြောလျက် ကျန်ရစ်ခြင်းပင်ဖြစ်သည်"**တဲ့။

ကြုံကြိုက်လို့တစ်ဆက်တည်းမို့ တင်ပြပါရစေ။ ဆရာကြီးရွှေဥဒေါင်း(၁၈၈၉-၁၉၇၃)ဟာ စာပေအနုပညာအရာမှာ "အလင်္ကာကျော်စွာဘွဲ့"ချီးမြှင့်ဂုဏ်ပြုခံရတာလဲ ဒီလိုအဖိုးတန်တဲ့စာမျိုးတွေကြောင့်ပါပဲ။

**"စာပေအရေးအသားတွင် မရှိမဖြစ်သဘောကျစရာလက္ခဏာအင်္ဂါရပ် သုံးချက်–**

**၁။ ရိုးရိုးလေးရေးခြင်း။ အဆန်းအကွန့်၊ အတွန့်အတက်များ ခေတ်စားတတ်သော်လည်း တာရှည်မခံပေ။**

**၂။ ရှင်းရှင်းရေးတတ်ရမည်။**

**၃။ ဖတ်၍ချောခြင်း။ ကြောင်းကြောင်းပြေးရမည်"**တဲ့။

စကားပြောတယ်ဆိုတာ လူလူချင်းဆက်ဆံရေးအရည်အသွေးကို အကောင်းအဆိုး၊ အတော်အညံ့ ဖော်ပြဖော်ထုတ်ရတဲ့အရာမျိုးပါပဲ။ အောင်မြင်တဲ့ဟောပြောသူဆိုတာ ရင်ဆိုင်ရန်မှုနေတဲ့ လက်နက်ကိုင်ရန်သူကို လက်နက်ချဒူးထောက်၊ စကားနားထောင်လာအောင် ဆွဲဆောင်နိုင်စွမ်းရှိရတာပါ။ ဘယ်သူများတုန်း။

သုံးလောကထွတ်ထား ဂေါတမဗုဒ္ဓမြတ်စွာဘုရား။(ဘီစီ ၅၆၃-၄၈၃)မဟုတ်ပါလား။ အောင်ခြင်းရှစ်ပါးမှာပါပြီးသား။ အကျယ်ပြောနေစရာမလိုတဲ့သာဓက ဇာတ်ဝတ္ထုနှစ်ပုဒ်ပါပဲ။ ဒီသက်သေကထင်ရှားပြီးသားမို့ ဇာတ်ကြောင်းမပြန်တော့ပါ။ သဲကွဲသိသာအောင် စာအုပ်စာပေရှာဖွေဖတ်ရှုပါရန်။

၁။ အာဠဝကနတ်ဘီလူး။

၂။ အင်္ဂုလိမာလလူသတ်သမားလူကြမ်းကြီး။

အာဠဝကဆိုတာ သာမန်ဘီလူးတော့မဟုတ်၊ ဘွဲ့ဖြူလက်နက်အစွမ်းအထက်ဆုံးကို ပိုင်ဆိုင်တဲ့ တန်ခိုးကြီးတဲ့နတ်ဘီလူးပေပဲ။ နတ်သဘင်ညီလာခံတက်ခွင့်ရတဲ့ အထူးနတ်ဘီလူးနော်။

ဘုရားရှင်နဲ့ရင်ဆိုင်တွေ့တော့ ပညာပြိုင်ကြ၊ တန်ခိုးပြိုင်ကြ၊ စကားဆွေးနွေးကြတော့ အဟောအပြောအမေးအဖြေမှာ ဘယ်သူသာသလဲ သဲကွဲသွားတာပဲ။

အင်္ဂုလိမာလကတော့ လူကြမ်းစိတ်ကြမ်း၊ သွေးရဲရဲသံရဲရဲလူသတ်သမားဖြစ်နေပေမယ့် သူ့ငယ်နာမည်က "မောင်သိမ်မွေ့"တဲ့။ အဟိံသကဆိုတာ နူးညံ့ယဉ်ကျေးသူ၊ "သိမ်မွေ့သူ"လို့ အဓိပ္ပာယ်ရတယ်လေ။ ဟုတ်တာပေါ့။ ကောသလဘုရင်ရဲ့ အကြံပေးပညာရှိ ဝန်ကြီးမှူးကြီးရဲ့ အမျိုးကောင်းသားပါ။ မျိုးကောင်းရိုးကောင်း။ ကြမ်းပိုးတေလေမဟုတ်ပေဘူး။ ဘုရားနဲ့တွေ့ဆုံရတော့ ကျွတ်သွားတာပါပဲ။

စကားနဲ့ပဲ အမည်းမှအဖြူသို့ ပြောင်းလဲစေလိုက်တာ။ အထင်အရှားပါပဲ။ သံဃာတော်အဖြစ် ဘုရားရှင်ထံ တပည့်ရဟန်းဖြစ်လာတယ်လေ။ လုံးဝအကြမ်းမဖက်တဲ့သူဖြစ်လာပါတယ်။

**အဟောအပြော၊ အရေးအသား၊ ကောင်းမွန်ထူးချွန်အောင် အဆက်မပြတ်ကြိုးစားအပ်ပါတယ်။ အင်မတန်အသုံးကျတန်ဖိုးရှိတဲ့ ပညာရပ်ပါ။ လူ့လောကမှာ လူမှုဆက်ဆံရေးပညာ(Social Skill)ဆိုတာက သော့ချက်အရေးအကြီးဆုံးပါပဲ။ တော်ရင်တော်သလောက် ဘဝနဲ့ခေါင်းဆောင်မှုမှာ မြင့်မားမယ်။ ညံ့ရင်ညံ့သလောက် ကျရှုံးနိမ့်ဆင်းမှာပဲ။ ဝမ်းစာရှိအောင် စာတွေပေတွေကို နေ့စဉ်နေ့တိုင်း စိတ်ဝင်တစား ဖတ်ရပါမယ်။** သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်တောင် မှန်မှန်မဖတ်ရင်တော့ ဘယ်မှာခေါင်းဆောင်ကောင်းဖြစ်နိုင်ပါမလဲ။ ဝမ်းစာမရှိသူက ပါးစပ်ဟလိုက်ရင် အဆီအနှစ်ပါတဲ့စကားမျိုးကို မပြောတတ်ရှာပါ။ လူတွေရဲ့လေးစားချစ်ခင်၊ ရင်းနှီးယုံကြည်ခံရတဲ့ခေါင်းဆောင် ပီသချင်ရင်တော့ ဝမ်းစာပြည့်အောင် စာပေကို မိတ်ဆွေဖွဲ့ကြပါ။

# မောင်နာလီဇာရုပ်ရှင်ဇာတ်ကားကို ဇူလိုင် ၃၁ ရက်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသသွားမည်ဖြစ်




**ရန်ကုန် ဇူလိုင် ၂၈**

Lavender Production က ရိုက်ကူးထုတ်လုပ်သည့် မောင်နာလီဇာ ရုပ်ရှင်ဇာတ်ကားကို ဇူလိုင် ၃၁ ရက်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မောင်နာလီဇာ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ညာလက်တော်က ရေးသားရေးဖွဲ့ထားပြီး မင်းကိုစိုး (နတ်သံကွင်း) က ဇာတ်ညွှန်းရေးထားကာ ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး) က Lavender Production အတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"သဘင် ပြန်လည်ဆန်းသစ်လာတဲ့ကာလမှာ ဒီဇာတ်ကားက တိုက်တိုက်ဆိုင်ဆိုင် ရုံပေါ်တက်လာတဲ့အတွက် သဘင်ချစ်သူတွေရော၊ ရုပ်ရှင်ချစ်သူတွေအတွက် ကျေနပ်စေမဲ့ ဇာတ်ကားလို့ ပြောချင်ပါတယ်။ ရုပ်ရှင်ချစ်၊ သဘင်ချစ် ပရိသတ်တို့ရင်ကိုထိစေမဲ့ မောင်နာလီဇာလာပါပြီ။ မိုနာလီဇာက ပန်းချီကားထဲမှာ ပြုံးတယ်။ မောင်နာလီဇာကတော့ ဇာတ်ခုံပေါ်မှာ ပြုံးမယ်။ မိုနာလီဇာ အပြုံးလိုချိုတဲ့ ဇာတ်မင်းသားလေး မောင်နာလီဇာ ပြုံးချိုရဲ့ လက်တွေ့ဘဝဇာတ်ခုံကရော ပန်းချီကား တစ်ချပ်လို လှပနေမလားဆိုတာကတော့ ငွေရောင်ပိတ်ကားထက်မှာ ရှုစားကြပါလို့ ပြောချင်ပါတယ်" ဟု အဆိုပါ ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ မြင့်မြတ်က ပြောပြသည်။

မောင်နာလီဇာ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် မြင့်မြတ်၊ ခင်လှိုင်၊ ရဲမိုး(သဘင်)၊ ဇင်မျိုး၊ နေလင်း၊ ချစ်လူလူ၊ သိန်းဇံ၊ သီဟ၊ အိုကေ၊ ဖြိုးရာဇာနိုင်၊ မင်းခန့်၊ စိုးကြီး၊ မျိုးကြီး၊ သီဟ (လာဗင်ဒါ)၊ ခိုင်သင်းကြည်၊ အေးဝတ်ရည်သောင်း၊ စမိုင်းလ်၊ ပိုပိုချစ်၊ မွှံနံ့သာ၊ ဇာခြည်လွင်၊ စိုးစိုး၊ နန်းရွှေအိမ်၊ မိုးအိန်ဂျယ်၊ ပွင့်အိန္ဒြေ၊ ကလေးသရုပ်ဆောင်များအဖြစ် မင်းဘုန်းမြင့် ၊ ထက်ပိုင်ဦးနှင့် အနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။ ASH

# Switch အမည်ရှိ ဟာသဇာတ်ကားကို ဒါရိုက်တာ မိုရီနီကီဂျိုလာအီဗင် ရိုက်ကူးမည်

**နယူးယောက် ဇူလိုင် ၂၈**

Switch အမည်ရှိ အချစ်ဟာသ ဇာတ်ကားကို ဝါရင့်ရုပ်သံဒါရိုက်တာ မိုရီနီကီဂျိုလာအီဗင်က တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း ဇူလိုင် ၂၇ ရက် သတင်းများအရ သိရသည်။

Switch ဇာတ်ကားသည် လူမည်းအမျိုးသားတစ်ဦးနှင့် လူဖြူအမျိုးသားတစ်ဦး သီတင်းတစ်ပတ်ကြာ ရုပ်ခန္ဓာချင်း ပြောင်းလဲသွားမှုကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဟာသဇာတ်ကားဖြစ်သည်။

Switch ဇာတ်ကားတွင် လူမည်းမင်းသမီး အလတ်ဆစ်လော်ဒါက အဓိက ဇာတ်ကောင်အဖြစ် တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Switch ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အဲလစ်ရီးဗက်က တာဝန်ယူရေးသားပေးထားသည်။

အမျိုးသမီး ဒါရိုက်တာ မိုရီနီကီဂျိုလာအီဗင်သည် ယခင်က Grey's Anatomy iCarly နှင့် How I Met Your Father ဇာတ်ကားများကို ရိုက်ကူးပေးခဲ့သူဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Switch ဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**




# တေးသံရှင် မျိုးကျော့မြိုင်၏ Echoes of a Thousand Stars တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို ဒဂုံမြို့နယ် Taw Win Garden Hotel တွင် ပြုလုပ်မည်

**ရန်ကုန် ဇူလိုင် ၂၈**

တေးသံရှင် မျိုးကျော့မြိုင်၏ Echoes of a Thousand Stars တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် Taw Win Garden Hotel၊ Grand Ballroom ၌ ဩဂုတ် ၁၅ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တေးသံရှင်မျိုးကျော့မြိုင်၏ Echoes of a Thousand Stars တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် မျိုးကျော့မြိုင်၏ သီဆိုဖျော်ဖြေမှုများကို မိရာမိုရ် ဦးဆောင်သည့် ဂီတကဗျာ Orchestra က Live Orchestra အပြည့်နဲ့ ပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ပြီး Echoes of a Thousand Stars ၏ Official Broadcasting Partner အဖြစ် Channel K ရုပ်သံလိုင်းမှ ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။




"The Royal Unplugged ရဲ့ စင်မြင့်ပေါ်မှာ ကျွန်တော့်ရဲ့ တစ်ကိုယ်တော်ဖျော်ဖြေမှုတွေကို ဆရာမိရာမိုရ်ဦးဆောင်တဲ့ ဂီတကဗျာ Orchestra က Live Orchestra အပြည့်နဲ့ ပံ့ပိုးတီးခတ်ပေးသွားမှာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ သီဆိုဖျော်ဖြေမှု၊ ဂီတကဗျာ Orchestra ရဲ့ ခမ်းနားတဲ့ Live Arrangement တို့ ပေါင်းစပ်မဲ့ ဒီဖျော်ဖြေပွဲဟာ ဂီတချစ်သူတိုင်း လက်မလွတ်သင့်တဲ့ ညတစ်ည ဖြစ်လာမှာ အသေအချာပါပဲ"ဟု တေးသံရှင် မျိုးကျော့မြိုင်က ပြောပြသည်။

တေးသံရှင် မျိုးကျော့မြိုင်၏ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို Taw Win Garden Hotel၊ Grand Ballroom ၌ ဩဂုတ် ၁၅ ရက် ည ၇ နာရီတွင် စတင်မည်ဖြစ်ကြောင်း သိရသည်။

ASH

# မာဗယ်စတူဒီယို၏ Black Panther -3 ဇာတ်ကားသစ်၌ မင်းသား ဒေးဗစ်ဂျွန်ဆင် ပါဝင်သရုပ်ဆောင်မည်ဖြစ်

**နယူးယောက် ဇူလိုင် ၂၈**

မာဗယ်စတူဒီယို၏ Black Panther -3 ဇာတ်ကားသစ်တွင် မင်းသား ဒေးဗစ်ဂျွန်ဆင် ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း ဇူလိုင် ၂၇ ရက် သတင်းများအရ သိရသည်။

Black Panther -3 ဇာတ်ကားတွင် မင်းသား ဒေးဗစ်ဂျွန်ဆင်သည် မင်းသား တီချာလာ-၂ အဖြစ် ပါဝင်သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားတွင် မင်းသား ဒေးဗစ်ဂျွန်ဆင်သည် မင်းသား ဝင်စတန်ဂျူ၊ မင်းသမီး လက်တီရှားရိုက်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Black Panther -3 ဇာတ်ကားကို ဒါရိုက်တာ ရိုင်ယန်ကိုးဂလားက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

မင်းသား ဒေးဗစ်ဂျွန်ဆင်သည် Alien Romoulus ဇာတ်ကားနှင့် The Long Walk ဇာတ်ကားများတွင် ပါဝင်သရုပ်ဆောင်ထားသည်။

Black Panther -3 ဇာတ်ကားကို ၂၀၂၈ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် ရုံတင်ပြသရန် မာဗယ်စတူဒီယိုက စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# Cloud Seven Production က ရိုက်ကူးတင်ဆက်မည့် မ ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနား ပြုလုပ်

**ရန်ကုန် ဇူလိုင် ၂၈**

Cloud Seven Production က ရိုက်ကူးတင်ဆက်မည့် မ ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ ဗိုလ်တထောင် စေတီတော်တွင် ဇူလိုင် ၂၇ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မ ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို မိုးနီလွင်က ရေးသားထားပြီး ဒါရိုက်တာ Snow Miley က Cloud Seven Production အတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနေ့ Cloud Seven က ထုတ်လုပ်တဲ့ မ ဇာတ်လမ်းတွဲ ကန်တော့ပွဲပေးတာပါ။ ဒါရိုက်တာ Snow Miley နဲ့ ပထမဦးဆုံးတွေ့ဆုံတာပါ။ ကိုယ့်အတွက် First Time ဖြစ်လို့ နည်းနည်းတော့ ရင်ခုန်စိတ်လှုပ်ရှားပါတယ်။ မောင်လေး အာကာနဲ့လဲ ပထမဦးဆုံး စဆုံတာပါ။ သင်ဇာ့ရဲ့ ဒုတိယမြောက် ဇာတ်လမ်းတွဲ ရိုက်ကူးတာလို့ ပြောလို့ရပါတယ်။ ရှေ့မှာ ဇာတ်လမ်းတွဲက တစ်ကားပဲ ရိုက်ဖူးတာပါ။ ဇာတ်လမ်းလေးက ကောင်းပါတယ်။ တကယ်လို့ ထွက်လာရင် စောင့်ကြည့်စေချင်ပါတယ်"ဟု အဆိုပါ ဇာတ်လမ်းတွဲတွင် ပါဝင်မည့်သရုပ်ဆောင် သင်ဇာဝင့်ကျော်က ပြောပြသည်။

အဆိုပါ မ အမည်ရှိ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ဖြိုးငွေစိုး၊ အာကာမျိုးမင်း၊ ခန့်အုပ်စိုး၊ စိုးမြတ်သူဇာ၊ သင်ဇာဝင့်ကျော်၊ နန်းဦးလှိုင်၊ ယုစီလာဝင်း၊ အေဒီဦး၊ လဲ့ရည်ဝင်းနှင့် အနုပညာရှင်ပေါင်းများစွာ ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း သိရသည်။

ASH

# President U Min Aung Hlaing delivers speech at opening of Myanmar-Japan Business Forum



**President U Min Aung Hlaing delivers a speech at the opening of Myanmar-Japan Business Forum.**

**Nay Pyi Taw July 28**

Aimed at further strengthening Myanmar-Japan friendly ties and comprehensively developing socioeconomic sector of Myanmar, the Myanmar-Japan Business Forum jointly organized by the Ministry of Foreign Affairs, the Association of Myanmar-Japan Socio-Economic Development Cooperation, and Ingo Peace of Japan, took place at the Myanmar Convention Centre (Yangon) in Mayangon Township of Yangon Region this morning, with an address by President of the Republic of the Union of Myanmar U Min Aung Hlaing.

Also present at the ceremony were Union Ministers U Mya Tun Oo, Lt-Gen Nyunt Win Swe, U Aung Kyaw Hoe, Dr Kan Zaw, U Htein Linn, U Myo Zaw Thein, Dr Charlie Than, U Khin Maung Soe, U Tun Ohn, U Myo Thant and U Maung Myint, Chairman of the Myanmar National Human Rights Commission U Thit Linn Ohn, Yangon Region Chief Minister U Aung Naing Thu, the Regional Hluttaw Speaker, the commander of Yangon Command, deputy ministers, regional cabinet members, departmental officials, the president of the Republic of the Union of Myanmar Federation of Chambers of Commerce and Industry, Chairman of Indo Peace of Japan Mr. Nakazawa Hiroyuki, heads of top Japanese companies, the chair and officials of Association of Myanmar-Japan Socio-Economic Development Cooperation, officials from Japanese companies, chairs and officials from associations, and officials from Myanmar companies operating trade with Japan.

The President inaugurated the forum with the digital technology. Artistes from the Ministry of Hotels, Tourism and Culture performed the choral dances titled "Dances in Royal Palace with sweet song".

In his opening speech, the President said that the mutual respect, affection, friendship, and close bonds between the peoples of Myanmar and Japan have remained deeply rooted and enduring to the extent that they can be regarded as a model in the history of relations between the two countries. Diplomatic relations between the two countries were established in 1954, and have now continued for more than 70 years. It is acknowledged and appreciated that the bilateral relations and economic investments between the two countries have made significant contributions to the social development and human resource development of the people of Myanmar.

According to bilateral trade statistics, Myanmar-Japan bilateral trade has shown growth, with the total trade value reaching US$1,334.795 million in the 2023-2024 financial year, US$1,194.394 million in the 2024-2025 FY, and US$1,343.665 million in the 2025-2026 FY.

In the 2024-2025 FY, Myanmar's exports to Japan were valued at US$1,058.58 million, while imports from Japan amounted to US$135.81 million. The total bilateral trade value between Myanmar and Japan in the 2024-2025 fiscal year was US$1,194.394 million. Japan accounted for 4.38 per cent of Myanmar's total trade and ranked as Myanmar's sixth-largest trading partner.

The major export products from Myanmar to Japan include garments, footwear, pulses and beans, pearls, and electrical equipment. The main import products from Japan are textiles, transport equipment, electrical machinery, machinery and mechanical appliances, and lace and lace fabrics. So, the President expressed his hope that the Myanmar-Japan Business Forum will further promote bilateral trade between Myanmar and Japan to a greater extent than before.

Reviewing the investment as well, Japan is one of the key countries playing an important role in Myanmar's investment sector. In particular, the Thilawa Special Economic Zone (Thilawa SEZ) is a prominent symbol of cooperation between the two countries. It can be seen that Japan has made investments worth billions of dollars in sectors including industrial zones, manufacturing, logistics, energy, and services.

In the Thilawa Special Economic Zone project, Japan plays a leading role with the largest share of investment, accounting for 29.92 per cent, and it can be regarded as a flagship project of Myanmar-Japan economic cooperation. More than 50 Japanese companies have invested in the Thilawa Special Economic Zone and are operating businesses there. From 2014 to March 2026, a total of 126 companies from 21 foreign countries, including Japan, as well as Myanmar companies, have been granted approval to invest in the Thilawa Special Economic Zone, with total investments exceeding US$2.3 billion.

At present, the government is placing emphasis on ensuring a stable supply of electricity for factories within the Thilawa Special Economic Zone and facilitating smoother and more convenient business operations, including through the provision of One-Stop Services. In addition, efforts are being promoted to strengthen supply chains by linking with domestic Micro, Small and Medium Enterprises (MSMEs). Japanese investors are also invited to further increase their investments in sectors that can produce value-added products by utilizing Myanmar's agricultural and livestock-based raw materials, as well as in advanced technology sectors that contribute to environmental conservation.

Japan's MSME and SME sectors have played an important role in the country's development into an advanced nation up to the present day.



**President U Min Aung Hlaing observes an exhibition booth.**

Myanmar is also making efforts to promote the development and growth of MSME businesses. The President reiterated that Myanmar welcomes investment from Japan in the MSME sector.


According to investment data in our country, Japan is the ninth-largest foreign investor in Myanmar, with a total investment amount of US$1,869.056 million. A total of 127 investment projects from Japan are currently operating and carrying out business activities in Myanmar.

Around 300 Japanese companies are currently operating businesses in Myanmar, and more than 1,500 Japanese nationals are residing in the country. This has facilitated smooth economic cooperation between business communities of the two countries as well as people-to-people exchanges, and will also contribute to further strengthening and promoting the friendly relations and close ties between Myanmar and Japan.

Myanmar is situated at a strategic geographical location between India and China, the world's most populous countries, and Bangladesh, another highly populous nation, with a vast market and a rapidly developing ASEAN region at its heart. Moreover, Myanmar possesses favourable foundations for economic growth and development, and is a country rich in human resources and abundant natural resources. It is an agriculture-based nation with plentiful water resources and vast tracts of potential arable land. With diverse climatic conditions, terrains, and seasons, it can easily cultivate not only perennial crops but also seasonal produce such as rice, pulses, corn, fruits, and vegetables. Our government is striving to transition from traditional farming methods to a modernized, productivity-driven, and sustainable agriculture-based economic system.

Furthermore, in order to meet the country's current needs, we are encouraging and inviting investment in sectors such as fertilizer production, public transportation, *See Page 13*

# President of Republic of Union of Myanmar U Min Aung Hlaing inspects Diesel Locomotive Factory (Mahlwagon) of MR, Ministry of Transport



President U Min Aung Hlaing inspects DEMU locomotives at the Diesel Locomotive Factory (Mahlwagon).

**Nay Pyi Taw July 28**

President of the Republic of the Union of Myanmar U Min Aung Hlaing, accompanied by members of his entourage, the chief minister of Yangon Region, the commander of Yangon Command and officials, inspected Diesel Locomotive Factory (Mahlwagon) of Myanmar Railways of the Ministry of Transport this morning.

First, the President heard reports on the brief history of the factory, the vision and objectives, appointment of staff, implementation of instructions given by the Head of State during previous visits, measures taken for durability of railroads, construction of freight carriages, sending staff on study tours to other countries based on their fields of work to enhance their capabilities to implement international standard rail transportation, preparations for production of electric engines, plans to operate three freight trains along Yangon-Mandalay railroad section and three passenger trains along Yangon circular railroad by manufacturing BEL locomotives, operations of trains along Bago-Taungoo and Taungoo-Nay Pyi Taw railroad sections by replacing RBEs with BEMUs, preparations for electricity and signal communications to operate electric trains along Yangon-Mandalay railroad section, operations of trains along railroad sections depending on passenger traffics, consistent efforts for maintenance of locomotives and cleanliness and tidiness of locomotive factories and yards, conditions of trains in operation, operations, pauses and maintenance of diesel and DEMU locomotives and reviews and assessments on defects submitted by Union Minister for Transportation and for Digital Development and Communications U Mya Tun Oo at the meeting hall of the factory.

Over the reports, the President pointed out the needs to conduct research consistently to produce and use better locomotives at home, to take steps to improve craftsmanship and strength of machinery in production, to construct staff quarters systematically for high living standards of them, to complete construction works according to their schedules for respective fiscal year in a timely manner, to operate steam locomotives after repairing and carry out maintenance works in their original styles, to lay ballasts and sleepers systematically to reinforce railroads, to carry out maintenance works along unused railroads to make them ready for train operations, to carry out locomotive maintenance works according to their designated operation hours, to take systematic measures for precise departures and arrivals according to their timetables as rail transportation is used by the public, to make consistent efforts for cleanliness and tidiness of passenger carriages and disciplined rides and convenience of passengers that meet their standards.

Then, the President made remarks on consistent development rail transportation, saying as efforts are currently being made to use electricity sufficiently in the country, the government has been supporting production of battery locomotives domestically and operation of them along some railroads. Railroad bridges must be built over busy railroads without fail and preparations must be made to construct subways in Yangon. In building railroads, carriages and infrastructures for rail transportation, future technical needs must be anticipated. It is necessary to take targeted measures to operate electric trains in the future. Continued steps must be taken to assemble DEMU trains with our own designs domestically. It is necessary to improve the construction of trains in our country by consistently studying train construction technologies from other countries. Maintenance works must be carried out for improvement of railroad crossings.

Afterward, the President inspected DEMU locomotives under regular maintenance tasks in the factory and gave necessary instructions on reports of responsible officials. MNA

---

*From Page 12*

electric vehicle production, cement production, steel manufacturing, value-added agricultural and livestock products, and pharmaceutical and medical equipment production. We are also promoting the development of high-value rubber products based on our strong raw material base, as well as rubber-based tyre and furniture manufacturing industries.

Our government is continuously working to create a more transparent, robust, and open business environment for investors, to streamline procedures and regulations, and to provide appropriate policy support. We sincerely invite Japanese businesspeople to confidently participate and invest in Myanmar's long-term development. The state always welcomes investments from Japanese enterprises and will provide necessary support to the best of our ability.

Myanmar is prioritizing and inviting investment in essential energy infrastructure projects, as well as in agriculture, livestock and agro-based industries, renewable energy production, education, health, technology, and digital services.

Following the free and fair elections in our country, the new government is implementing economic reforms to improve the business and investment climate. For example, we have reduced tariff rates for investments related to the development of electric vehicles (EVs) and associated industries. We are particularly reviewing regulatory procedures and transitioning to digital systems to make processes easier and faster, and we are currently developing the Myanmar Digital Roadmap 2030. We are also implementing the Yadanabon Cyber City project, covering approximately 10,000 acres in a favourable climate zone in central Myanmar, and we invite interested Japanese investors to participate.

We believe that this forum will serve as a good foundation for further enhancing existing trade and investment between our two countries. We are confident that by combining Myanmar's natural resources, agricultural potential, youth and labor force strengths with Japanese businesspeople's advanced technology, capital, management experience, and technical expertise, we can build a stronger win-win economic environment.

Japanese businesspeople attending this "Myanmar-Japan Business Forum" will see for themselves that Myanmar is peaceful and stable, with businesses operating normally. We therefore ask our friends attending to convey these realities to the Japanese people.

We wish for stronger ties between businesspeople from both sides through today's forum, and for increasingly solid opportunities and positive outcomes in economic cooperation.

The Chairman of Ingo Peace from Japan then explained the purpose of holding the Myanmar-Japan Business Forum. He expressed his sincere pride and joy in being able to hold this opening ceremony. He extended special thanks and appreciation to the members of the Myanmar-Japan Socio-Economic Development Cooperation Association who worked tirelessly to make this forum a reality. As a Japanese citizen, he expressed great happiness at being able to create an opportunity to jointly discuss future cooperation between the two countries under the framework of Myanmar-Japan bilateral collaboration. He expressed hope that both nations could work together to build a new future filled with hope and prosperity. He also offered his best wishes that today's Myanmar-Japan Business Forum would mark a new step, opening a new chapter in the history of friendship and cooperation between the two countries.

Afterward, the Chairman of Ingo Peace of Japan respectfully presented a commemorative gift for the opening of the Myanmar-Japan Economic Forum to the President. Following this, students from the National University of Arts and Culture (Yangon), under the Department of Fine Arts of the Ministry of Hotels, Tourism, and Culture, performed a dance to the Japanese song "Sakura" (Cherry Blossoms).

Subsequently, the President and attendees of the ceremony took a commemorative group photo.

After the ceremony, the President and the attendees toured the exhibition booths set up for the opening of the Myanmar-Japan Business Forum with great interest.

MNA

# Vice President Daw Nan Ni Ni Aye addresses 1/2026 Plenary Meeting of Farmers' Rights Protection Body



**Vice President Daw Nan Ni Ni Aye addresses the 1/2026 Plenary Meeting of the Leading Body for the Protection of Farmers' Rights and Enhancement of Their Benefits.**

**Nay Pyi Taw July 28**

The 1/2026 Plenary Meeting of the Leading Body for the Protection of Farmers' Rights and Enhancement of Their Benefits was held this afternoon at the meeting hall of the Ministry of Agriculture, Livestock and Irrigation in Nay Pyi Taw and Vice President Daw Nan Ni Ni Aye, who serves as Chair of the Leading Body, attended the meeting and delivered the opening address.

The meeting was attended by the Secretary and members of the Leading Body for the Protection of Farmers' Rights and Enhancement of Their Benefits, including Union ministers, the Chairman of the Nay Pyi Taw Council, the Governor of the Central Bank of Myanmar, deputy ministers, heads of departments, vice chairpersons of relevant organizations, experts, and other responsible officials. Chief ministers and officials from the regions and states participated virtually via an online platform.

In her opening remarks, Vice President Daw Nan Ni Ni Aye said that Myanmar's economic development is based on agriculture and livestock farming, making the long-term development of these sectors critically important. She stressed the need to safeguard the rights and interests of farmers and livestock breeders from any losses or disadvantages. She also emphasized that sustained support is needed to ensure access to the key requirements for agricultural and livestock production—quality seeds and breeds, fertile land, water resources, appropriate technologies, and capital. She said farmers should have access to quality seeds, seedlings, breeding stock, fertilizers, pesticides, water resources, animal feed, veterinary medicines, and the necessary technical assistance. She further noted that coordinated efforts are required to ensure that smallholder farmers, who often lack sufficient capital, can obtain affordable agricultural loans.

The Vice President said it is essential to ensure that all farmers have access to markets by providing them with information on domestic and international market opportunities, as well as modern information technologies. She added that smallholder farmers who have limited market access should be supported through farmer groups and cooperatives so they can collectively buy inputs, market their produce, and conduct business more effectively. She also noted that the government has been increasing agricultural loans through the Myanma Agricultural Development Bank in line with seasonal requirements and farmers' needs. In addition, the government has established an Economic Promotion Fund to assist rice and oilseed growers by supplying fertilizer under a deferred payment system, allowing farmers to repay the cost after harvesting their crops. Furthermore, she stressed the need to strengthen reliable rural credit and financial systems to enable farmers to more readily invest in and adopt new agricultural and livestock production technologies.

It is necessary for relevant members to study the market and trade information and trade policies published by regional organizations such as ASEAN, BIMSTEC, and the Greater Mekong Subregion (GMS) in advance so that they can be informed in advance and to warn their farmers about the risks of major market fluctuations when their products are ready for export.

The Vice President said that Myanmar is one of the countries in the region endowed with abundant land and water resources, and these resources should be utilized to their fullest potential. She stressed that the country must adapt its agricultural and livestock production systems to keep pace with the evolving global food system. She added that this transition should not only aim to achieve food security, but also ensure adequate nutrition, food safety, increased productivity, and long-term sustainability. To this end, she said, the necessary policies should be formulated and effectively implemented. She also urged all relevant stakeholders to strictly comply with existing laws, rules, regulations, policies, and assigned responsibilities, while continuing to work toward greater progress in the agricultural and livestock sectors.

Following the Vice President's remarks, the Secretary of the Leading Body, Union Minister for Agriculture, Livestock and Irrigation U Min Naung, briefed the meeting on the organizational structure and assigned responsibilities of the Leading Body for the Protection of Farmers' Rights and Enhancement of Their Benefits, its working committee and task forces, as well as the progress of their ongoing activities.

The members of the Leading Body then discussed sector-specific initiatives related to the protection of farmers' rights and the enhancement of their benefits. They reviewed the implementation status of decisions adopted at the previous meeting, reported on the progress of ongoing activities, and presented plans for future work within their respective sectors. The Vice President provided additional remarks, coordinated on matters requiring further action, delivered the closing address, and the meeting was adjourned. MNA

# Hamas delegation heads to Cairo for Gaza ceasefire talks

**Gaza July 28**

A delegation from the Islamic Resistance Movement (Hamas) left for the Egyptian capital Cairo on Tuesday to continue negotiations on implementing the second phase of the Gaza ceasefire agreement, the movement said.

In a press statement, Hamas said the delegation will meet with Egyptian officials and mediators from Egypt, Qatar and Türkiye, as well as representatives of Palestinian factions, to consolidate the ceasefire.

The meetings will also focus on ensuring the implementation of commitments reached during talks in Egypt's Sharm El-Sheikh, particularly those related to the humanitarian situation in the Gaza Strip and the transition to the second phase of U.S. President Donald Trump's peace plan, according to the statement.

The visit came two days after Israel approved the deployment of an international stabilization force in the Gaza Strip as part of Trump's 20-point Gaza peace plan.

The United States announced in January the launch of the plan's second phase, which includes a full Israeli military withdrawal from Gaza, the disarmament of Hamas, the start of reconstruction efforts, and the establishment of a transitional governing authority.

Xinhua

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၅၂၆၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ခန္တီး ဇူလိုင် ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၅၂၆၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၈၂၇၉ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၂၆၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ခန္တီးမြို့နယ်မှာ စပါးဧက ၈၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာမှာ ဒီနေ့မှာ ၅၂၆၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာနဲ့ မျိုးတွေ၊ သွင်းအားစုတွေကို ပံ့ပိုးဆောင်ရွက်ပေးသွားပါမယ်" ဟု ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြသည်။

ယခုနှစ် ခန္တီးမြို့နယ်တွင် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်း ကောင်းမွန်စေရန် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှု ကင်းထောက်ခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း သီးထပ်ရင်ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဓနုဖြူ ဇူလိုင် ၂၈

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇွန်လအတွင်းက သီးထပ်ရင်ဆန် ၂၄ ပြည်ဝင်အိတ်ရေ၄၇၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိထွန်းထံမှ သိရသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်မေလအတွင်း သီးထပ်ရင်ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၃၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့်ဇွန်လအတွင်း သီးထပ်ရင်ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ထဲကို ပြီးခဲ့တဲ့ဇွန်လအတွင်းက သီးထပ်ရင်ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဓနုဖြူမြို့နယ်ကနေ ဆန်အပါအဝင် လယ်ယာ ထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံး တင်ပို့ရောင်းချနေပါတယ်။ သီးထပ်ရင်ဆန်က ဆန်ကြမ်းအုပ်စုထဲမှာ ပါတဲ့ အမျိုးအစားဖြစ်ပါတယ်။ အဲဒီဆန်တွေကို ရန်ကုန်ဈေးကွက်ဘက်က ဝယ်ယူမှုများနေလို့ အရောင်းအဝယ်ကောင်းလာတာ



ဖြစ်ပါတယ်" ဟု ဓနုဖြူမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိထွန်းက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် သီးထပ်ရင်ဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၉၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဆန်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် စပါးစိုက်တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်း ရရှိ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# အုတ်တွင်းမြို့နယ် ခေါင်ရမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေ ထုတ်ချေး

အုတ်တွင်း ဇူလိုင် ၂၈

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ခေါင်ရမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေထုတ်ချေးခြင်းကို ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်က ခေါင်ရမ်းကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ ဆီထွက်သီးနှံစိုက်ပျိုးသော အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်း လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်း စက်ဝန်းကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၃၂ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ခေါင်ရမ်းကျေးရွာရှိ နေကြာအပါအဝင် ဆီထွက်သီးနှံ စိုက်ပျိုးမည့် စုစုပေါင်းအသင်းသား၊ အသင်းသူ ၈၆ ဦးကို စီမံကိန်း ရန်ပုံငွေကျပ် ၃၃၂ သိန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ ကိုညီ



လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ
နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်
အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို
- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# နမ့်စန်မြို့နယ် မတ်လန်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်



နမ့်စန် ဇူလိုင် ၂၈

ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် တုန်ဟုန်းကျေးရွာအုပ်စု မတ်လန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာစုရပ်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းမြတ်ဟိန်းစိုးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းလက်စွဲစာစောင်ပါ စည်းကမ်းသတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏ တာဝန်နှင့်ရပိုင်ခွင့်များ၊ စီမံကိန်းဆောင်ရွက်ရာတွင် လိုက်နာရမည့်အချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးစိုင်းမြတ်ဟိန်းစိုးနှင့် တာဝန်ရှိသူများက တက်ရောက်လာသောကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မတ်လန်းကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းမြတ်ဟိန်းစိုးက ဆက်လက်ပြောပြ၍ သိရသည်။

သံသာ


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်
နာနတ်သီးထဲတွင်ပါရှိသော သဘာဝ ဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

## ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား ဒီဇယ်စက်ခေါင်းရုံ(မလွှကုန်း)သို့ သွားရောက်ကြည့်ရှုစစ်ဆေး






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ဒီဇယ်စက်ခေါင်းရုံ(မလွှကုန်း)၏ နောက်ခံသမိုင်းအကျဉ်း၊ ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြစဉ်။

**မိမိတို့နိုင်ငံအနေဖြင့် လက်ရှိအခြေအနေအရ လျှပ်စစ်ဓာတ်အားလုံလောက်စွာသုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိနေသဖြင့် ရထားပို့ဆောင်ရေးကို အချို့လမ်းကြောင်းများတွင် ဘက်ထရီစနစ်သုံးရထားခေါင်းတွဲများကို ပြည်တွင်း၌ ထုတ်လုပ်တပ်ဆင်ကာ အသုံးပြုနိုင်ရေး အားပေးဆောင်ရွက်လျက်ရှိ၊ အသွားအလာများပြားသည့် ရထားလမ်းကူးနေရာများ၌ ရထားလမ်းခုံးကျော်တံတားများ မဖြစ်မနေတည်ဆောက်သွားရန်နှင့် ရန်ကုန်မြို့တွင် မြေအောက်ရထားလမ်းထည့်သွင်းတည်ဆောက်သွားနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရန်လို . . .**

နေပြည်တော် ဇူလိုင် ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား ဒီဇယ်စက်ခေါင်းရုံ(မလွှကုန်း)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ စက်ရုံအစည်းအဝေးခန်းမတွင် နိုင်ငံတော်သမ္မတအား ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ဒီဇယ်စက်ခေါင်းရုံ(မလွှကုန်း)၏ နောက်ခံသမိုင်းအကျဉ်း၊ ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များ၊ ဝန်ထမ်းများခန့်အပ်ထားရှိမှု၊ နိုင်ငံတော်အကြီးအကဲ ရောက်ရှိစစ်ဆေးစဉ်လမ်းညွှန်မှာကြားချက်များကိုဆောင်ရွက်ပြီးစီးမှု၊ မီးရထားလမ်းများ ကြံ့ခိုင်မှုရှိစေရေးဆောင်ရွက်ထားရှိမှု၊ ကုန်တွဲများတည်ဆောက်လျက်ရှိမှု၊ နိုင်ငံတကာအဆင့်မီ မီးရထားပို့ဆောင်မှုစနစ်ဖြစ်စေရေး မီးရထားဝန်ထမ်းများ အရည်အသွေးပြည့်ဝစေရန် ပြည်ပနိုင်ငံများသို့ ဘာသာရပ်များအလိုက် လေ့လာရေးခရီးများစေလွှတ်ပေးလျက်ရှိမှု၊ လျှပ်စစ်ဓာတ်အားအသုံးပြု မီးရထားစက်ခေါင်းများ ထုတ်လုပ်နိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ BEL စက်ခေါင်းများထုတ်လုပ်၍ ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် ကုန်ရထားသုံးစီး၊ ရန်ကုန်မြို့ပတ်လမ်းတွင် လူစီးရထားသုံးစီးပြေးဆွဲဆောင်ရွက်လျက်ရှိမှု၊ RBE မှ BEMU ပြောင်းလဲခြင်းများ ဆောင်ရွက်၍ ပဲခူး-တောင်ငူနှင့် တောင်ငူ-နေပြည်တော် လမ်းပိုင်းတို့တွင် ပြေးဆွဲလျက်ရှိမှု၊ ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် လျှပ်စစ်ရထားပြေးဆွဲနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားရရှိနိုင်ရေးနှင့် အချက်ပြလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ခရီးသည်များ လိုက်ပါစီးနင်းမှုအပေါ် မူတည်၍ လမ်းပိုင်းများအလိုက် ရထားခရီးစဉ်များ ပြေးဆွဲဆောင်ရွက်ပေးလျက်ရှိမှု၊ မီးရထားစက်ခေါင်းများတွဲများ ကြံ့ခိုင်မှုရှိစေရေး၊ စက်ရုံများ၊ ယာဉ်ဝင်းများအလိုက် သန့်ရှင်းသပ်ရပ်မှုရှိစေရေး စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိမှု၊ လက်ရှိတာဝန်ယူပြေးဆွဲလျက်ရှိသည့် ရထားများ၏အခြေအနေ၊ ဒီဇယ်စက်ခေါင်းများ၊ DEMU စက်ခေါင်းများ ပြေးဆွဲမှုရပ်နားမှုနှင့် မွမ်းမံပြုပြင်မှုအခြေအနေ၊ ချို့ယွင်းချက်များအပေါ် စိစစ်သုံးသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ပြည်တွင်း၌ အရည်အသွေးပိုမိုကောင်းမွန်သည့် မီးရထားစက်ခေါင်းများကို ထုတ်လုပ်အသုံးပြုနိုင်ရေး အမြဲသုတေသနပြုဆောင်ရွက်နေရန်လိုကြောင်း၊ စက်ပစ္စည်းများထုတ်လုပ်ရာတွင် လက်ရာသေသပ်ကောင်းမွန်ပြီး ကြံ့ခိုင်မှုရှိစေရေးဆောင်ရွက်သွားရန်လိုကြောင်း၊ မီးရထားဝန်ထမ်းများ အဆင့်မီမီနေထိုင်နိုင်ရေး ဝန်ထမ်းလိုင်းခန်းများကို စနစ်တကျဆောက်လုပ်ပေးသွားရန်လိုကြောင်း၊တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဘဏ္ဍာနှစ်အလိုက် သတ်မှတ်ထားသည့်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရေနွေးငွေ့စက်ခေါင်းများကို မူလပုံစံမပျက်ပြန်လည်ပြင်ဆင်ထိန်းသိမ်း၍ ပြေးဆွဲပေးနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားလမ်းများ ကြံ့ခိုင်ကောင်းမွန်စေရေးအတွက် လမ်းခင်းကျောက်များ ပြည့်မီအောင် ထည့်သွင်းဆောင်ရွက်ရန်နှင့် ဇလီဖားတုံးများကိုလည်း စနစ်တကျထည့်သွင်းဆောင်ရွက်သွားရန် လိုကြောင်း၊ ရထားပြေးဆွဲနိုင်ခြင်းမရှိသေးသည့် ရထားလမ်းများကိုလည်း ရထားများပြန်လည်ပြေးဆွဲမည်ဆိုပါက အဆင်သင့်ဖြစ်နေစေရေး ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားစက်ခေါင်းများကို သတ်မှတ်ထားသည့် မောင်းနှင်ချိန်များအလိုက် စစ်ဆေးပြုပြင်ထိန်းသိမ်းဆောင်ရွက်နေရန်လိုကြောင်း၊ ရထားပို့ဆောင်ရေး

## လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများသို့ အသိပေးပန်ကြားခြင်း

နေပြည်တော် ဇူလိုင် ၂၈

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် စွမ်းအင်အရင်းအမြစ်မျိုးစုံမှ ဓာတ်အားပိုမိုထုတ်လုပ်နိုင်ရေးကြိုးပမ်းနေသကဲ့သို့ ပြည်သူများ လျှပ်စစ်ဓာတ်အားကိုစနစ်တကျသုံးစွဲလာစေရန် အသိပညာပေးခြင်း၊တိုက်တွန်းနှိုးဆော်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ နည်းပညာကြောင့် ဓာတ်အားပျောက်ဆုံးမှုနှင့်နည်းပညာကြောင့် မဟုတ်သည့် ဓာတ်အားပျောက်ဆုံးမှု(ဓာတ်အားခိုးယူသုံးစွဲမှု)များ လျော့နည်းပပျောက်သွားစေရေးအတွက်လည်း အစီအမံများချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် နည်းပညာကြောင့်မဟုတ်သည့် ဓာတ်အားပျောက်ဆုံးမှုများ ပပျောက်စေရေးအတွက် မသမာသောနည်းလမ်းဖြင့် လျှပ်စစ်ဓာတ်အားတရားမဝင်သုံးစွဲမှုများကို အဖွဲ့များဖွဲ့စည်း၍ ဖော်ထုတ်အရေးယူလျက်ရှိပါသည်။

၃။ ထို့ပြင် Smart Meter စနစ်သို့ကူးပြောင်းနိုင်ရေးတွန်းအားပေးဆောင်ရွက်နေသကဲ့သို့ ပြည်သူများအနေဖြင့် ကိုယ်တိုင် မီတာဖတ်ရှု၍ မီတာခပေးဆောင်နိုင်မည့်အပြင် Control Centre များမှ စောင့်ကြည့်စစ်ဆေးနိုင်သည့် Digital စနစ်တစ်ခုတည်ဆောက်ခြင်းကိုလည်း တစ်ပြိုင်တည်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ လျှပ်စစ်ဓာတ်အားသုံးစွဲသူများအနေဖြင့် မသမာသောနည်းလမ်းများကိုအသုံးပြု၍ တရားမဝင်ဓာတ်အားရယူသုံးစွဲမှုများပြုလုပ်ထားပါက ၂၀၂၆ ခုနှစ် ဇူလိုင် ၃၁ ရက် နောက်ဆုံးထားပြီး သက်ဆိုင်ရာဌာနများသို့ ဆက်သွယ်အသိပေးကြပါရန်နှင့် ယင်းသို့အသိပေးလာပါက ဖြေလျှော့ပေးခြင်းများဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

အဆိုပါကာလကျော်လွန်ပြီးချိန်တွင် တရားမဝင်ဓာတ်အားသုံးစွဲမှုများကို Control Center များမှ စစ်ဆေးတွေ့ရှိပါက ပြဋ္ဌာန်းထားသည့် လျှပ်စစ်ဥပဒေများနှင့်အညီ ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊ မီတာအသုံးပြုခွင့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းနှင့် လုပ်ငန်းလိုင်စင်ပိတ်သိမ်းခြင်းများဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အောက်ဖော်ပြပါ Call Center ဖုန်းနံပါတ်များသို့ ဆက်သွယ်သတင်းပို့ကြပါရန် အသိပေးပန်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်**

**-လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန(နေပြည်တော်)** - ၀၆၇-၃၄၁၀၀၇၂

**-ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(YESC)** - ၁၇၁၇

**-မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(MESC)** - ၁၆၁၆

၀၂-၄၀၃၉၃၃၀၊ ၀၂-၄၀၇၃၆၆၆၊

၀၂-၄၀၇၂၆၁၈ (Hot Line)

**-ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များ** ၀၆၇-၃၄၁၀၄၀၇၊ ၀၉-၆၈၂၂၃၂၆၀၀၊ ၀၉-၆၆၅၄၃၂၅၇၅

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဒီဇယ်စက်ခေါင်းရုံ(မလွကုန်း)အတွင်း ပုံမှန်စစ်ဆေးထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်ထားရှိသည့် DEMU ရထားတွဲဆိုင်းများကို ကြည့်ရှုစစ်ဆေးစဉ်။

သည် လူအများအပြားအသုံးပြုကြသည်ဖြစ်သဖြင့် ထွက်ခွာချိန်၊ ဆိုက်ရောက်ချိန်များတိကျမှန်ကန်မှုရှိစေရေး စနစ်တကျဆောင်ရွက်သွားကြရန်လိုကြောင်း၊ လူစီးရထားတွဲများကို အမြဲသန့်ရှင်း သပ်ရပ်မှုရှိနေစေရေးနှင့် ခရီးသည်များ စည်းကမ်းရှိရှိစီးနင်းလိုက်ပါနိုင်ရေး၊ အဆင့်မီမီသက်သောင့်သက်သာစီးနင်းအသုံးပြုနိုင်ရေး ထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း ဖြည့်စွက်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ရထားပို့ဆောင်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေး ဆွေးနွေးမှာကြားရာတွင် မိမိတို့နိုင်ငံအနေဖြင့် လက်ရှိအခြေအနေအရ လျှပ်စစ်ဓာတ်အားလုံလောက်စွာသုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိနေသဖြင့် ရထားပို့ဆောင်ရေးကို အချို့လမ်းကြောင်းများတွင် ဘက်ထရီစနစ်သုံးရထားခေါင်းတွဲများကို ပြည်တွင်း၌ထုတ်လုပ်တပ်ဆင်ကာအသုံးပြုနိုင်ရေးအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ အသွားအလာများပြားသည့် ရထားလမ်းကူးနေရာများ၌ ရထားလမ်းခုံးကျော်တံတားများ မဖြစ်မနေတည်ဆောက်သွားရန်နှင့် ရန်ကုန်မြို့တွင် မြေအောက်ရထားလမ်း ထည့်သွင်းတည်ဆောက်သွားနိုင်ရေးပြင်ဆင်ဆောင်ရွက်ထားရန်လိုကြောင်း၊ ရထားလမ်းများဖောက်လုပ်ခြင်း၊ ရထားတွဲများတည်ဆောက်ခြင်းနှင့် ရထားပို့ဆောင်ရေးဆိုင်ရာအခြေခံအဆောက်အအုံများ ဆောင်ရွက်ရာတွင်နောင်ဖြစ်လာမည့် နည်းပညာပိုင်းအရလိုအပ်ချက်များကို ကြိုတင်စဉ်းစားလျာထားတွက်ချက်ဆောင်ရွက်သွားရန် လိုကြောင်း၊ နောင်အနာဂတ်ကာလတွင် လျှပ်စစ်ဓာတ်အားအသုံးပြု၍ ရထားတွဲများပြေးဆွဲနိုင်ရေးအတွက်လည်း ကြိုတင်လျာထားဆောင်ရွက်သွားရန်လိုကြောင်း၊ DEMU ရထားတွဲများကိုလည်း ပြည်တွင်း၌ မိမိတို့ကိုယ်ပိုင်ဒီဇိုင်းဖြင့် တိုးချဲ့တပ်ဆင်ထုတ်လုပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန် လိုကြောင်း၊ ပြည်ပမှရထားတွဲတည်ဆောက်မှုနည်းပညာများကို စဉ်ဆက်မပြတ်လေ့လာပြီး မိမိတို့နိုင်ငံ၏ရထားတွဲတည်ဆောက်မှုများ ပိုမိုတိုးတက်လာစေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ မီးရထားလမ်းကူးတံတားများ ကောင်းမွန်စေရေးအတွက်လည်း ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်းဖြင့် ပြောကြားသည်။

> **DEMU ရထားတွဲများကိုလည်း ပြည်တွင်း၌ မိမိတို့ကိုယ်ပိုင်ဒီဇိုင်းဖြင့် တိုးချဲ့တပ်ဆင်ထုတ်လုပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန်လို၊ ပြည်ပမှရထားတွဲတည်ဆောက်မှုနည်းပညာများကို စဉ်ဆက်မပြတ်လေ့လာပြီး မိမိတို့နိုင်ငံ၏ ရထားတွဲတည်ဆောက်မှုများ ပိုမိုတိုးတက်လာစေရေး ဆောင်ရွက်သွားရန်လို . . .**

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဒီဇယ်စက်ခေါင်းရုံ(မလွကုန်း)အတွင်း ပုံမှန်စစ်ဆေးထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်ထားရှိသည့် DEMU ရထားတွဲဆိုင်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ-ဂျပန် စီးပွားရေးဖိုရမ် ဒုတိယပိုင်းအစီအစဉ်ဆက်လက်ကျင်းပ၍ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးအခွင့်အလမ်းများဆွေးနွေးပြီး MoU နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲ ကျင်းပ







**ရန်ကုန် ဇူလိုင် ၂၈**

မြန်မာ-ဂျပန် စီးပွားရေးဖိုရမ် ဒုတိယပိုင်းအစီအစဉ်ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(Myanmar Convention Center Yangon)၌ ဆက်လက်ကျင်းပပြီး ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးအခွင့်အလမ်းများကို ဆွေးနွေးကြကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဆွေလင်းက မြန်မာနိုင်ငံ၏စိုက်ပျိုးရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးအခွင့်အလမ်းများကိုလည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်က မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံကြမည့် ဂျပန်စီးပွားရေးလုပ်ငန်းရှင်များအတွက် ဝန်ကြီးဌာနက ဆောင်ရွက်ပေးမည့် ဝန်ဆောင်မှုများကိုလည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်းက ပို့ကုန်သွင်းကုန်များနှင့်ဆောင်ရွက်ပေးနေမှုများကိုလည်းကောင်း၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်ဦးက ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်နှင့် အခွင့်အလမ်းများကိုလည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝေဖြိုးက မြန်မာစီးပွားရေးဝန်းကျင်နှင့် အလားအလာများကိုလည်းကောင်း၊ မြန်မာ-ဂျပန် သီလဝါဖွံ့ဖြိုးရေးလီမိတက် ဒုတိယဥက္ကဋ္ဌ ဦးသူရိန်အောင်က သီလဝါအထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကိုလည်းကောင်း၊ ဂျပန်နိုင်ငံ Eco System Collaborator Earth Co.,Ltd မှ Mr.Akihito Sato က ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး စကားဝိုင်းဆွေးနွေးကြသည်။

ယင်းနောက် ဂျပန်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များက ဆွေးနွေးကြပြီး MoU နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲကို ကျင်းပရာ ဝါးခယ်မ Trading Co.,Ltd မှ ဒေါက်တာစိုးထွန်းနှင့် ဂျပန်နိုင်ငံ Fruit world Foundation PTE Co.Ltd မှ Mr.Abe Hideyuki၊ Double Island MS Co.,Ltd မှ ဒေါက်တာမင်းမင်းကျော်နှင့် ဂျပန်နိုင်ငံ Green Carbon Co.,Ltd မှ မစ္စတာ တာကဲဟိ ကိုခိုနူမ၊ Myanmar Paddy producer Association Co.,Ltd မှ ဦးခင်မြင့်နှင့် ဂျပန်နိုင်ငံ Green Carbon Co.,Ltd မှ မစ္စတာ တာကဲဟိကိုခိုနူမ၊ Myanmar Tourism Bank Co.,Ltd မှ ဦးရန်ဝင်းနှင့် ဂျပန်နိုင်ငံ Fruit's World Foundation PTE Co.,Ltdမှ Mr .Yano Kensuke တို့က နားလည်မှုစာချွန်လွှာများကိုလက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ ဒေါက်တာကံဇော်၊ ဒေါက်တာချာလီသန်း၊ ဦးခင်မောင်စိုး၊ ဦးထွန်းအုံနှင့် ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာစီးပွားရေးလုပ်ငန်းရှင်များ၊ ဂျပန်နိုင်ငံ INGO peace ဥက္ကဋ္ဌ Mr. Nakazawa Hiroyuki နှင့် တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ-ဂျပန် စီးပွားရေးဖိုရမ်ဖွင့်ပွဲအခမ်းအနားကို ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု၍ ဖွင့်လှစ်ပေးစဉ်။

ရှေ့ဖုံးမှအဆက်

တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေ၊ ဦးအောင်ကျော်ဟိုး၊ ဒေါက်တာကံဇော်၊ ဦးထိန်လင်း၊ ဦးမျိုးဇော်သိမ်း၊ ဒေါက်တာချာလီသန်း၊ ဦးခင်မောင်စိုး၊ ဦးထွန်းအုံ၊ ဦးမျိုးသန့်၊ ဦးမောင်မြင့်၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးသစ်လင်းအုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ဂျပန်နိုင်ငံ Ingo Peace ဥက္ကဋ္ဌ Mr. Nakazawa Hiroyuki နှင့် ထိပ်တန်းဂျပန်ကုမ္ပဏီများမှ အကြီးအကဲများ၊ မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဂျပန်ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံနှင့် ကုန်သွယ်မှုပြုလုပ်လျက်ရှိသည့် မြန်မာကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက မြန်မာ-ဂျပန်စီးပွားရေးဖိုရမ်ဖွင့်ပွဲအခမ်းအနားကို ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု၍ဖွင့်လှစ်ပေးသည်။ ထို့နောက် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက "နန်းတွင်းအကတေးအလှ" ယိမ်းအကဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံနှင့် ဂျပန်ပြည်သူများကြား အပြန်အလှန်လေးစားမှု၊ ချစ်ခင်မှု၊ ရင်းနှီးမှုနှင့် ထားရှိသည့်သံယောဇဉ်များသည် နှစ်နိုင်ငံသမိုင်းတွင် စံပြု၍ရသည်ထိ စွဲမြဲတည်တံ့လျက်ရှိကြောင်း၊ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို ၁၉၅၄ ခုနှစ်တွင် စတင်ထူထောင်ခဲ့ခြင်းဖြစ်သဖြင့် ယခုဆိုပါက နှစ်ပေါင်း ၇၀ ကျော်ခဲ့ပြီဖြစ်ကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် စီးပွားရေးရင်းနှီးမြှုပ်နှံမှုများကြောင့် မြန်မာပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် များစွာအထောက်အကူပြုခဲ့သည်ကို အသိအမှတ်ပြုကျေးဇူးတင်ရှိကြောင်း။

နှစ်နိုင်ငံ ကုန်သွယ်မှုကိန်းဂဏန်းအချက်အလက်များကိုကြည့်ပါက မြန်မာ-ဂျပန် နှစ်နိုင်ငံကုန်သွယ်မှု (Bilateral Trade) ပမာဏသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း စုစုပေါင်းကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၃၄ ဒသမ ၇၉၅ သန်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၁၉၄ ဒသမ ၃၉၄ သန်းနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၃၄၃ ဒသမ ၆၆၅ သန်းဖြင့် တိုးတက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ-ဂျပန် စီးပွားရေးဖိုရမ်ဖွင့်ပွဲအထိမ်းအမှတ် ခင်းကျင်းပြသထားသည့်ပြခန်းများကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုစဉ်။

**ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့်လည်း မြန်မာနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးအခြေခံကုန်ကြမ်းများကိုအသုံးပြုပြီး တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်နိုင်မည့်လုပ်ငန်းများအပြင် ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို အထောက်အကူပြုမည့် အဆင့်မြင့်နည်းပညာကဏ္ဍများတွင် ပိုမိုတိုးမြှင့်ရင်းနှီးမြှုပ်နှံပေးကြရန် ဖိတ်ခေါ်လို . . .**

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံမှ ဂျပန်နိုင်ငံသို့ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၅၈ ဒသမ ၅၈ သန်းရှိခဲ့ပြီး ဂျပန်နိုင်ငံမှ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၅ ဒသမ ၈၁ သန်းတင်သွင်းခဲ့ကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် နှစ်နိုင်ငံစုစုပေါင်းကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၉၄ ဒသမ ၃၉၄ သန်းရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ စုစုပေါင်းကုန်သွယ်မှုတွင် ဂျပန်နိုင်ငံ၏ ပါဝင်မှုရာခိုင်နှုန်းသည် ၄ ဒသမ ၃၈ ရာခိုင်နှုန်းရှိခဲ့ပြီး ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံ၏ကုန်သွယ်ဖက်နိုင်ငံ အဆင့်(၆)တွင် ရပ်တည်လျက်ရှိကြောင်း။

မြန်မာနိုင်ငံမှ ဂျပန်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့သည့် အဓိကပို့ကုန်များအနေဖြင့် ချုပ်လုပ်ပြီး အထည်များ၊ ဖိနပ်ပစ္စည်းများ၊ ပဲအမျိုးမျိုး၊ ပုလဲနှင့် လျှပ်စစ်ပစ္စည်းများဖြစ်ကြောင်း၊ ဂျပန်နိုင်ငံမှ အများဆုံးတင်သွင်းခဲ့သည့် အဓိကသွင်းကုန်ပစ္စည်းများမှာ အထည်အလိပ်ပစ္စည်းများ၊ သယ်ယူပို့ဆောင်ရေးပစ္စည်းများ၊ လျှပ်စစ်ဆိုင်ရာစက်ပစ္စည်းများ၊ စက်နှင့် စက်ပစ္စည်းများ၊ ဇာနှင့်ဇာထိုးထားသည့် အထည်အလိပ်များပင်ဖြစ်ကြောင်း၊ ယခုကျင်းပသည့် မြန်မာ-ဂျပန် စီးပွားရေးဖိုရမ်မှတစ်ဆင့် မြန်မာ-ဂျပန် နှစ်နိုင်ငံကုန်သွယ်မှုကို ယခင်ကထက် ပိုမိုမြှင့်တင်နိုင်မည်ဟု မျှော်လင့်ပါကြောင်း။

ရင်းနှီးမြှုပ်နှံမှုကို ကြည့်ပါကလည်း ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုတွင် အဓိကအရေးပါသည့်နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ အထူးသဖြင့် သီလဝါအထူးစီးပွားရေးဇုန် (Thilawa SEZ) သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု၏ ထင်ရှားသည့်ပြယုဂ်တစ်ခုဖြစ်ပြီး စက်မှုဇုန်၊ ကုန်ထုတ်လုပ်မှု၊ ထောက်ပံ့ပို့ဆောင်ရေး(Logistics)၊ စွမ်းအင်နှင့် ဝန်ဆောင်မှုကဏ္ဍတို့တွင် ဂျပန်နိုင်ငံက ရင်းနှီးမြှုပ်နှံမှု ဘီလီယံပေါင်းများစွာ လာရောက် ရင်းနှီးမြှုပ်နှံထားသည်ကို တွေ့ရကြောင်း။

သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းတွင် ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အများဆုံး ၂၉ ဒသမ ၉၂ ရာခိုင်နှုန်းဖြင့် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပြီး မြန်မာ-ဂျပန် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၏ အထင်ကရစီမံကိန်းတစ်ခုဟု ဆိုနိုင်ပါကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်၌ ဂျပန်ကုမ္ပဏီပေါင်း ၅၀ ကျော် လာရောက်ရင်းနှီးမြှုပ်နှံထားရှိပြီး စီးပွားရေးလုပ်ငန်းများလုပ်ကိုင်လျက်ရှိကြကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်တွင် ၂၀၁၄ ခုနှစ်မှ ၂၀၂၆ ခုနှစ် မတ်လထိ ဂျပန်နိုင်ငံအပါအဝင် ပြည်ပနိုင်ငံ ၂၁ နိုင်ငံနှင့် မြန်မာနိုင်ငံမှ ကုမ္ပဏီ စုစုပေါင်း ၁၂၆ ခုကို ရင်းနှီးမြှုပ်နှံရန် ခွင့်ပြုပေးထားပြီး စုစုပေါင်းအနေဖြင့် အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၃၀၀ ကျော် ရင်းနှီးမြှုပ်နှံထားပါကြောင်း။

လက်ရှိအချိန်တွင် မိမိတို့အနေဖြင့် သီလဝါ အထူးစီးပွားရေးဇုန်အတွင်းရှိ စက်ရုံများအတွက် လျှပ်စစ်စွမ်းအင် တည်ငြိမ်စွာရရှိရေးနှင့် One-Stop Service အပါအဝင် လုပ်ငန်းလည်ပတ်မှုများကို ပိုမိုချောမွေ့လွယ်ကူစေရန် အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် ပြည်တွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များနှင့် ချိတ်ဆက်ပြီး ကုန်ကြမ်းကွင်းဆက် ခိုင်မာစေရေးအတွက်လည်း တွန်းအားပေးဆောင်ရွက်လျက်ရှိနေကြောင်း၊ ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့်လည်း မြန်မာနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးအခြေခံကုန်ကြမ်းများကိုအသုံးပြုပြီး တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်မည့်လုပ်ငန်းများအပြင် ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို အထောက်အကူပြုမည့် အဆင့်မြင့်နည်းပညာကဏ္ဍများတွင် ပိုမိုတိုးမြှင့်ရင်းနှီးမြှုပ်နှံပေးကြရန် ဖိတ်ခေါ်လိုကြောင်း။

ဂျပန်နိုင်ငံသည် ယနေ့အချိန်ထိ ဖွံ့ဖြိုးပြီးနိုင်ငံအဖြစ် တည်ဆောက်ရာတွင် MSME နှင့် SME လုပ်ငန်းများသည် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်ကို သိရကြောင်း၊ မိမိတို့မြန်မာနိုင်ငံအနေဖြင့်လည်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် MSME ကဏ္ဍတွင် ဂျပန်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံကြမည်ဆိုပါကလည်း မိမိတို့နိုင်ငံအနေဖြင့် ကြိုဆိုကြောင်းကို ထပ်မံပြောကြားလိုကြောင်း။

စာမျက်နှာ ၁၉ သို့




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသား၊ ကျောင်းသူလေးများက ဂျပန်သီချင်း Sakura "ချယ်ရီပန်း" အကဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

**ယခုဖိုရမ်သည် မိမိတို့နှစ်နိုင်ငံကြား ရှိရင်းစွဲကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုတိုးမြှင့်နိုင်ရန်အတွက် အထောက်အကူပြုမည့် အခြေခံကောင်းတစ်ရပ်ဖြစ်လာမည်ဟု ယုံကြည်၊ မြန်မာနိုင်ငံ၏ သဘာဝအရင်းအမြစ်၊ စိုက်ပျိုးရေးနှင့် လူငယ်အင်အား၊ လုပ်သားအင်အားစသည့် အားသာချက်များကို ဂျပန်စီးပွားရေးလုပ်ငန်းရှင်များ၏ အဆင့်မြင့်နည်းပညာ၊ အရင်းအနှီးနှင့် စီမံခန့်ခွဲမှုအတွေ့အကြုံ၊ နည်းပညာစသည်တို့နှင့်ပေါင်းစပ်လိုက်မည်ဆိုပါက နှစ်ဦးနှစ်ဖက် အပြန်အလှန်အကျိုးရှိစေမည့် (Win-Win)စီးပွားရေးပတ်ဝန်းကျင်ကို ပိုမိုခိုင်မာအောင် တည်ဆောက်နိုင်မည်ဖြစ်သည်ဟု ယုံကြည်. . .**

စာမျက်နှာ ၁၈ မှအဆက်

မိမိတို့နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုအချက်အလက်များအရ ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံတွင် ကိုးနိုင်ငံမြောက် ရင်းနှီးမြှုပ်နှံမှုအများဆုံးနိုင်ငံဖြစ်ပြီး စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၈၆၉ ဒသမ ၀၅၆ သန်း တန်ဖိုးရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၁၂၇ ခု လာရောက် ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိကြောင်း။

မြန်မာနိုင်ငံတွင် ဂျပန်ကုမ္ပဏီပေါင်း ၃၀၀ ခန့် လုပ်ငန်းများလည်ပတ်လျက်ရှိပြီး ဂျပန်နိုင်ငံသား ၁၅၀၀ ကျော် လာရောက်နေထိုင်လျက်ရှိသည့်အတွက် နှစ်ဖက်လုပ်ငန်းရှင်များအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ပြည်သူအချင်းချင်း ကူးလူးဆက်ဆံရေး အဆင်ပြေချောမွေ့လျက်ရှိပြီး နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာစေရေးကိုလည်း အထောက်အကူပြုစေမည်ဖြစ်ကြောင်း။

မိမိတို့မြန်မာနိုင်ငံသည် သဘာဝတည်နေရာအရ ကမ္ဘာ့လူဦးရေအများဆုံး နိုင်ငံများဖြစ်ကြသည့် အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံနှင့် လူဦးရေများပြားသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ကြား ကြီးမားသည့် ဈေးကွက်နှင့် လျင်မြန်စွာတိုးတက်နေသည့် အာဆီယံဒေသတွင်း အချက်အချာကျသည့်နေရာတွင်ရှိနေကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံသည် စီးပွားရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေခံမြေခံကောင်းများပိုင်ဆိုင်ထားရှိပြီး လူ့စွမ်းအားအရင်းအမြစ်နှင့် သဘာဝသယံဇာတအရင်းအမြစ်များ ပေါကြွယ်ဝသည့်နိုင်ငံလည်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်ပြီး ကြွယ်ဝပေါများသည့် ရေအရင်းအမြစ်နှင့် အလားအလာကောင်းသည့် မြေလွတ်မြေရိုင်း များစွာရှိနေကြောင်း၊ မတူညီသည့် ရေမြေတောတောင် ဥတုရာသီများရှိပြီး နှစ်ရှည်ပင်များသာမက ဆန်၊ ပဲ၊ ပြောင်း၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကဲ့သို့သော ရာသီသီးနှံများပါ အလွယ်တကူစိုက်ပျိုးဖြစ်ထွန်းနိုင်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် သမားရိုးကျစိုက်ပျိုးသည့်စနစ်မှ ထုတ်လုပ်မှုအားကောင်းပြီး ရေရှည်အကျိုးဖြစ်ထွန်းစေမည့် ခေတ်မီစိုက်ပျိုးရေးအခြေခံစီးပွားရေးစနစ်သို့ ကူးပြောင်းနိုင်ရေး ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင် နိုင်ငံ၏လက်ရှိလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဓာတ်မြေဩဇာထုတ်လုပ်ခြင်း၊ အများပြည်သူသယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်သုံးယာဉ်ထုတ်လုပ်ခြင်း၊ ဘိလပ်မြေထုတ်လုပ်ခြင်း၊ သံမဏိထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်း၊ ဆေးဝါးနှင့်ဆေးပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်းစသည့် လုပ်ငန်းများကိုလည်း အားပေးဖိတ်ခေါ်လျက်ရှိကြောင်း၊ ကုန်ကြမ်းခိုင်မာစွာရှိထားသည့် ရော်ဘာကိုအခြေခံသည့် အဆင့်မြင့်ရော်ဘာထုတ်လုပ်ခြင်း၊ ရော်ဘာအခြေခံတာယာနှင့် ပရိဘောဂပစ္စည်းများ ထုတ်လုပ်ခြင်း လုပ်ငန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်လာစေရေး အားပေးဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့အစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံသူများအတွက် ပိုမိုရှင်းလင်းခိုင်မာပြီး ပွင့်လင်းမြင်သာသည့် စီးပွားရေးဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးရန်၊ လုပ်ထုံးလုပ်နည်းများကို လွယ်ကူချောမွေ့စေရေး ပြုပြင်ပြောင်းလဲရန်နှင့် သင့်တော်သည့် မူဝါဒဆိုင်ရာ ကူညီပံ့ပိုးမှုများပေးနိုင်ရန် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဂျပန်စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတွင် ယုံကြည်စိတ်ချစွာ ပါဝင်ရင်းနှီးမြှုပ်နှံကြရန်လည်း လှိုက်လှိုက်လှဲလှဲဖိတ်ခေါ်လိုပါကြောင်း၊ ဂျပန်စီးပွားရေးလုပ်ငန်းရှင်များ၏ လာရောက်ရင်းနှီးမြှုပ်နှံမှုများကို နိုင်ငံတော်အနေဖြင့် အစဉ်အမြဲ လက်ကမ်းကြိုဆိုလျက်ရှိကြောင်းနှင့် လိုအပ်သည့်ပံ့ပိုးကူညီမှုများကိုလည်း အတတ်နိုင်ဆုံးပံ့ပိုးပေးသွားမည်ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတွင် အဓိကလိုအပ်သည့် စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုများကို အလေးထားဖိတ်ခေါ်လျက်ရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်လယ်ယာအခြေခံကုန်ထုတ်လုပ်ငန်းများ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်မှု လုပ်ငန်းများ၊ ပညာရေးနှင့်ကျန်းမာရေး၊နည်းပညာနှင့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံရန်လည်း ဖိတ်ခေါ်လိုကြောင်း။

မိမိတို့နိုင်ငံတွင် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲများအပြီး ထွက်ပေါ်လာသည့် အစိုးရသစ်အနေဖြင့် နိုင်ငံအတွင်း စီးပွားရေးဝန်းကျင်နှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင် ပိုမိုကောင်းမွန်လာစေရေးအတွက် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ ဥပမာအားဖြင့် လျှပ်စစ်သုံး မော်တော်ယာဉ်(EV)များ တိုးတက်ရေးနှင့် ဆက်စပ်လုပ်ငန်းတို့တွင် ရင်းနှီးမြှုပ်နှံမှုများအတွက် အကောက်အခွန်နှုန်းထားများကိုလည်း လျှော့ချပေးလျက်ရှိကြောင်း၊ အထူးသဖြင့် စည်းမျဉ်းလုပ်ထုံး လုပ်နည်းများကို ပြန်လည်ဆန်းစစ်ပြီး လုပ်ငန်းစဉ်များကို ပိုမိုလွယ်ကူလျင်မြန်အောင် ဒစ်ဂျစ်တယ်စနစ်သို့ အသွင်ကူးပြောင်းဆောင်ရွက်လျက်ရှိရာ မြန်မာဒစ်ဂျစ်တယ်လမ်းပြမြေပုံ ၂၀၃၀ ကို ရေးဆွဲဖော်ဆောင်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအလယ်ပိုင်းရာသီဥတုကောင်းသည့် တောင်ပေါ်ဒေသတွင် မြေဧရိယာ ဧက ၁၀၀၀၀ ခန့်ကျယ်ဝန်းသည့် ရတနာပုံဆိုက်ဘာစီးတီး စီမံကိန်းကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သဖြင့် စိတ်ပါဝင်စားသည့် ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်လိုကြောင်း။

ယခုဖိုရမ်သည် မိမိတို့နှစ်နိုင်ငံကြား ရှိရင်းစွဲကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုတိုးမြှင့်နိုင်ရန်အတွက် အထောက်အကူပြုမည့် အခြေခံကောင်းတစ်ရပ်ဖြစ်လာမည်ဟုယုံကြည်ကြောင်း၊ မြန်မာနိုင်ငံ၏ သဘာဝအရင်းအမြစ်၊ စိုက်ပျိုးရေးနှင့် လူငယ်အင်အား၊ လုပ်သားအင်အားစသည့် အားသာချက်များကို ဂျပန်စီးပွားရေး လုပ်ငန်းရှင်များ၏ အဆင့်မြင့်နည်းပညာ၊ အရင်းအနှီးနှင့်စီမံခန့်ခွဲမှုအတွေ့အကြုံ၊ နည်းပညာစသည်တို့နှင့် ပေါင်းစပ်လိုက်မည်ဆိုပါက နှစ်ဦးနှစ်ဖက် အပြန်အလှန် အကျိုးရှိစေမည့်(Win-Win) စီးပွားရေးပတ်ဝန်းကျင်ကို ပိုမိုခိုင်မာအောင် တည်ဆောက်နိုင်မည်ဖြစ်သည်ဟု ယုံကြည်ပါကြောင်း။

"မြန်မာ-ဂျပန် စီးပွားရေးဖိုရမ်"ကို တက်ရောက်လာသည့် ဂျပန်စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့မြန်မာနိုင်ငံသည် တည်ငြိမ်အေးချမ်းပြီး စီးပွားရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နေသည်ကို မြင်တွေ့ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ အခြေအနေမှန်များကို တက်ရောက်လာကြသည့်မိတ်ဆွေများမှတစ်ဆင့် ဂျပန်ပြည်သူများကို သတင်းစကား ပြန်လည်ဖြန့်ဝေပေးစေလိုကြောင်း။

ယနေ့ကျင်းပသည့် ဖိုရမ်မှတစ်ဆင့် နှစ်ဖက် စီးပွားရေးလုပ်ငန်းရှင်များကြား ချိတ်ဆက်မှုများ ပိုမိုအားကောင်းပြီး စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများနှင့် ရလဒ်ကောင်းများ ပိုမိုခိုင်မြဲစွာတိုးတက်ပါစေရန် ဆုမွန်ကောင်း တောင်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဂျပန်နိုင်ငံ Ingo Peace ဥက္ကဋ္ဌက မြန်မာ-ဂျပန် စီးပွားရေးဖိုရမ်ကျင်းပပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် ယခုကဲ့သို့ မြန်မာ-ဂျပန် စီးပွားရေးဖိုရမ်ဖွင့်ပွဲအခမ်းအနားကျင်းပနိုင်မှုအပေါ် လှိုက်လှိုက်လှဲလှဲဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ယခုဖိုရမ်ဖြစ်မြောက်အောင် အင်တိုက်အားတိုက်ကြိုးပမ်းအားထုတ်ခဲ့ကြသော မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု အသင်းအဖွဲ့ဝင်များကို အထူးပင်ကျေးဇူးတင်ဂုဏ်ယူပါကြောင်း၊ ဂျပန်နိုင်ငံသားတစ်ဦးအနေဖြင့် မြန်မာ-ဂျပန် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အောက်တွင် နှစ်နိုင်ငံ၏ အနာဂတ်ပူးပေါင်းဆောင်ရွက်ရေး အတူတကွ ဆွေးနွေးနိုင်မည့်အခွင့်အလမ်းကို ဖန်တီးပေးနိုင်သည့်အတွက် အထူးပင်ဝမ်းမြောက် ဝမ်းသာဖြစ်ရပါကြောင်း၊ မြန်မာ-ဂျပန် နှစ်နိုင်ငံအတူတကွလက်တွဲကာ မျှော်လင့်ချက်နှင့်သာယာဝပြောမှုများပြည့်ဝသည့် အနာဂတ်သစ်တစ်ခုကို အတူတကွတည်ဆောက်သွားနိုင်ကြမည်ဟု မျှော်လင့်ပါကြောင်း၊ ယနေ့ကျင်းပသည့် မြန်မာ-ဂျပန် စီးပွားရေးဖိုရမ်သည် နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု သမိုင်းစာမျက်နှာသစ်ကိုဖွင့်လှစ်နိုင်သည့် ခြေလှမ်းသစ်ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံ ဂျပန်နိုင်ငံ Ingo Peace ဥက္ကဋ္ဌက မြန်မာ-ဂျပန် စီးပွားရေးဖိုရမ်ဖွင့်ပွဲ အထိမ်းအမှတ်လက်ဆောင်ကို နေရာအရောက်ဂါရဝပြုပေးအပ်သည်။ ယင်းနောက် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသား၊ ကျောင်းသူလေးများက ဂျပန်သီချင်း Sakura "ချယ်ရီပန်း" အကဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာ-ဂျပန် စီးပွားရေးဖိုရမ်ဖွင့်ပွဲ အထိမ်းအမှတ် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာ-ဂျပန် စီးပွားရေးဖိုရမ်ဖွင့်ပွဲအထိမ်းအမှတ် ခင်းကျင်းပြသထားသည့်ပြခန်းများကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

## ညီညွတ်ရေးက အရေးကြီး

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်း နေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ ပြန်ပြီးစုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးကအရေးကြီးပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန်ကာလတွင်တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီးကို လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၂၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး H.E. Mr. Tariq Karim နှင့်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိမိတို့နှစ်နိုင်ငံကြား အပြန်အလှန်လေးစားမှု၊ နားလည်မှုတို့ကိုအခြေခံပြီး ၁၉၄၇ ခုနှစ် ဩဂုတ် ၁ ရက်မှစ၍ တရားဝင်သံတမန်ဆက်ဆံရေး ထူထောင်ခဲ့ကြသည်မှာ ယခုနှစ်တွင် ၇၉ နှစ်ပြည့်မြောက်ပြီးဖြစ်ပါကြောင်း၊ ချစ်ကြည်ရင်းနှီးသော သံတမန်ဆက်ဆံရေးကို ရေရှည် တည်ဆောက်နိုင်ခဲ့သည်ဟုဆိုနိုင်ပါကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာအောင် တည်ဆောက်သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံကြား ဆေးဝါးကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ အမျိုးသမီးကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍစသည်ဖြင့် ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များသည် များပြားပါကြောင်း၊ ထို့ကြောင့် အစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများကို သံတမန်အတွေ့အကြုံကြွယ်ဝသည့် သံအမတ်ကြီး တာဝန်ထမ်းဆောင်နေစဉ်ကာလတွင် တိုးမြှင့်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့လွှတ်တော်တွင် ကော်မတီ ၂၂ ခု ဖွဲ့စည်းထားရှိပြီး အဆိုပါကော်မတီများထဲတွင် နိုင်ငံတကာဆက်ဆံရေးကော်မတီပါဝင်ပါကြောင်း၊ အဆွေတော်တို့ ပါကစ္စတန်နိုင်ငံ အောက်လွှတ်တော်သည် နိုင်ငံပေါင်း ၁၀၀ ကျော်နှင့် လွှတ်တော်ချင်း ချစ်ကြည်ရေးအသင်းများ (Parliamentary Friendship Groups) ဖွဲ့စည်းထားရှိသည်ကို လေ့လာသိရှိရပါကြောင်း၊ ထို့ကြောင့် မိမိတို့လွှတ်တော်နှင့် ပါကစ္စတန်လွှတ်တော်များကြား လွှတ်တော်ချင်း ချစ်ကြည်ရေးအသင်းများ ဖွဲ့စည်းခြင်းကိုလည်း သံအမတ်ကြီး တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း၌ စတင်ဆောင်ရွက်လိုပါကြောင်း၊ ထိုမှတစ်ဆင့် လွှတ်တော်နှစ်ရပ်ကြား ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့် လွှတ်တော်ကော်မတီချင်း ဆက်ဆံရေး၊ အမျိုးသမီးနှင့် လူငယ်လွှတ်တော်ကိုယ်စားလှယ်များကြား ဆွေးနွေးပွဲများပူးပေါင်းဆောင်ရွက်ရေးစသည်တို့ကို ဆောင်ရွက်သွားလိုပါကြောင်း၊ အဆွေတော်အနေဖြင့် မိမိတို့လွှတ်တော်နှင့် ထိတွေ့ဆက်ဆံရန် အမြဲတံခါးဖွင့်ထားပါကြောင်း ပြောကြားသည်။

သံအမတ်ကြီးက ပြန်လည်ပြောကြားရာတွင် နှစ်နိုင်ငံလွှတ်တော်ချစ်ကြည်ရေးအသင်းများဖွဲ့စည်းမည့်ကိစ္စကို အထူးထောက်ခံပါကြောင်း၊ နိုင်ငံတကာပါလီမန်များတွင်လည်း ထိုသို့ဆောင်ရွက်ကြပါကြောင်း၊ အစိုးရချင်းသာမက လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်ခြင်းသည် အရေးကြီးပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မိမိတို့နှစ်နိုင်ငံကြားရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်လာစေမည်ဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံကြားတွင် ကုန်သွယ်ရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုစသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးမြှင့်သွားလိုပါကြောင်း၊ Taxila မြို့သည် ဗုဒ္ဓဘာသာယဉ်ကျေးမှုအမွေအနှစ်များ ထွန်းကားသည့်ဒေသဖြစ်၍ ဗုဒ္ဓဘာသာ မြန်မာပြည်သူများအနေဖြင့် လာရောက်လည်ပတ်ဖို့ ဖိတ်ခေါ်လိုပါကြောင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုမြှင့်တင်နိုင်ရေး ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာပွင့်ဆန်း၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးဗန်နီ၊ ဒေါ်ဇာခြည်လွင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ပါကစ္စတန်သံအမတ်ကြီးနှင့်အတူ ပါကစ္စတန်သံရုံးမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

☆ **ကျောဖုံးမှအဆက်**

အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အသင်းအဖွဲ့များမှ ဒုတိယဥက္ကဋ္ဌများ၊ ပညာရှင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက အွန်လိုင်းမှ Virtual စနစ်ဖြင့်တက်ရောက်ကြသည်။

ဦးစွာ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်အရေးကြီးပြီး စိုက်ပျိုးမွေးမြူသူများ၏ အခွင့်အရေးများနစ်နာဆုံးရှုံးမှုမရှိအောင် ကာကွယ်ပေးရန်လိုအပ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၏ အဓိကလိုအပ်ချက်ဖြစ်သည့် မျိုး၊မြေ၊ ရေ၊နည်းနှင့် အရင်းအနှီးရရှိရေး ပံ့ပိုးဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ သွင်းအားစုများဖြစ်သော အရည်အသွေးကောင်းမျိုးစေ့၊ မျိုး၊ ပျိုးပင်၊ သားပေါက်များအသုံးပြုနိုင်စေရန်၊ မြေဩဇာ၊ပိုးသတ်ဆေး၊ ရေအရင်းအမြစ်၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်ဆေးဝါးစသည်တို့နှင့် လိုအပ်သော နည်းပညာများကို တောင်သူလယ်သမားများ လက်လှမ်းမီရရှိနိုင်စေရေးနှင့် အရင်းအနှီးများစွာမတတ်နိုင်သည့် လုပ်ကွက်ငယ် တောင်သူများအတွက် သင့်တင့်သော စိုက်ပျိုးစရိတ်ချေးငွေရရှိရန် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

တောင်သူတိုင်းက ဈေးကွက်ကိုလက်လှမ်းမီစေရန် ပြည်တွင်း၊ ပြည်ပဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်ဗဟုသုတများ၊ ခေတ်မီသတင်းအချက်အလက်နည်းပညာများဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ဈေးကွက်ကိုလက်လှမ်းမမီနိုင်သည့် လုပ်ကွက်ငယ်တောင်သူများအတွက် တောင်သူအစုအဖွဲ့များနှင့် စုပေါင်းရောင်းချ၊ ဝယ်ယူ၊ လုပ်ကိုင်တတ်စေရေး ကူညီပံ့ပိုးဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က စိုက်ပျိုးစရိတ်ချေးငွေများကို အချိန်ကာလနှင့် လိုက်လျောညီထွေရှိသည့် ပမာဏအတိုင်း တိုးမြှင့်ထုတ်ချေးပေးလျက်ရှိသည့်အပြင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး စပါးနှင့်ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် လိုအပ်သော ဓာတ်မြေဩဇာကို သီးနှံပေါ်ချိန်တွင် ခုနှိမ်ပေးဆပ်စေသောစနစ်ဖြင့် တောင်သူများကို ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တောင်သူလယ်သမားများအနေဖြင့် စိုက်ပျိုးမွေးမြူထုတ်လုပ်မှု နည်းပညာအသစ်များ၌ အလွယ်တကူရင်းနှီးမြှုပ်နှံလုပ်ကိုင်လာနိုင်စေရန် ခိုင်မာစိတ်ချရသော ကျေးလက်ချေးငွေနှင့် ငွေရေးကြေးရေးစနစ်များဖွံ့ဖြိုးအားကောင်းလာအောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ဒေသတွင်းနိုင်ငံအဖွဲ့အစည်းများဖြစ်ကြသည့် အာဆီယံ(ASEAN)၊ ဘင်းမ်စတက် (BIMSTEC) နှင့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများ(GMS)က လွှင့်တင်ထားသည့် ဈေးကွက်နှင့် ကုန်သွယ်မှုဆိုင်ရာသတင်းအချက်အလက်များ၊ အခါအားလျော်စွာ ထုတ်ပြန်သော ကုန်သွယ်မှုမူဝါဒများကို သက်ဆိုင်ရာ အဖွဲ့ဝင်များအနေဖြင့် ကြိုတင်သိရှိနိုင်အောင် လေ့လာပြီး မိမိတို့တောင်သူလယ်သမားများ ထုတ်ကုန်ထွက်ရှိချိန်ရောက်မှ ကြီးမားသည့် ဈေးကွက် အပြောင်းအလဲများကြောင့် ဆုံးရှုံးနစ်နာမှုမဖြစ်ရအောင် သတိပေးဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း။

မိမိတို့နိုင်ငံသည် ဒေသတွင်းနိုင်ငံများတွင် မြေသယံဇာတ၊ ရေသယံဇာတများကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်၍ ယင်းတို့ကို အကျိုးအရှိဆုံးအသုံးပြုပြီး ကမ္ဘာလုံးဆိုင်ရာ ပြောင်းလဲလာသော စားရေရိက္ခာစနစ်များနှင့် လိုက်လျောညီထွေရှိသည့် စိုက်ပျိုးမွေးမြူထုတ်လုပ်မှုစနစ်များကို လိုက်ပါပြောင်းလဲဆောင်ရွက်ရန်လိုအပ်လာပြီဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် စားရေရိက္ခာဖူလုံခြင်းသာမက အာဟာရမျှတပြည့်စုံခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းပြီး ကုန်ထုတ်လုပ်မှုတိုးတက်ရုံသာမက ရေရှည်ဖွံ့ဖြိုးတိုးတက်စေခြင်းတို့အတွက် လိုအပ်သော မူဝါဒများချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားရမည် ဖြစ်သကဲ့သို့ ထုတ်ပြန်ထားပြီးသည့် ဥပဒေ၊ နည်းဥပဒေ၊ မူဝါဒ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ငန်းတာဝန်များကိုလည်း အလေးထားလိုက်နာ၍ တိုးတက်မှုရှိအောင် ကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဦးဆောင်အဖွဲ့အတွင်းရေးမှူး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့၊ လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့များနှင့် လုပ်ငန်းတာဝန်များ ဖွဲ့စည်းသတ်မှတ်ထားရှိမှုအခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဦးဆောင်အဖွဲ့အဖွဲ့ဝင်များက တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ဆွေးနွေးအကြံပြုတင်ပြကြရာ ဒုတိယသမ္မတက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များကိုပေါင်းစပ်ညှိနှိုင်းပေး၍ နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၈**

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၁ ရက် မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၃၇ ဦး တက်ရောက်သဖြင့် ၉၅ ဒသမ ၈၉ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ဒီဇယ်ဆီ HSD(500 ppm) အပေါ် အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်နှင့် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas)အပေါ် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့် ကိစ္စတို့နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က နိုင်ငံတော် အစိုးရအနေဖြင့် ပြည်သူလူထု စားဝတ်နေရေး၊ လူမှုစီးပွားဘဝ အဆင်ပြေချောမွေ့စေရေးတို့အတွက် အထူးအလေးထား စဉ်းစားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တစ်ဖက်တွင်လည်း ပညာရေး၊ ကျန်းမာရေး၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး စသည့် ပြည်သူ့အကျိုးပြု ဝန်ဆောင်မှုလုပ်ငန်းများအတွက် ရန်ပုံငွေများကို ထိရောက်စွာ ခွဲဝေသုံးစွဲနိုင်ရေးနှင့် နိုင်ငံတော်၏ အခွန်ဘဏ္ဍာဝင်ငွေ တိုးတက်ရရှိရေးတို့ကိုလည်း အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ကြောင့် စိုက်ပျိုးရေး၊ ကုန်စည်ပို့ဆောင်ရေး၊ ကုန်ထုတ်လုပ်မှုကဏ္ဍတို့တွင် အဓိက အများဆုံး အသုံးပြုရသည့် ဒီဇယ်ဆီ HSD (500 ppm) အပေါ် ကောက်ခံသည့် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်တို့ကို ဧပြီ ၁ ရက်မှစတင်၍လည်းကောင်း၊ သဘာဝဓာတ်ငွေ့ရည်(LNG) အပေါ် ကောက်ခံသည့် ကုန်သွယ်လုပ်ငန်းခွန်ကို မေ ၁ ရက်မှစတင်၍လည်းကောင်း ကင်းလွတ်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက်ဖြင့် ကင်းလွတ်ခွင့်ပြုလျက်ရှိပါကြောင်း။

နိုင်ငံတော်က ၂၀၂၆ ခုနှစ် ဧပြီ ၁ ရက်မှ ဇွန် ၃၀ ရက်ထိ ဒီဇယ်ဆီ HSD (500 ppm) အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုခဲ့သည့်ပမာဏမှာ ငွေကျပ် ၈၄ ဘီလီယံခန့် ဖြစ်ပြီး ၂၀၂၆ ခုနှစ် မေ ၁ ရက်မှ ဇွန် ၃၀ ရက်ထိ သဘာဝဓာတ်ငွေ့ရည်(LNG)အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုခဲ့သည့်ပမာဏမှာ ငွေကျပ် ငါးဘီလီယံခန့်ဖြစ်သဖြင့် စုစုပေါင်း ခွင့်ပြုခဲ့သည့် ပမာဏမှာ ငွေကျပ် ၈၉ ဘီလီယံခန့် ရှိခဲ့ပါကြောင်း။

ထိုကဲ့သို့ အခွန်ကင်းလွတ်ခွင့်ပြုခဲ့သည့်အတွက် စိုက်ပျိုးရေး၊ ကုန်စည်သယ်ယူပို့ဆောင်ရေး၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး ကဏ္ဍတို့အတွက် လောင်စာဆီနှင့် သဘာဝဓာတ်ငွေ့ရည်အတွက် ကုန်ကျစရိတ်ကို လျှော့ချပေးနိုင်ခဲ့ပြီး အခြေခံစားသောက်ကုန်နှင့် ကုန်စည်ဈေးနှုန်းများ တည်ငြိမ်မှုနှင့် လျော့ကျမှုရှိစေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခအခြေအနေ၊ ကမ္ဘာ့လောင်စာဆီဈေးနှုန်း အတက်အကျအခြေအနေ၊ ပြည်တွင်း ဒီဇယ်ဆီနှင့် သဘာဝဓာတ်ငွေ့ရည် ဈေးနှုန်းအခြေအနေ၊ အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေးနှုန်း အခြေအနေ၊ နိုင်ငံတော်၏ ဘဏ္ဍာငွေလိုအပ်ချက်နှင့် အခွန်အကောက်ရငွေအခြေအနေတို့ကို လစဉ် စိစစ်သုံးသပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုကာလတွင် အရှေ့အလယ်ပိုင်းဒေသပဋိပက္ခများကြောင့် ကမ္ဘာ့စွမ်းအင်ဈေးကွက်တွင် မတည်ငြိမ်မှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး လောင်စာဆီဈေးနှုန်းမတည်ငြိမ်မှုများ ဖြစ်ပေါ်လျက်ရှိပါကြောင်း။

ပြည်သူလူထု၏ နေ့စဉ်လူနေမှုဘဝများ အဆင်ပြေချောမွေ့ရေးနှင့် အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေးနှုန်း ဆက်လက်ထိန်းညှိပေးနိုင်ရန်အတွက် ဒီဇယ်ဆီ HSD(500 ppm)အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်၊ သဘာဝဓာတ်ငွေ့ရည်အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို ဇူလိုင်နှင့် ဩဂုတ်လ နှစ်လထပ်မံတိုးမြှင့် ကင်းလွတ်ခွင့်ပြုရန် လိုအပ်လျက်ရှိပါကြောင်း။

ဒီဇယ်ဆီ HSD (500 ppm) အပေါ် ကောက်ခံသည့် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်နှင့် သဘာဝဓာတ်ငွေ့ရည်အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို ဇူလိုင်လအတွက် တစ်လ ထပ်မံတိုးမြှင့် ခွင့်ပြုနိုင်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၇/၂၀၂၆)၏ သဘောတူခွင့်ပြုချက်အရ ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက်ရယူရန် တင်ပြရခြင်းဖြစ်ပါကြောင်း။

ယခင်က ဒီဇယ်ဆီအပေါ် အခွန်ကင်းလွတ်ခွင့်ပြုရန် ပြည်ထောင်စုလွှတ်တော်သို့ အဆိုတင်သွင်းစဉ်က လွှတ်တော်ကိုယ်စားလှယ်များ ထောက်ပြဆွေးနွေးခဲ့သည့် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပြီးမှ ကင်းလွတ်ခွင့်ပြုသင့်ကြောင်း ဆွေးနွေးချက်ကို အလေးထားသောအားဖြင့် ရုံးလုပ်ထုံးလုပ်နည်းများ ပြန်လည်စိစစ်၍ ဩဂုတ်လအတွက် အခွန်ကင်းလွတ်ခွင့်ပြုရာတွင် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပြီးမှ နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် အများပြည်သူသို့ အသိပေးကြေညာချက်ထုတ်ပြန်ခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

သို့ပါ၍ ဒီဇယ်ဆီ HSD (500 ppm) အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်နှင့် သဘာဝဓာတ်ငွေ့ရည်အပေါ် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်တို့ကို ၂၀၂၆ ခုနှစ် ဇူလိုင် ၁ ရက်မှ ဩဂုတ် ၃၁ ရက်ထိ နှစ်လထပ်မံ၍ ခွင့်ပြုနိုင်ရေးအတွက် ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက် ဥပဒေပုဒ်မ ၃၇ နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၇) ဒေါက်တာဗညားအောင်မိုးက ဒီဇယ်ဆီနှင့် LNG တို့သည် အလွန်အရေးကြီးသော လူသုံးကုန်ပစ္စည်းများ ဖြစ်ပါကြောင်း၊ ဒီဇယ်ဆီသည် ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးအတွက် အဓိကအသုံးပြုရသဖြင့် ဒီဇယ်ဈေးတက်လျှင် ပို့ဆောင်ခတက်၍ ကုန်ပစ္စည်းဈေးနှုန်းကို အနည်းနှင့်အများ တက်စေပါကြောင်း၊ ခရီးသွားလာရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံး သွင်းအားစုများတွင်လည်း စရိတ်တက်လာမည်ဖြစ်ပါကြောင်း။

သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas (LNG))ကို အလုပ်ရုံ၊ စက်ရုံများတွင် အသုံးပြုသည့်အပြင် အိမ်သုံးဓာတ်ငွေ့ရည်လည်း ဖြစ်သဖြင့် အရေးကြီးကုန်ပစ္စည်းဖြစ်ပါကြောင်း၊ အရှေ့အလယ်ပိုင်း ပဋိပက္ခအချိန်ကာလတွင် ကမ္ဘာ့ရေနံဈေးတက်နေသည့်အခြေအနေမှာ ဒီဇယ်ဆီအပေါ် အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်နှင့် သဘာဝဓာတ်ငွေ့အရည်(LNG)အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပေးသည့်အတွက် တစ်စိတ်တစ်ပိုင်းအားဖြင့် ကုန်ဈေးနှုန်းကို ထိန်းညှိပေးနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူတို့၏အခက်အခဲကို ဖြေလျှော့ပေးနိုင်မည်ဖြစ်၍ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် တစ်လခွင့်ပြုနိုင်ရေးတို့အတွက် နိုင်ငံတော်သမ္မတ၏သဝဏ်လွှာကို ပြည်ထောင်စုလွှတ်တော်မှ သဘောတူထောက်ခံပေးပါရန် တင်ပြအပ်ပါကြောင်း ဆွေးနွေးသည်။

အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က ယခုအခါ အရှေ့အလယ်ပိုင်းဒေသပဋိပက္ခ ဆက်လက်ဖြစ်ပွားလျက်ရှိပြီး ပြည်သူလူထု၏ နေ့စဉ်လူနေမှုဘဝများ အဆင်ပြေချောမွေ့ရေးနှင့် အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေးနှုန်း တည်ငြိမ်မှုရှိရေး ဆက်လက်ထိန်းညှိပေးရန် လိုအပ်သည့်အတွက် ဒီဇယ်ဆီ HSD (500 ppm)နှင့် သဘာဝဓာတ်ငွေ့ရည်အပေါ် အခွန်ကင်းလွတ်ခွင့်များကို ဇွန်၊ ဇူလိုင်၊ ဩဂုတ်လတို့အတွက် ထပ်မံတိုးမြှင့်ကင်းလွတ်ခွင့်ပြုပေးနိုင်ရန် တင်ပြရခြင်းဖြစ်ပါကြောင်း။

အခွန်ကင်းလွတ်ခွင့်ပြုရာတွင်လည်း ဘဏ္ဍာရေးတည်ငြိမ်မှုရှိစေရန်နှင့် အခွန်ဘဏ္ဍာငွေရရှိမှုအပေါ် သက်ရောက်မှုလျော့နည်းစေရန်အတွက် ပြည်သူလူထုအတွက် အရေးပေါ်ပံ့ပိုးဆောင်ရွက်ရန် လိုအပ်သည့်ကာလအတွက်သာ ခွင့်ပြုနိုင်ရေး စိစစ်သုံးသပ်၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြဆောင်ရွက်ခြင်းဖြစ်သကဲ့သို့ အခြေခံပြည်သူလူထုနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများအပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှုရှိသည့် ဒီဇယ်ဆီ HSD(500 ppm)နှင့် သဘာဝဓာတ်ငွေ့ရည်တို့အပေါ်တွင်သာ အခွန်ကင်းလွတ်ခွင့်ပြုနေခြင်းဖြစ်ပါကြောင်း။

သို့ပါ၍ ဒီဇယ်ဆီ HSD (500 ppm) အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်၊ သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို ၂၀၂၆ ခုနှစ် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လတို့အတွက် သုံးလ ထပ်မံ၍တိုးမြှင့်ခွင့်ပြုနိုင်ရေး ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၃၇ နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ကို စက်ခလုတ်အသုံးပြု၍ရယူရာ ထောက်ခံမဲ ၅၂၃ မဲ၊ ကန့်ကွက်မဲသုံးမဲ၊ ကြားနေမဲနှစ်မဲတို့ဖြစ်ရာ ထောက်ခံဆန္ဒမဲများသဖြင့် အတည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီအတွင်းရေးမှူး ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၇) ဦးဇင်မင်းထက်က တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြရာ ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အတည်ပြုခဲ့သည့် အပိုဒ်၊ အပိုဒ်ခွဲများကို လွှတ်တော်နှစ်ရပ် အတည်ပြုချက်များအတိုင်းလည်းကောင်း၊ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသည့် အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်များအတိုင်းလည်းကောင်း ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကိုရပ်နားလိုက်ပြီး အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ဇူလိုင် ၃၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်
ရုပ်သံဖိုင်ကြည့်ရန်


## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

# နေပြည်တော်တိုင်းစစ်ဌာနချုပ် ၁၉ ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၈**

နေပြည်တော်တိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် ၁၉ ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အောင်ငြိမ်းအေးခန်းမ၌ ပြုလုပ်ရာ ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇဝနတိက္ခ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော် အမှူးပြုသော သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

၎င်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



နေပြည်တော်တိုင်းစစ်ဌာနချုပ် ၁၉ ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပစဉ်။

**စာမျက်နှာ ၂၂ မှအဆက်**

မိခင်ဘာသာစကား တစ်မျိုးတည်းဖြင့် ပြောင်းလဲသင်ကြားရန် မသင့်လျော်ပါကြောင်း ဖြေကြားသည်။

ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်စမ်းစမ်းငွေ၏ **ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၌ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် သင်ကြားနိုင်ရေးအတွက် ဥပဒေနှင့်အညီ အဆင့်တိုးမြှင့်ပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိရေး၊ အနည်းဆုံး KG+9 ပြီးမြောက်အောင်မြင်ရေး၊ မည်သည့်ခွဲခြားမှုမျှမရှိစေရေးနှင့် ကျောင်းထွက်သူမရှိစေရေးတို့ကို မူဝါဒများအရ ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို ၁၉၉၈-၁၉၉၉ ပညာသင်နှစ်မှစ၍အလယ်တန်းအဆင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအဖြစ် အသစ်ထပ်မံဖွင့်လှစ်ခြင်းမပြုတော့ဘဲ ယခင်ဖွင့်လှစ်ထားသည့် အလယ်တန်းအဆင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၉၈ ကျောင်းကို ဆက်လက်ဖွင့်လှစ်သင်ကြားခဲ့ရာ ယခုအခါ အလယ်တန်းအဆင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၈၃ ကျောင်း ဖွင့်လှစ်သင်ကြားလျက်ရှိပါကြောင်း။

ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများနှင့် စပ်လျဉ်း၍ ၁၉၉၆ ခုနှစ် ဇွန် ၂၂ ရက် တွင် ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံပညာရေးကော်မတီ၏ (၁/၉၆) အစည်းအဝေးတွင် "ဘုန်းတော်ကြီးသင်ကျောင်းများတွင် အလယ်တန်းပညာသင်ကြားခြင်းကို ခွင့်မပြုရန်" ဆုံးဖြတ်ခဲ့ကြပါကြောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည် သာသနာရေးဝန်ကြီးဌာန၏ အုပ်ချုပ်မှုအောက်တွင်ရှိသော်လည်း ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူခွင့်မဆုံးရှုံးစေရေး၊ ပညာဆက်လက်သင်ယူခွင့်ရရှိစေရေးအတွက်အခမဲ့ပညာရေးကိုအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သာသနာရေးဝန်ကြီးဌာနက ၂၀၂၂-၂၀၂၃ ပညာသင်နှစ်မှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်ထိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၇၆ ကျောင်းကို မူလတန်းအဆင့်မှ မူလတန်းလွန်အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ပါကြောင်း။

၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် (၂၀၂၆ ခုနှစ် ဇူလိုင်လစာရင်းအရ) တွဲဖက်အထက်တန်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်း နှစ်ကျောင်း၊ အလယ်တန်းအဆင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၉၃ ကျောင်း၊ မူလတန်းလွန်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၆၁၆ ကျောင်းနှင့် မူလတန်းအဆင့်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၆၅၂ ကျောင်း စုစုပေါင်း ၁၃၆၃ ကျောင်း ဖွင့်လှစ်ထားရှိပြီး အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၂၉၄၈၉၁ ဦး၊ ဆရာ၊ ဆရာမ စုစုပေါင်း ၁၀၁၉၇ ဦးတို့ဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်သို့ လတ်တလောတိုးမြှင့်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ အတန်းအဆင့်အလိုက် ပြီးမြောက်အောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နီးစပ်ရာအခြေခံပညာကျောင်းများသို့ ကူးပြောင်းတက်ရောက် ပညာသင်ကြားနိုင်ပါကြောင်း ဖြေကြားသည်။

မိုးညှင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **မိုးညှင်း ခုတင် ၁၀၀ ဆံ့ဆေးရုံကို ခုတင် ၂၀၀ ဆံ့ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ကချင်ပြည်နယ် မိုးညှင်းမြို့တွင် လူဦးရေ ၃၀၀၀၉၃ ဦးရှိပြီး ခုတင် ၁၀၀ ဆံ့ မိုးညှင်းပြည်သူ့ဆေးရုံ၊ တိုက်နယ်ဆေးရုံ ခြောက်ရုံ၊ မိခင်ကလေးကျန်းမာရေးဌာန၊ တိုက်နယ်၊ ကျေးလက်ကျန်းမာရေးဌာန ခြောက်ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၉ ခုတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါကြောင်း၊ ကချင်ပြည်နယ် မိုးညှင်းမြို့ ခုတင် ၁၀၀ ဆံ့ဆေးရုံ၏ တစ်နေ့ပျမ်းမျှအတွင်းလူနာဦးရေ ၅၄ ဦးရှိပြီး ဆေးရုံခွင့်ပြုခုတင်အသုံးပြုမှုရာခိုင်နှုန်းမှာ ၅၄ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ အတွင်းလူနာဦးရေမှာ ခွင့်ပြုခုတင်အရေအတွက်ထက် စဉ်ဆက်မပြတ်ကျော်လွန်နေမှသာ ခုတင်အဆင့်မြှင့်တင်ခြင်းကို ဦးစားပေးဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ခုတင် ၂၀၀ သို့အဆင့်တိုးမြှင့်ပေးနိုင်ခြင်း မရှိသေးပါကြောင်း။

မိုးညှင်းခရိုင် ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံတွင် ဆေးရုံအုပ် တစ်ဦးနှင့် အထူးကုဆရာဝန်များအနေဖြင့် (ခွဲစိတ်၊ သားဖွားမီးယပ်၊ ကလေး၊ သွားကျန်းမာ၊ အရိုး) တို့ကို ခန့်ထားပေးပြီးဖြစ်ပါကြောင်း၊ လက်ထောက်ဆရာဝန် နှစ်ဦးကို ၁၅-၇-၂၀၂၆ ရက်က ထပ်မံပြောင်းရွှေ့ခန့်ထားပေးခဲ့ပြီး လက်ထောက်ဆရာဝန်အထူးကု (ဆေးပညာနှင့် မေ့ဆေး)တို့ကို ထပ်မံခန့်ထားပေးမည်ဖြစ်ပါကြောင်း၊ ခွဲစိတ်ဆရာဝန်အနေဖြင့်လည်း အကြီးစားခွဲစိတ်မှုများကို နိုင်နင်းစွာဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်ရှိသောအထူးကုဆရာဝန်များကို ခန့်ထားနိုင်ရေး ကျန်းမာရေးဝန်ကြီးဌာန၏ လူ့စွမ်းအားမွေးထုတ်နိုင်မှုအပေါ်မူတည်၍ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထပ်မံခန့်ထားသော သစ်လွင်သူနာပြု ခြောက်ဦးသည်လည်း ၂၂-၆-၂၀၂၆ ရက်မှစ၍ စတင်တာဝန်ထမ်းဆောင်နေပြီဖြစ်ပါကြောင်း ဖြေကြားသည်။

ရွှေတောင်မဲဆန္ဒနယ်မှ ဦးတင်ရွှေ၏ **ရွှေတောင်မြို့တွင် တိုင်းရင်းသမားတော်ဆေးကုသဆောင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်တွင် တိုင်းရင်းဆေးရုံ တည်ဆောက်ရန်အတွက် လယ်မြေ ၁ ဒသမ ၉၆ ဧကကို မြို့မိမြို့ဖများက လှူဒါန်းရရှိခဲ့ပြီး တိုင်းရင်းဆေးပညာဦးစီးဌာန အမည်ပေါက်ပြောင်းလဲနိုင်ရေးနှင့် လယ်ယာမြေမှ အခြားနည်းလမ်းအသုံးပြုခွင့်ကို မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးဦးစီးဌာနသို့ လျှောက်ထားဆဲဖြစ်ပါကြောင်း။

ရွှေတောင်မြို့နယ်တွင် မြို့နယ်တိုင်းရင်းဆေးကုဌာန ဆေးခန်းတစ်ခန်း ဖွင့်လှစ်ထားရှိပြီး ဆေးကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ နေ့စဉ်ပျမ်းမျှလူနာ ၁၅ ဦးခန့် လာရောက်၍ ကုသမှုခံယူနေပါကြောင်း၊ ရွှေတောင်မြို့သည် ၂၅ ခုတင်ဆံ့ တိုင်းရင်းဆေးရုံရှိသည့် ပြည်မြို့နှင့် ကိုးမိုင်ခန့်သာကွာဝေးပြီး ရာသီမရွေး ရထားလမ်း၊ ကားလမ်းများဖြင့် အချိန်မိနစ် ၂၀ အတွင်း သွားရောက်နိုင်ပါသဖြင့် လတ်တလောတွင် ရွှေတောင်မြို့၌ တိုင်းရင်းဆေးရုံဆောက်လုပ်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၁ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၃၂ ရက်မြောက်နေ့ကို ဇူလိုင် ၃၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

## ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်သူများ

**ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-**

၁။ သာသနာ့ဝန်ထမ်းများ။

၂။ အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

### ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ**

၁။ ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

၄။ တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

၆။ နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက်နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

၇။ တစ်ဆက်စပ်တည်း လုပ်သက်နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# စိုက်ပျိုးရေးကဏ္ဍ၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အကူပြုသော မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်(MFTB)နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(MADB)တို့က ယခုနှစ် မိုးရာသီချေးငွေများ တိုးမြှင့်ထုတ်ချေး




**ရန်ကုန် ဇူလိုင် ၂၈**

စိုက်ပျိုးရေးကဏ္ဍ၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသော မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်(MFTB)နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(MADB)တို့က ယခုနှစ် မိုးရာသီချေးငွေများ တိုးမြှင့်ထုတ်ချေးထားကြောင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်များမှ ဝန်ထမ်းများနှင့် သီးခြားစီတွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ထို့ပြင် နိုင်ငံပိုင်ဘဏ်များအနေဖြင့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ ကောင်းမွန်ချောမွေ့စေရေး၊ ဘဏ်များ၏ အသွင်သဏ္ဌာန်နှင့် ဝန်ထမ်းများဝန်ဆောင်မှု အရည်အသွေးကောင်းမွန်စေရေး၊ ဘဏ်ဝန်ထမ်းများ အရည်အသွေးပြည့်ဝရေးအတွက် ဘဏ်လုပ်ငန်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးရေး၊ အဂတိတရားကင်းရှင်းရေး တာဝန်ရှိသူများက အဆင့်ဆင့် ကြီးကြပ်သွားရန်လည်း ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယမန်နေ့ မွန်းလွဲပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် ရန်ကင်းမြို့နယ်ရှိ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၄) အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိပြည်တွင်းအခွန်များဦးစီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးများနှင့်လည်းကောင်း၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၂)၌ ကျောက်တံတားမြို့နယ်ရှိ တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံးနှင့် အကောက်ခွန်ဦးစီးဌာနရုံးချုပ်များမှ ဝန်ထမ်းများနှင့်လည်းကောင်း သီးခြားစီတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာ ဦးစီးဌာနများအလိုက် နိုင်ငံတော်၏ ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာများရရှိစေရေး၊ လေလွင့်မှုမရှိစေရေး၊ အခွန်ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရေး၊ ဘဏ္ဍာနှစ်အတွက် အခွန်ငွေသတ်မှတ်လျာထားချက်များကို ပြည့်မီကျော်လွန်စေရေး ဆောင်ရွက်သွားကြရန်နှင့် လုပ်ငန်း ဆောင်ရွက်သည့်အခါတွင် အဂတိတရားကင်းရှင်းစွာဖြင့် ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ-ဂျပန် စီးပွားရေးဖိုရမ်နှင့်ပတ်သက်၍ မီဒီယာများ၏ မေးမြန်းမှုအပေါ် နိုင်ငံတော်သမ္မတရုံး၏ ပြောရေးဆိုခွင့်ရှိသူ ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုး ရှင်းလင်းဖြေကြား

မြန်မာ-ဂျပန် စီးပွားရေးဖိုရမ်ကို ဇူလိုင် ၂၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(ရန်ကုန်)၌ ကျင်းပခဲ့ပြီး ဖိုရမ်နှင့်ပတ်သက်၍ မီဒီယာများ၏ မေးမြန်းမှုများအပေါ် နိုင်ငံတော်သမ္မတရုံး၏ ပြောရေးဆိုခွင့်ရှိသူ ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုးက ရှင်းလင်းဖြေကြားခဲ့သည်များကို ဖော်ပြအပ်ပါသည်-

**မေး။** ။ ဒီနေ့ကျင်းပတဲ့ မြန်မာ-ဂျပန်စီးပွားရေးဖိုရမ်ကျင်းပမှုနဲ့ပတ်သက်ပြီး အရင်ဆုံးပြောကြားပေးစေလိုပါတယ်။

**ဖြေ။** ။ ဒီနေ့ပြုလုပ်တဲ့ မြန်မာ-ဂျပန် စီးပွားရေးဖိုရမ်က မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုအသင်း၊ ဂျပန်နိုင်ငံက Ingo Peace နဲ့ မြန်မာနိုင်ငံက နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ပူးပေါင်းပြီး ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ ဂျပန်နဲ့ မြန်မာအကြားရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို တိုးမြှင့်ဖို့၊ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ တိုးမြှင့်ဖို့ကိုရည်ရွယ်ပြီး ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

**မေး။** ။ ဒီနေ့ဖိုရမ်ကို နိုင်ငံတော်သမ္မတကြီးလဲ တက်ရောက်ချီးမြှင့်ခဲ့ပါတယ်။ ဒီကနေ နှစ်နိုင်ငံအတွက် ဘယ်လိုအကျိုးကျေးဇူးတွေ၊ အလားအလာကောင်းတွေ ရရှိနိုင်မယ်ဆိုတာသိပါရစေ။

**ဖြေ။** ။ ဂျပန်-မြန်မာ နှစ်နိုင်ငံပြည်သူတွေ




အကြားမှာ နှစ်ပေါင်းများစွာ ချစ်ကြည်ရင်းနှီးစွာ အပြန်အလှန်လေးစားမှုနဲ့ ဆက်ဆံခဲ့ကြတဲ့ နိုင်ငံတွေဖြစ်ပါတယ်။ ပြီးတော့ စီးပွားရေးနဲ့ပတ်သက်ရင် ဂျပန်နိုင်ငံက ကျွန်မတို့နိုင်ငံရဲ့ ကုန်သွယ်မှုမှာ အဆင့် (၆)၊ ရင်းနှီးမြှုပ်နှံမှုမှာ အဆင့်(၉) ဒီလိုမျိုး ပူးပေါင်းဆောင်ရွက်မှုတွေ မြင့်မားခဲ့တဲ့နိုင်ငံတစ်ခုဖြစ်ပါတယ်။ နောက်တစ်ခါ သီလဝါ SEZ မှာဆိုရင် ဂျပန်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုက ၂၉ ဒသမ ၉၂ ရာခိုင်နှုန်းအထိ မြင့်မားခဲ့တာကိုတွေ့ရပါတယ်။ အဲဒီတော့ ဂျပန်နဲ့ မြန်မာနိုင်ငံအကြားမှာ ချစ်ကြည်ရင်းနှီးမှုအရ၊ စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုက မြင့်မားပါတယ်။

ဒါကြောင့် ဒါကို အလေးထားတဲ့အနေနဲ့ နိုင်ငံတော်သမ္မတကိုယ်တိုင် ဒီနေ့ စီးပွားရေးဖိုရမ်ကို တက်ရောက်ခဲ့ပါတယ်။ ပြီးတော့ ရင်းနှီးမြှုပ်နှံမှုနဲ့ ကုန်သွယ်မှုတွေကို မြှင့်တင်ဖို့၊ ချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်ဖို့အတွက် ဖိတ်ခေါ်ခဲ့ပါတယ်။ ကျွန်မတို့နိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ လာရောက်ဆောင်ရွက်မယ်ဆိုရင် ဒီလိုရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နိုင်ဖို့အတွက် ဝန်းကျင်ကောင်းတွေ ဖန်တီးပေးပါ့မယ်ဆိုပြီး သမ္မတကြီးက မိန့်ခွန်းမှာထည့်ပြီး ပြောကြားခဲ့ပါတယ်။

**မေး။** ။ ဒီနေ့ ရင်းနှီးမြှုပ်နှံမှုအတွက် ထပ်ပြီးဖိတ်ခေါ်ခဲ့တယ်။ ဖိုရမ်မှာ ဂျပန်နိုင်ငံက ပါဝင်တက်ရောက်တဲ့ စီးပွားရေးလုပ်ငန်းရှင် အရေအတွက်ကိုလည်း သိပါရစေ။

**ဖြေ။** ။ ဒီနေ့ စီးပွားရေးဖိုရမ်ကို ဂျပန်နိုင်ငံက စီးပွားရေးလုပ်ငန်းရှင် ၉၄ ဦး တက်ရောက်ပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံဘက်က ဦးရေ ၃၀၀ ကျော် တက်ရောက်ပါတယ်။

**မေး။** ။ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုတွေကနေ တစ်ဆင့် ရရှိလာမယ့် ရလဒ်ကောင်းတွေနဲ့ ပတ်သက်ပြီးတော့လဲ သိပါရစေ။

**ဖြေ။** ။ ဒီနေ့ စီးပွားရေးဖိုရမ်မှာ ပထမပိုင်းက ဖိုရမ်ဖွင့်ပွဲပါ။ ဒုတိယပိုင်းမှာတော့ မျက်နှာစုံညီဆွေးနွေးပွဲတွေလုပ်မှာပါ။ ဒီဆွေးနွေးပွဲကနေ မြန်မာနိုင်ငံရဲ့ စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်လို့ ကျွန်မတို့ဘက်က မူဝါဒတွေ၊ လုပ်ထုံးလုပ်နည်းတွေ၊ လာရောက်ရင်းနှီးမြှုပ်နှံမယ်ဆိုရင် ကျွန်မတို့ဘက်က ပံ့ပိုးမှုပြုလုပ်သွားမယ့်အရာတွေကို ဆွေးနွေးကြမှာပါ။ ပြီးရင် MoU လေးခု လက်မှတ်ရေးထိုးသွားမှာပါ။ ခုနက ဆွေးနွေးမှုတွေကနေတစ်ဆင့် ဂျပန်နိုင်ငံရဲ့ ကုန်သွယ်မှု တိုးမြှင့်ဖို့ကိစ္စတွေ၊ ပြည်သူတွေအကြား၊ ကုမ္ပဏီအချင်းချင်းကြားမှာ Business to Business (B to B) စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွေကို မြှင့်တင်နိုင်မယ်၊ ချစ်ကြည်ရင်းနှီးမှုတွေကို တည်ဆောက်နိုင်မယ်လို့ မျှော်လင့်ပါတယ်။

ကျွန်မတို့ နိုင်ငံက ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်တယ်။ သဘာဝအရင်းအမြစ် ပေါများတဲ့နိုင်ငံဖြစ်ပါတယ်။ စိုက်ပျိုးမြေဧရိယာလဲကျယ်တယ်၊ ကျွန်မတို့နိုင်ငံဟာ စိုက်ပျိုးမွေးမြူရေးကို အဓိကအားထားတဲ့နိုင်ငံဖြစ်ပါတယ်။ အဲဒီတော့ ဒီကဏ္ဍတွေမှာလဲ ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်နိုင်ပါတယ်။

နောက်တစ်ခုက ကျွန်မတို့နိုင်ငံမှာ လူငယ်လုပ်သားအင်အားလဲ ပေါများတဲ့အနေအထားလဲ ရှိပါတယ်။ ဒါကကျွန်မတို့နိုင်ငံရဲ့ အားသာချက်ပါ။ ဂျပန်နိုင်ငံရဲ့ အားသာချက်ကတော့ သူတို့မှာ နည်းပညာတွေရှိတယ်၊ အရင်းအနှီးရှိတယ်၊ အဲဒီတော့ ကျွန်မတို့နိုင်ငံကိုလာပြီးတော့ ရင်းနှီးမြှုပ်နှံမယ်ဆိုရင် ကျွန်မတို့နိုင်ငံရဲ့ အားသာချက်နဲ့ ဂျပန်နိုင်ငံရဲ့ အားသာချက် ဒါကိုပူးပေါင်းဆောင်ရွက်လိုက်ရင် နှစ်နိုင်ငံလုံးအတွက် Win-Win Situation ကို ဖန်တီးနိုင်မှာဖြစ်ပါတယ်။ ကျွန်မတို့ ပြည်သူတွေရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကိုလည်း များစွာအထောက်အကူဖြစ်မှာပါလို့ ပြောကြားလိုပါတယ်။

**သတင်းအဖွဲ့**

## ၂၈-၇-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

- ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ကား၊ ဆိုင်ကယ်အပိုပစ္စည်း၊ တိရစ္ဆာန်အစာ၊ ဓာတ်မြေဩဇာ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ စားသုံးကုန်စည်တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၀ သန်းအား CMP ကဏ္ဍသို့ ရောင်းချပေးခဲ့ပါသည်။

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၈,၀၄၈,၇၉၆.၀၃ | ၅,၆၂၃,၁၇၅.၁၃ | ၅၈,၂၈၉,၉၈၁.၇၉ | - |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

# ၂၀၂၆ ခုနှစ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၃ နှစ်အောက် အမျိုးသား၊အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ



**မန္တလေး ဇူလိုင် ၂၈**

၂၀၂၆ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၃ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးမိုးလုံလေလုံအားကစားခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဝါသနာရှင်များ တက်ရောက်ကြပြီး အမျိုးသား လေးယောက်တွဲ ပြည်ကြီးတံခွန်မြို့နယ်အသင်းနှင့် အမရပူရ မြို့နယ်အသင်းတို့ ဗိုလ်လုပွဲယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြရာ အမရပူရ မြို့နယ်အသင်းက အနိုင်ရဗိုလ်စွဲ၍ တံခွန်စိုက်ဆုဖလားကို ဆွတ်ခူးခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနား ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက အမျိုးသား လေးယောက်တွဲ ပထမဆုရရှိသော အမရပူရ မြို့နယ်အသင်းကို ဆုတံဆိပ်များ၊ ပထမ တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆု၊ အမျိုးသား သုံးယောက်တွဲ ပထမဆု ရရှိသော အမရပူရမြို့နယ်အသင်းကို ဆုတံဆိပ်များ၊ ပထမဆုတံဆိပ်နှင့် ငွေသားဆုတို့ကိုလည်းကောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲများတွင် နှစ်ယောက်တွဲ၊ သုံးယောက်တွဲနှင့် လေးယောက်တွဲ ပြိုင်ပွဲဝင်များတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသည့် အသင်းများကို ဆုတံဆိပ်များ၊ ငွေသားဆုများကိုလည်းကောင်း ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

❑ **EV Charging မှ**

ဖွင့်ပွဲအခမ်းအနားကို ဘားအံမြို့ လှာကမြင်ကွက်သစ် လှာကမြင်ပန်းခြံ ရှေ့၌ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီး ချုပ် ဦးစောမြင့်ဦးက အဖွင့်အမှာစကား ပြောကြားပြီး Hpa-an EV Charging Hub(1)ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်သည် ဘားအံမြို့ အမှတ်(၅)ရပ်ကွက်၌ ကျင်းပသည့် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ ၂၀၂၅ ဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့သည့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန ကရင်ပြည်နယ်ဦးစီးမှူးရုံး အသိပညာပေးစင်တာနှင့် RCC နှစ်ထပ် သိုလှောင်ရုံဖွင့်ပွဲသို့ တက်ရောက်ပြီး လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးဒေါက်တာသန်းစိုး၊ တရုတ် ပြည်သူ့သမ္မတနိုင်ငံ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး Ms.Ma Jia တို့နှင့်အတူ အဆောက်အအုံကို ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးက အမှာစကားပြောကြားကာ တရုတ်နိုင်ငံ သံအမတ်ကြီးက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များကို ရှင်းလင်းပြောကြား၍ ဒုတိယဝန်ကြီးက တရုတ်နိုင်ငံ သံအမတ်ကြီးထံ အဆောက် အအုံဆိုင်ရာ အချက်အလက်များ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်း ရရှိသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

✱ **ဖောင်ပိတ်သတင်းမှ**

လိုင်စင်ရရှိရေး၊ ရှုရှားနှင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ပြန်လည်စတင်နိုင်ရေး တို့အတွက် အပြုသဘောဆောင်သည့် ဆွေးနွေးမှုများ ပြုလုပ်နိုင်ခဲ့ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ဇူလိုင် ၂၈ ရက်က ပြုလုပ်ခဲ့သည့် တစ်နာရီကျော်ကြာ ဆွေးနွေးပွဲအပြီးတွင် ယူကရိန်းသမ္မတ ဇီလန်စကီးက အမေရိကန်၏ ခိုင်မာသည့်ထောက်ပံ့ကူညီမှုများအတွက် ကျေးဇူးတင်ရှိကြောင်းနှင့် ပက်ထရီယော့တ် ဒုံးကျည်များ ထုတ်လုပ်ခွင့်အပြင် စစ်ရေးပဋိပက္ခ အဆုံးသတ်ရေး မဟာဗျူဟာများကိုလည်း ညှိနှိုင်းခဲ့ကြကြောင်း လူမှုကွန်ရက်တွင် ရေးသားခဲ့သည်။ အမေရိကန်အနေဖြင့် ယူကရိန်းသို့ လက်နက်တိုက်ရိုက်ပေးပို့မှုကို ရပ်ဆိုင်းထားသော်လည်း လေကြောင်း ကာကွယ်ရေးစနစ် တည်ဆောက်ရေးနှင့် သတင်းအချက်အလက် နယ်ပယ်တွင် ဆက်လက် ကူညီပေးလျက်ရှိကြောင်း သိရသည်။

Ref : RT

Trs : YZA

## ပဲခူးနှင့် စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၂၈**

ယနေ့ နံနက် ၆နာရီခွဲအချိန် တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေ ကျော်အလိုတွင် ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

အလားတူ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့်အလိုတွင် ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပဲခူးမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြု နိုင်ရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

## ၂၀၂၆ ခုနှစ် ဇူလိုင် ၂၈ ရက် ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၉၅၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

**အပြည်ပြည်ဆိုင်ရာလူငယ်များနေ့**

**၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်(ဗုဒ္ဓဟူးနေ့)**

**INTERNATIONAL YOUTH DAY**

2026 DIFFERENT CONTEXTS, COMMON ASPIRATIONS

**“ Different Contexts, Common Aspirations ”**

**“ နောက်ခံမတူပြား၊ ရည်မှန်းတူထား၊ လူငယ်အား ”**

## သံအမတ်ကြီး ဦးမောင်မောင်စိုး ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇူလိုင် ၂၈**

ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမောင်မောင်စိုးသည် ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ၂၀၂၆ ခုနှစ် ဇူလိုင် ၂၈ ရက် (အင်္ဂါနေ့)တွင် မင့်စ်မြို့ရှိ သမ္မတအိမ်တော်၌ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာအလက် ဇန္ဒားလူကာရှန်ကိုထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်း ခံစားချက်စကားသံများကို သဇင်FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”**အစီအစဉ် မှ**“အကြမ်းဖက် PDFတို့ရဲ့ ယုတ်မာအောက်တန်းကျတဲ့စိတ်ဓာတ်”**ခေါင်းစဉ်ဖြင့် ၂၉-၇-၂၀၂၆ရက်**(ယနေ့)**မွန်းလွဲ ၁နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါ သည်။ လာမည့်အပတ် ၅-၈-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“အကြမ်းဖက် PDF တွေရဲ့ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများစွာ ထိခိုက် ဆုံးရှုံးနေရ”**ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါ အစီအစဉ်ကို အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီ အတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း နှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များ ကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တြိဂံဒေသတိုင်းစစ်ဌာနချုပ်တို့တွင် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲများကျင်းပ



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၂၈

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့ ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲအမျိုးအစားအလိုက် ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုများကိုကြည့်ရှုအားပေးသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ အကောင်းဆုံးအားကစားသမားဆုရရှိကြသူများ၊ အသင်းလိုက် ဆုရရှိကြသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသော ဟိုပုံး တပ်နယ်ကိုယ်စားပြု အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ် ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ရှစ် သင်းဖြင့် ဇူလိုင် ၂၂ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်သည်။

အလားတူ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့ ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ်အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲအမျိုးအစားအလိုက် ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုများကိုကြည့်ရှုအားပေးသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ အကောင်းဆုံး အားကစားသမားဆုရရှိကြသူများ၊ အသင်းလိုက် ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသော မိုင်းတုံတပ်နယ် ကိုယ်စားပြုအသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇူလိုင် ၁၇ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# မြို့နယ်အချို့၌ လက်နက်ကိုင်အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူအချို့ သေဆုံး/ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဇူလိုင် ၂၈

မြို့နယ်အချို့၌ လက်နက်ကိုင်အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် အပြစ်မဲ့ အရပ်သားပြည်သူအချို့ သေဆုံး/ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အကြမ်းဖက်သမားများကို အမြန်ဆုံးဖမ်းဆီးဖော်ထုတ်ရမိရေး လုံခြုံရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၂၆ ရက် ည ၇ နာရီခွဲတွင် မိုးနဲမြို့နယ် ကျိုင်းတောင်းမြို့နေ မနန်းခမ်းလောဝ် (၃၅)နှစ်သည် ၎င်း၏နေအိမ်၌ရှိနေစဉ် အကြမ်းဖက်အဖွဲ့(စိစစ်ဆဲ)က အများပြည်သူထိခိုက်စေရန်ရည်ရွယ်၍ ပစ်ခတ်လိုက်သည့် လက်နက်ငယ်ကျည် လာရောက်ထိမှန်ခဲ့မှုကြောင့် ၎င်းတွင် ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။

ထို့ပြင် ဇူလိုင် ၂၇ ရက် နံနက် ၁၀ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် အောင်ချမ်းသာရွာသစ်ကျေးရွာနေ ဦးအောင်တင်ဝင်း(၅၄)နှစ်သည် ၎င်း၏နေအိမ်၌ရှိနေစဉ် PDF အမည်ခံ အကြမ်းဖက်သမားခုနစ်ဦး ရောက်ရှိလာပြီး သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်သွားခဲ့သဖြင့် ဦးအောင်တင်ဝင်းတွင် ကျည်ထိမှန်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သည်။



ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ သေနတ်ဖြင့်ပစ်ခတ်ခံရ၍ အပြစ်မဲ့ အရပ်သားပြည်သူတစ်ဦးသေဆုံးမှု မှတ်တမ်းဓာတ်ပုံ။

အလားတူ ည ၈ နာရီ ၄၅ မိနစ်တွင် ညောင်လေးပင်မြို့နယ် ဇီးကန်(အရှေ့)ကျေးရွာနေ ဦးကျော်သူရ(ခ)မျိုးသက်(ခ)ကုလား(၄၅)နှစ်သည် ၎င်း၏ဇနီးဖြစ်သူ ဒေါ်အေးအေးအောင်(၃၈)နှစ်နှင့်အတူ နေအိမ်၌ရှိနေစဉ် PDF အမည်ခံ အကြမ်းဖက်သမားနှစ်ဦးက ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်သွားခဲ့သဖြင့် ၎င်းတို့နှစ်ဦးတွင် ကျည်ထိမှန်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သည်။

အထက်ပါဖြစ်စဉ်များတွင် ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ PDF အမည်ခံ အကြမ်းဖက်သမားများကို အမြန်ဆုံးဖမ်းဆီးဖော်ထုတ်ရမိရေး လုံခြုံရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

❍ တာချီလိတ်မြို့မှ

ဦးကျော်လင်းက ပြည်နယ်ဦးစီးမှူး ဦးအောင်ဝင်းသိန်းထံ လွှဲပြောင်းပေးအပ်သည်။

ထို့ပြင် အဆောက်အအုံနှင့် ပတ်သက်သည့် အခြားသောဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီပေးခဲ့ကြသည့် အလှူရှင်များကိုလည်း ပြည်ထောင်စုဝန်ကြီးက တာဝန်ရှိသူများနှင့်အတူ ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး အဆောက်အအုံသစ်များကို ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❖ မြန်မာအသင်းမှ

ရရှိသည့်အခွင့်အရေးများကို အကောင်းဆုံးအသုံးချနိုင်ခဲ့ကာ ပွဲချိန် ခုနစ်မိနစ်တွင် ကျော်မင်းဦး၊ ပွဲချိန် ၂၈ မိနစ်တွင် သန်းပိုင်တို့က မြန်မာအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် မြန်မာအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ဖိလစ်ပိုင်အသင်းက ချေပဂိုးများအတွက် ပြန်လည်တိုက်စစ်ဆင်ဖိအားပေးကစားခဲ့ရာမှ ပွဲချိန် ၆၈ မိနစ်တွင် ဂါယိုဆိုက ဖိလစ်ပိုင်အသင်းအတွက် ချေပဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၈၁ မိနစ်တွင် ဝင်းနိုင်ထွန်း၊ ပွဲချိန် ၈၃ မိနစ်တွင် သန်းပိုင်တို့က မြန်မာအသင်းအတွက် နောက်ထပ် ဦးဆောင်ဂိုးများ ဆက်တိုက်သွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် မြန်မာအသင်းက လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို မြန်မာအသင်းမှ တိုက်စစ်ကစားသမား သန်းပိုင်က ဆွတ်ခူးနိုင်ခဲ့သည်။

မြန်မာအသင်းသည် ASEAN Hyundai Cup 2026 ပြိုင်ပွဲ အုပ်စုပထမပွဲစဉ်တွင် မလေးရှားအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ယခုပွဲစဉ်တွင် ဖိလစ်ပိုင်အသင်းကို လေးဂိုး တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ASEAN Hyundai Cup 2026 ပြိုင်ပွဲ အုပ်စုတတိယပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၄ ရက်တွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ လာအိုအသင်းနှင့် ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။ STA

■ နေရာကွက်၍မိုးကြီးနိုင်မှ

ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိတိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလား ပြည်နယ်ကမ်းခြေ ဟယ်လ်ဒီယာ (Haldia)မြို့၏ အနောက်တောင်ဘက်တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်၏ အရှိန်ကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ် ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၃၈၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကနီ ဇူလိုင် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၃၈၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၂၆၆၁ ဧက စိုက်ပျိုးရန်လျာထားပြီး မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၃၈၃၀ ထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကနီမြို့နယ်မှာ ပဲတီစိမ်းဧက ၁၂၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စောသန္တာနွယ်က ပြောပြသည်။

ကနီမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စောသန္တာနွယ်က ပြောပြသည်။ (၂၀၆)

# အိမ်မဲမြို့နယ် အုန်းတောစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**အိမ်မဲ ဇူလိုင် ၂၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ အိမ်မဲမြို့နယ် ကမန်းတောင်ကျေးရွာအုပ်စု အုန်းတောစုကျေးရွာ၌ မြစိမ်းရောင်စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောင်းမြခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်သူကိုကို၊ အိမ်မဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစတင်မျိုးလွင်နှင့် ခရိုင်၊ မြို့နယ်မှ စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အုန်းတောစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားမှုများနှင့် လအလိုက်ဖြည့်သွင်းရသည့် စာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးကျော်သူကိုကိုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အုန်းတောစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၅ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၉ ဒသမ ၈ သန်း ထုတ်ချေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မြောင်းမြခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ငယ်လေး**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးရံ့ပိဿာချိန် ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဇူလိုင် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးရံ့ပိဿာချိန် ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးရံ့များ အပါအဝင် ရေထွက်ကုန်များကို တင်ပို့ရောင်းချလျက်ရှိပြီး ပြီးခဲ့သည့် မေလက ငါးရံ့ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လတစ်လအတွင်း ငါးရံ့ပိဿာချိန် ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ဇွန်လထဲမှာ ငါးရံ့တွေ ရန်ကုန်ဈေးကွက်ထဲကို သိသိသာသာ တင်ပို့အားကောင်းခဲ့ပါတယ်။ ငါးရံ့တွေတင်ပို့ရောင်းချအားကောင်းခဲ့တာကလဲ ဒေသတွင်းမှာကို ဝယ်လိုအားကောင်းနေတာကြောင့်ဖြစ်ပါတယ်။ ဒေသထွက်ငါးရံ့တွေအပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့တာပါ။ အခုလို ငါးရံ့တွေ ဝယ်ယူအားကောင်းလာတော့ ငါးရံ့မွေးမြူရေးလုပ်ကိုင်သူတွေ၊ ရေလုပ်သားတွေနဲ့သဘာဝအတိုင်း ငါးရံ့ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာပါတယ်'' ဟု ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။



ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ငါးရံ့အကြီး ၁၀ ပိဿာလျှင် ငွေကျပ် ၃၅၅၀၀၀၊ ငါးရံ့အလတ် ၁၀ ပိဿာလျှင် ငွေကျပ် ၂၂၅၀၀၀၊ ငါးရံ့အသေး ၁၀ ပိဿာလျှင် ငွေကျပ် ၂၁၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# နတ်တလင်းမြို့နယ် ဂုဏ်တောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်တလင်း ဇူလိုင် ၂၈**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဂုဏ်တောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါကျေးလက်နေပြည်သူများလိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ဂုဏ်တောကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၆ ဦးကို ငွေကျပ် ၃၆ သန်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၁၉ ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၈ ဦးကို ငွေကျပ် ၅၅ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**

# လှိုင်လင်မြို့နယ် ကျောက်တန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**လှိုင်လင် ဇူလိုင် ၂၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) လှိုင်လင်ခရိုင်၊ လှိုင်လင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်တန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လှိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်သန့်ဇင်နှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျောက်တန်းကျေးရွာ၌ ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ငွေစာရင်းဇယားပုံစံများ စနစ်တကျ ဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါကျောက်တန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်၊ အခြား အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်သူစုစုပေါင်း အသင်းသား၊ အသင်းသူ ၄၇ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၇၄ သိန်း ထုတ်ချေးပေးထားကြောင်း လှိုင်လင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူးထံမှ သိရသည်။

**သူသူ**


ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည် -

(က) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ်(၅)ပေ၊(၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၆ ခုနှစ်၊ ဇွန်လ(၂၉)ရက်နေ့** မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၆ ခုနှစ်၊ ဩဂုတ်လ(၂၇)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၂၀)ရက်နေ့**တွင် မိမိတို့ လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည် -

(က) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ်(၅)ပေ၊(၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ (သို့မဟုတ်) ဝိပ္ပံဘာသာတွဲဖြင့်** ဖြေဆိုအောင်မြင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၆ ခုနှစ်၊ ဇွန်လ(၂၉)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၆ ခုနှစ်၊ ဩဂုတ်လ(၂၇)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသား / အမျိုးသမီး)ဗိုလ်လောင်းများခေါ်ယူခြင်း

၁။ လျှောက်ထားသူသည် -

(က) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို/အပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ်(၅)ပေ၊(၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်သူများလည်း လျှောက်ထားနိုင်သည်။)

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၆ ခုနှစ်၊ ဇွန်လ(၂၉)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၆ ခုနှစ်၊ ဩဂုတ်လ(၂၇)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ နှင့် ဓာတုဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၁၈)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**




## မိခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ဆည်ရွာကျေးရွာအထက၊ Grade-9 တွင် ပညာသင်ကြားနေသော မအေးမြတ်မွန်ထွန်း၏ မိခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဒေါ်မြကေသီ** ဖြစ်ပါကြောင်း။ **ဒေါ်မြကေသီ(၉/စကတ(နိုင်)၀၈၇၄၁၃)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ အထကဆည်ရွာတွင် ပညာသင်ကြားနေသော Grade-6 မှ မောင်ဉာဏ်ဟိန်းနှင့် Grade-12 မှ မအိမွန်ဇော်တို့၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးမောင်တင်နှင့် ဦးတင်**မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်တင်နှင့် ဦးတင်(၉/မတရ(နိုင်)၁၀၉၈၀၃)**

## ဖခင်အမည်မှန်

တံတားဦးမြို့နယ်၊ အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း စက်မှု၊ Grade-10 တွင် ပညာသင်ကြားနေသော မောင်ကောင်းလင်းမြတ်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးမျိုးမင်းသန်း** ဖြစ်ပါကြောင်း။

**ဦးမျိုးမင်းသန်း(၉/တတဥ(နိုင်)၀၉၈၅၄၄)**

## အမည်ပြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့၊ ကမာမြိုင်ရပ်ကွက်နေ ဦးအောင်ကျော်မျိုး၏သမီး အမက(၁)ချောင်းဦး၊ Grade-5 တွင် ပညာသင်ကြားနေသော မဆုလဲ့ရည်မွန်အား **မဆုရွှေစင်**ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မဆုရွှေစင်**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ 64(B)၊ 104၊ 105 ကြားနေ ကျော်သက်နိုင် (ဘ) ဦးဝင်းနိုင်(၁၃/လရန(နိုင်)၁၈၇၇၃၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-409274477**

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ရန်ကုန်မြို့၊ မှော်ဘီမြို့နယ်နေ Grade-9 ဖြေဆိုမည့် (ဘ) ဦးအောင်ကျော်မိုး၏သား မောင်ကျော်ပီဟိန်း၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မောင်ကျော်ကျော်ဟိန်း** ဖြစ်ပါကြောင်း။ ၎င်း၏ မွေးသက္ကရာဇ်အမှန်မှာ ၂၁-၅-၂၀၀၇ ဖြစ်ပါကြောင်း။

**မောင်ကျော်ကျော်ဟိန်း၊ ၂၁-၅-၂၀၀၇**

## မွေးသက္ကရာဇ်အမှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အထက(၂၄)လခွဲ ကျောင်း၊ Grade-5 မှ (ဘ) ဦးမောင်မောင်မြင့်(၉/ပကခ(နိုင်)၁၈၂၈၈၉)၏သမီး မချယ်ရီမြင့်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၇-၁၁-၂၀၁၄ ဖြစ်ပါကြောင်း။

**မချယ်ရီမြင့်၊ ၁၇-၁၁-၂၀၁၄**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်နေ မောင်အောင်လွင်မိုး (ဘ) ဦးတွတ်(၉/အမဇ(နိုင်)၀၅၂၈၀၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(MK-382864)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-694620952**

## မီးလောင်နေစဉ်တွင်ရှောင်ရှားသင့်သည့် အချက်များ။

၁။ မီးလောင်နေသော အဆောက်အအုံ အတွင်းသို့ ပြန်လည် ဝင်ရောက်ခြင်း မပြုရ။



“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျသုဒ္ဓာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား ဒီဇယ်စက်ခေါင်းရုံ(မလွှကုန်း)သို့ သွားရောက်ကြည့်ရှုစစ်ဆေး

စာမျက်နှာ - ၁၆

## ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့၏ (၁/၂၀၂၆)ကြိမ်မြောက် စုံညီအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့၏ (၁/၂၀၂၆)ကြိမ်မြောက် စုံညီအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

နေပြည်တော် ဇူလိုင် ၂၈

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့၏ (၁/၂၀၂၆)ကြိမ်မြောက် စုံညီအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်

စာမျက်နှာ ၂၀ ကော်လံ ၁ ☆

## တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကျင်းပ

စာမျက်နှာ - ၂၁

## တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၁ ရက်မြောက်နေ့ကျင်းပ

စာမျက်နှာ - ၂၂

## မုန်တိုင်းငယ် တဖြည်းဖြည်း အားလျော့သွားမည်

နေပြည်တော် ဇူလိုင် ၂၈

ယနေ့နံနက် ၁၀ နာရီခွဲအချိန်တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် ဟယ်လ်ဒီယာမြို့၏ အနောက်ဘက်နှင့် ဒစ်ဂါမြို့၏ အရှေ့ဘက်ကမ်းခြေဒေသတို့အကြားမှ ဖြတ်ကျော်ခဲ့သော မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဩရိဿပြည်နယ်မြောက်ပိုင်းသို့ ရောက်ရှိခဲ့သည်။ အဆိုပါ မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်း ဂျက်ခမ်းပြည်နယ်တောင်ပိုင်းနှင့် ချက်တစ်ဂတ်ပြည်နယ်မြောက်ပိုင်းတို့ကို ဆက်လက်ဖြတ်ကျော်နိုင်ကာ တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)

## တာချီလိတ်မြို့၌ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (BP/TBP) ထုတ်ပေးရေးလုပ်ငန်းအဆောက်အအုံသစ် ဖွင့်လှစ်

နေပြည်တော် ဇူလိုင် ၂၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တာချီလိတ်ခရိုင်ဦးစီးမှူးရုံးနှင့် နယ်စပ်ဖြတ်သန်းခွင့်လက်မှတ်(BP/TBP)ထုတ်ပေးရေးလုပ်ငန်းအဆောက်အအုံသစ်ကို နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ ကာလ ဆောင်ရွက်မှုအဖြစ် ယနေ့ ဖွင့်လှစ်သည်။

ဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီက တာချီလိတ်မြို့ မြန်မာ-ထိုင်း အမှတ်(၁)ချစ်ကြည်ရေးတံတားအနီးရှိ အဆိုပါအဆောက်အအုံရှေ့၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါဖွင့်ပွဲတွင် တာချီလိတ်ခရိုင်ဦးစီးမှူးရုံးနှင့် နယ်စပ်ဖြတ်သန်းခွင့်လက်မှတ်(BP/TBP) ထုတ်ပေးရေးလုပ်ငန်းအဆောက်အအုံ တည်ဆောက်ပြီးစီးမှုမှတ်တမ်းကို United Home Builder ကုမ္ပဏီလီမိတက်တာဝန်ခံ

စာမျက်နှာ ၂၆ ကော်လံ ၁ ❍



## ဖောင်ပိတ်သတင်း

## ယူကရိန်း၌ Patriot ဒုံးကျည်များ ထုတ်လုပ်နိုင်ရေး အမေရိကန်နှင့်သဘောတူညီနိုင်းမှုအဆင်ပြေဟု သမ္မတ ဇီလန်စကီး ပြောကြား

ဝါရှင်တန် ဇူလိုင် ၂၉

ယူကရိန်းသမ္မတ ဗိုလိုဒီမီးယား ဇီလန်စကီးသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် အိမ်ဖြူတော်၌ တွေ့ဆုံဆွေးနွေးခဲ့ပြီး ပက်ထရီယော့တ် (Patriot) လေကြောင်းကာကွယ်ရေးဒုံးကျည်စနစ်များ ပူးတွဲထုတ်လုပ်ရေး

စာမျက်နှာ ၂၅ ကော်လံ ၁ ❋



## ASEAN Hyundai Cup 2026 ပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်တွင် မြန်မာအသင်းက ဖိလစ်ပိုင်အသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိ

ရန်ကုန် ဇူလိုင် ၂၈

ASEAN Hyundai Cup 2026 ပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်အဖြစ် ယနေ့ညနေ ၄ နာရီခွဲက ဖိလစ်ပိုင်နိုင်ငံ နယူးကလက်စီးတီးတွင် ဖိလစ်ပိုင်အသင်းနှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအသင်းက လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံးအပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး မြန်မာအသင်းက

စာမျက်နှာ ၂၆ ကော်လံ ၃ ❖

